ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်၊ အင်္ဂါနေ့၊ (21-7-2015) (၈၂၆၈)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘယ်လ်ဂျီယံနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဇူလိုင် ၂၀**

၂၀၁၅ ခုနှစ် ဇူလိုင် ၂၁ ရက်တွင်ကျရောက်သော ဘယ်လ်ဂျီယံနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘယ်လ်ဂျီယံနိုင်ငံ ဘုရင်မင်းမြတ် ဖီလစ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၁ ရက်တွင်ကျရောက်သော ဘယ်လ်ဂျီယံနိုင်ငံ၏ အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘယ်လ်ဂျီယံနိုင်ငံ ဝန်ကြီးချုပ် မစ်ချယ် ချားလ်မီရှဲထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး ဆည်များကို ခိုင်ခံ့မှုအပြည့်အဝရရှိရန်အတွက် စနစ်တကျစီမံဆောင်ရွက်ကြရန် မှာကြား

**နေပြည်တော် ဇူလိုင် ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဝန်ကြီးများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားသည့်အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးရန် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် တံတားဦးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မင်းမြင် ရေလျှောင်တမံ၌ တပ်မတော်သားများ လုပ်အားပေးနေမှုကို အားပေးစကား ပြောကြားစဉ်။ *(မြဝတီ)*

"ဆည်ကြို့ခိုင်မှုကို အမြဲမပြတ် စစ်ဆေးရန်၊ ရေကောင်းချထားရန်၊ နှစ်စဉ် ဆည်အတွင်း သဲနုန်းပို့မှုကို တွက်ချက်ပြီး စိုးရိမ်ရေအမှတ်ကို ပြန်လည်စစ်ဆေးသွားရန်၊ ဆည်ရေကို အကျိုးရှိစွာ အသုံးချနိုင်ရေး စီမံဆောင်ရွက်"




အတွေးအမြင်

**ကြေးမုံစာတည်းရှုထောင့် ၂၁-၇-၂၀၁၅၊ အင်္ဂါနေ့**

# ထိန်းကျောင်းမှုစွမ်းရည် မြှင့်တင်

အနောက်နိုင်ငံများမှ ကောင်းဘွိုင်ရုပ်ရှင်ဇာတ်ကားများကို ကြည့်ဖူးကြပေလိမ့်မည်။ စကြာတံဆိပ်တပ် သားရေဖိနပ်ရှည်ကိုစီးပြီး သေနတ်နှစ်လက်ခါးကြားထိုး၍ လည်ဆံရှည်မြင်းကို အသော့စီးကာ စွမ်းရည်အမျိုးမျိုးပြကြသည့် ဇာတ်လိုက်များဖြစ်သည်။ တစ်ယောက်နှင့် တစ်ယောက် ပစ်ကြ၊ ခတ်ကြနှင့် လက်စွမ်းပြကြသော နွားကျောင်းသားများကို ကောင်းဘွိုင်ဟုဆိုကြသည်။

အနောက်တိုင်း နွားကျောင်းသားကောင်းဘွိုင်များမှာ မိမိတို့နိုင်ငံမှ နွားကျောင်းသားကောင်းဘွိုင်များနှင့် အသွင်သဏ္ဌာန်နှင့် စွမ်းရည်ကွာခြားသည်။ မြန်မာနွားကျောင်းသားများမှာ နှင်တံကိုကိုင်၊ ပုလွေကိုခါးကြားထိုးပြီး ကိုယ်ပိုင်သေနတ် လောက်လေးခွကိုကိုင်ကာ ခမောက်လေးကို ဆောင်းထားကြ၍ အနောက်တိုင်းမှ နွားကျောင်းသားများနှင့် ကွာခြားသည်။

စားကျက်မြေ၌ မိမိတို့နွားများ အစာစားချိန်တွင် အချို့နွားကျောင်းသားလေးများမှာ သစ်ပင်ရိပ်၊ သစ်ပင်ခွတွင် ဝါးပုလွေဖြင့် တေးသီကျူးရင့်နေတတ်သည်။ အနောက်တိုင်းမှ နွားကျောင်းသားများက သေနတ်တကားကားနှင့်ရှိနေချိန်တွင် မြန်မာနွားကျောင်းသားတို့က ဝါးပုလွေလေးဖြင့် ငြိမ်းချမ်းရေးတေးသံသာ ရနေကြသည်မှာ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာဖြစ်သည်။

ကျေးလက်ဒေသမှ နွားကျောင်းသားခေတ်ရှိနေသေးသလို မြို့ပြရပ်ဝန်းတွင်လည်း နွားကျောင်းသားမဟုတ်သည့် ကောင်းဘွိုင်များ ခေတ်စားခဲ့သည်။ အနောက်တိုင်းကောင်းဘွိုင်များလို သေနတ်မကိုင်၊ သံကြိုးဖွေးဖွေးလေးများကို အလှမွေး ခွေးလေးများတွင်ဆွဲကာ သွားလာကြသူများမှာ မြို့ပေါ်မှ ခွေးကျောင်းသား ကောင်းဘွိုင်များဟု တင်စားချင်ပါသည်။

တစ်ဖန် ရုပ်ရှင်ပိတ်ကားပေါ်တွင် ကျွဲကျောင်းသားလေးကိုလည်း မကြာမီက မြင်တွေ့လိုက်ရသည်။ ကျေးလက်ဒေသမှ ကျွဲကျောင်းသား၊ နွားကျောင်းသားအများစုသည် အသက် ၁၀ နှစ်ဝန်းကျင် ကလေးငယ်များဖြစ်သည်။ မိဘများလယ်ယာလုပ်ငန်းခွင်တွင် မအားလပ်ချိန်၊ ပင်ပန်းနေချိန်တွင် သားသမီးများက မိဘများအားကူညီသည့်အနေဖြင့် ကျွဲ၊ နွား ကျောင်းပေးကြသည်မှာ နှစ်လိုဖွယ်ဖြစ်သည်။

ရွာကျောင်းတွင် အခြေခံပညာသင်ယူပြီးသည်နှင့် လယ်ယာလုပ်ငန်းခွင်မှ ကျွဲ၊ နွားများကို ထိန်းကျောင်းပေးလေ့ရှိသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်ဒေသနေပြည်သူများ၏ သားငယ်လေးများအနက် အများစုသောကလေးငယ်များ၏ ပုံမှန်အလုပ်ဖြစ်သည်။ ယောကျ်ားကလေးငယ်များမှာ ကျွဲကျောင်း၊ နွားကျောင်း၊ မိန်းကလေးငယ်များမှာ ပျိုးနုတ်၊ ကောက်စိုက်ကြသည်မှာ ချစ်စဖွယ် မြန်မာ့ဓလေ့စရိုက်ဖြစ်သည်။ ၎င်းတို့အတွက် တန်ဖိုးရှိသောဘဝများဟု ဆိုနိုင်ပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် မိဘများကိုကူညီသည်မှာ မှန်မြတ်ပါသည်။ သို့သော် အဆိုပါကလေးငယ်များ၏ ပညာဆက်လက်သင်ကြားရေးကို တစ်နည်းတစ်ဖုံ ထည့်သွင်းစဉ်းစားပေးနိုင်မည်ဆိုလျှင် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ရန် ဆောင်ရွက်နေသော စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်မှုတွင် အထောက်အကူပြုနိုင်ပါသည်။

အနောက်တိုင်းမှ နွားကျောင်းသား သေနတ်ကိုင်သူများကို တရားဥပဒေနှင့် ထိန်းကျောင်းသွားသည်။ မြန်မာနိုင်ငံမှ ကျွဲ၊ နွားကျောင်းသားလေးများကို စိုက်ပျိုးရေးနည်းပညာဖြင့် ထိန်းကျောင်းပေးသွားလျှင် ထိုကလေးငယ်များဘဝနှင့် ကျေးလက်၏အနာဂတ် ပိုမိုတောက်ပြောင်လာမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေး အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများကို ကျေးလက်တွင် ဖြန့်ကြက်ဖွင့်လှစ်နိုင်မည်ဆိုပါလျှင် ပညာတစ်ခန်းရပ် ကျွဲ၊ နွားကျောင်းသားလေးများအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်မည်။

ကျေးလက်စိုက်ပျိုးမွေးမြူရေးပညာကဏ္ဍကို မြှင့်တင်ပေးနိုင်လျှင် ပညာတစ်ပိုင်းတစ်စနှင့် မိဘကိုကူညီနေသော မျိုးဆက်သစ်ကလေးငယ်များသည် စွမ်းရည်မြင့်မားသည့် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းသားလေးများဖြစ်လာကာ အနာဂတ်ဖွံ့ဖြိုးမှုအတွက် အားထားဖွယ်ဖြစ်လာမည်မှာ သေချာပါသည်။ ။



# (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား လွိုင်လင်၌ ကျင်းပ

**လွိုင်လင် ဇူလိုင် ၂၀**

(၆၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အရုဏ်ဆွမ်းဆက်ကပ်ခြင်း အခမ်းအနားကို ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ရှိ ရတနာစည်ကျောင်းတိုက်(စာသင်တိုက်)၌ ဇူလိုင် ၁၉ ရက် နံနက်ပိုင်းတွင်ကျင်းပရာ မြို့ပေါ်ရှိ သံဃာတော်ကိုးပါးနှင့် ကျောင်းတိုက်ရှိ သံဃာတော်များအား ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများက အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ရေစက်သွန်းချ အမျှဝေခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းနောက် နံနက် ၁၀ နာရီတွင် ခရိုင်အားကစားကွင်း၌ (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေများချကာ အလေးပြုခဲ့ကြပြီး နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ် ငြိမ်သက်ခြင်း၊ ဥသြဆွဲခြင်း၊ နိုင်ငံတော်အလံအားတိုင်တစ်ဝက်လွှင့်ထူခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ)**

**ဝင်းမင်းသန်း(IPRD)**

# ဆရာကြီး ဒေါက်တာဦးသန်းဦးအား ဂုဏ်ပြုမည်

**ရန်ကုန် ဇူလိုင် ၂၀**

၁၉၆၄-၈၄ ခုနှစ် တက္ကသိုလ်၊ ကောလိပ် သိပ္ပံကျောင်းပေါင်းစုံ 'အ'သုံးလုံး အဖွဲ့ဝင်ဟောင်းများ ဦးစီးသော စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့နှင့် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတို့က ကြီးမှူး၍ မြန်မာနိုင်ငံ စာတတ်မြောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူးဟောင်း၊ နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးနာယက အဖွဲ့ဝင်(၁) ဆရာကြီး ဒေါက်တာ ဦးသန်းဦးအား ရန်ကုန်တက္ကသိုလ်က ချီးမြှင့်သော ဂုဏ်ထူးဆောင်စာပေ ပါရဂူဘွဲ့ Doctor of Letters (Honoris Causa)ရရှိခြင်းကြောင့် လည်းကောင်း၊ အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီတက္ကသိုလ်က ချီးမြှင့်သော လူမှုအကျိုးပြု ဂုဏ်ထူးဆောင် အမြင့်ဆုံးပါရဂူဘွဲ့ ရရှိခြင်းကြောင့်လည်းကောင်း ချီးကျူးဂုဏ်ပြုပွဲကို ဇူလိုင် ၂၄ ရက်တွင် ရန်ကုန်တက္ကသိုလ် တောင်ဝှေဆောင် မြေညီထပ်ရှိ မြန်မာစာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**



# သမဝါယမအမှုထမ်းများ အဆင့်မြှင့်သင်တန်းဖွင့်

**မော်လမြိုင် ဇူလိုင် ၂၀**

မွန်ပြည်နယ် မော်လမြိုင်မြို့ သမဝါယမ သင်တန်းကျောင်းခန်းမ၌ သမဝါယမအမှုထမ်းများ အဆင့်မြှင့်သင်တန်း (၂/၂၀၁၅-၂၀၁၆)ဖွင့်ပွဲကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ကျင်းပရာ မွန်ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သမဝါယမလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် စုစုပေါင်း ဘာသာရပ် ရှစ်ခု သင်ကြားမည်ဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ သမဝါယမဦးစီးဌာန အသီးသီးမှ ဌာနခွဲစာရေးအဆင့် ဝန်ထမ်း ၄၀ တက်ရောက်ကြကာ သင်တန်းကာလမှာ ၁၄ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၂၀**

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၂၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**၁၃-၇-၂၀၁၅ ရက်နေ့မှ ၁၆-၇-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၉၇ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၆၀၆ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၄၅၅၀၀ - ၇၄၅၅၀၀ | |
| မန္တလေး | ရွှေဈေး | ၇၄၅၅၀၀ - ၇၄၅၅၀၀ | |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၃၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၃၂. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၉၈. ၀၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅. ၉၂၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၂၃. ၁၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၃၇၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၉၀. ၈၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၆. ၉၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၉၀၆. ၇၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၉၈. ၃၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**


• ပဲခူးမြို့ခံ နှစ်သိန်းကျော် သုံးစွဲနေတဲ့ ကန်တော်ကြီးရေ အန္တရာယ်ရှိနေ
• ပုဂ္ဂလိကဆေးရုံတွေမှာ ကြုံတွေ့ရတဲ့ အလွဲတချို့
• ရန်ကုန်မြို့သစ်စီမံကိန်း ဒေသခံတွေ စိုးရိမ်နေ
• ကင်ဆာကို အန်တုနေရတဲ့ လမ်းကင်းသမားကြီးရဲ့ဘဝ

ဂျာနယ်
အတွဲ(၅)၊ အမှတ်(၁၂)
၂၁-၇-၂၀၁၅ အင်္ဂါနေ့ ထွက်ပြီ

ဇူလိုင်(၂၉)ရက်နေ့ထွက်မည်။
(ကြိုတင်လက်မှတ်ရောင်းပြီ)
ဓိနဝင်း
နှင့်
ရောင်းရင်းများ
ဝါဆို
▲ မှပွဲ။ ပုဂံညောင်ဦး(ရွှေစည်းခုံ)
▲ မှပွဲ။ ပုဂံ(ရွှေစည်းခုံ) မန္တလေး၊ ပြင်ဦးလွင်
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
၂၂၉၊ ပန်းဆိုးတန်း(အပေါ်လမ်း)။ ဖုန်း-01-249871,255553,095137245,5122511





# ရန်ကုန်အရှေ့ပိုင်းနှင့် အနောက်ပိုင်းခရိုင်တရားရုံး အဆောက်အအုံသစ်များဖွင့်

**ရန်ကုန်     ဇူလိုင်   ၂၀**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးအဆောက်အအုံသစ်များ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအဆောက်အအုံသစ်များရှေ့၌ ကျင်းပသည်။

ရွှေဦးစွာ ဒေါပုံမြို့နယ် မင်းနန္ဒာလမ်းရှိ အရှေ့ပိုင်းခရိုင် တရားရုံးအဆောက်အအုံသစ်ဖွင့်ပွဲကို နံနက် ၉ နာရီတွင်လည်းကောင်း၊ လမ်းမတော်မြို့နယ် ခရေပင်လမ်းရှိ အနောက်ပိုင်းခရိုင်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေနှင့် ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်တို့က ခရိုင်တရားရုံး အဆောက်အအုံသစ်များအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အဆောက်အအုံသစ်ဆိုင်းဘုတ်နှင့် မင်္ဂလာကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ ခရိုင်တရားရုံးအဆောက်အအုံသစ်များကို တရားရုံးများ ဂုဏ်သိက္ခာမြှင့်တင်ရေး၊ တရားရုံးအင်္ဂါရပ်နှင့်အညီ နိုင်ငံတကာအဆင့်မီ အဆောက်အအုံများ တည်ဆောက်ရေးဟူသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်ပါမူများနှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနက ရေးဆွဲပေးသည့် ခေတ်မီငါးထပ်အာစီ အဆောက်အအုံပုံစံအတိုင်း စံချိန်စံညွှန်းမီစွာ တည်ဆောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ❖ ကျောဖုံးမှ

ပို့ဆောင်ပေးနိုင်ခဲ့ကာ လုပ်ခလစာ ပြန်လည်ရရှိရေးအတွက်လည်း အင်ဒိုနီးရှားနိုင်ငံ အလုပ်သမားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

အလားတူ အိန္ဒိယနိုင်ငံ ရေပိုင်နက်အတွင်း ရောက်ရှိခဲ့သော မြန်မာနိုင်ငံမှ ရေလုပ်သားများအား အိန္ဒိယကမ်းခြေစောင့် တပ်ဖွဲ့က ဖမ်းဆီး၍ အိန္ဒိယနိုင်ငံ၏ ဥပဒေအရ ပို့ဘလဲယား အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံခဲ့ရပြီး ပြန်လည်လွှတ်မြောက် လာသူများအား နိုင်ငံတော် အစီအစဉ်ဖြင့် လေကြောင်းမှ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် ၁၄၂ ဦး၊ ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ၁၂၃ ဦး၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီတွင် ၄၁၁ ဦးကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီး ဖြစ်သည်။

ထို့အပြင် ယခုနှစ်အတွင်း ပြစ်ဒဏ်ပြီးဆုံး၍ Adaman & Nicobar Island ရှိ ပို့ဘလဲယား အကျဉ်းထောင်မှ လွတ်မြောက်ခဲ့သော်လည်း ၎င်းအကျဉ်းထောင်အပြင်ဘက်ရှိ စခန်းများတွင် ထိန်းသိမ်းထားရှိသော မြန်မာရေလုပ်သားများအား Adaman & Nicobar Island နှင့် အနီးဆုံး မြန်မာနိုင်ငံပိုင် ကိုကိုးကျွန်းသို့ ရေလမ်းကြောင်းမှ ပို့ဆောင်ပေးနိုင်ရန် နယူးဒေလီရှိ မြန်မာသံရုံးအနေဖြင့် အိန္ဒိယ ပြည်ပရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မြန်မာဘက်မှ အဆိုကို အိန္ဒိယဘက်မှ သဘောတူသည့်အတွက် မြန်မာရေလုပ်သားများကို အိန္ဒိယကမ်းခြေစောင့် သင်္ဘောများဖြင့် ကိုကိုးကျွန်းသို့ ပို့ဆောင်ပေးမည်ဖြစ်ပြီး နှစ်ဖက်ညှိနှိုင်း၍ မုတ်သုံရာသီအပြီး နိုဝင်ဘာလမှ မတ်လအတွင်းတွင် စတင်စီစဉ်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာရေလုပ်သားများသည် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံနယ်စပ်ရေပိုင်နက်အနီးတွင် လေမုန်တိုင်းမိခြင်း၊ စက်လှေပျက်ခြင်းနှင့် ရေပိုင်နက်များယွင်း၍ တရားမဝင် ဝင်ရောက်မိခြင်းစသည့် အကြောင်းအမျိုးမျိုးကြောင့် အိန္ဒိယနိုင်ငံ ရေပိုင်နက်အတွင်းသို့ ရောက်ရှိသွားခဲ့သဖြင့် အိန္ဒိယ ကမ်းခြေစောင့်တပ်ဖွဲ့က ဖမ်းဆီးပြီး အိန္ဒိယနိုင်ငံ၏ ဥပဒေအရ တရားစီရင်၍ Adaman & Nicobar Island ရှိပို့ဘလဲယားအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူများ ဖြစ်သည်။

မြန်မာရေလုပ်သားများ စာရင်းကို Adaman & Nicobar Island အုပ်ချုပ်ရေးအဖွဲ့က အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနမှတစ်ဆင့် မြန်မာသံရုံးသို့ အကြောင်းကြားလာမှုအပေါ် မြန်မာသံရုံးမှ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဆက်လက် တင်ပြပြီးနောက် နယူးဒေလီမြို့ မြန်မာသံရုံးမှ သံရုံးကိုယ်စားလှယ်တစ်ဦး၊ ကိုလ်ကတ္တားမြို့ ကောင်စစ်ဝန်ချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦးတို့သည် စခန်းများသို့ သွားရောက်၍ Bio Data များ ကောက်ယူခြင်း၊ Certificate of Identity (C of I) ပြင်ဆင်ပေးခြင်းနှင့် မြန်မာနိုင်ငံသားဖြစ်ကြောင်း အတည်ပြုခြင်းများ ဆောင်ရွက်ကြမည်ဖြစ် ကြောင်းသိရသည်။

**(သတင်းစဉ်)**

## ✳ ရေကြီးရေလျှံမှ

ခရီးသည်(၃၄၉)ဦးတို့အား ကောလင်းဘူတာတွင် ခေတ္တနေရာချထားပြီး အစားအစာများ ထောက်ပံ့ကျွေးမွေးခြင်း၊ ဆေးဝါးကုသပေးခြင်းတို့ကို မြန်မာ့မီးရထားမှတာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ NGO အဖွဲ့များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။ **(ယာပုံ)**

မဲဇာဘူတာနှင့် ကိုးထောင်ဘို့ ဘူတာရှိ ရထားစီးခရီးသည်များအတွက်လည်း မြန်မာ့မီးရထားနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ အစားအစာထောက်ပံ့ခြင်း၊ ဆေးဝါးကုသပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ယနေ့ မွန်းတည့် ၁၂ နာရီတွင် မန္တလေး-မြစ်ကြီးနားကားလမ်း အသုံးပြုနိုင်ပြီဖြစ်၍ ခရီးသည်အချို့မှာ လိုရာခရီးသို့ ဆက်လက်ထွက်ခွာလျက်ရှိရာ မဲဇာဘူတာတွင် ခရီးသည် ၃၅၀ နှင့် ကောလင်းဘူတာတွင် ၁၉၄ ဦးသာ ကျန်ရှိပြီး ယင်းခရီးသည်များ ခရီးသွားလာရေး အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာ တာဝန်ရှိသူများဖြင့် ညှိနှိုင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် ရေကြီးရေလျှံမှုကြောင့် ဖြစ်ပေါ်လာသော သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခက်အခဲများကို အဆင့်ဆင့်တာဝန်ယူ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ရထားလမ်း အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပြီး ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘယ်လ်ဂျီယံနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော်     ဇူလိုင်     ၂၁**

၂၀၁၅ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ကျရောက်သော ဘယ်လ်ဂျီယံနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး၊ နိုင်ငံခြားကုန်သွယ်ရေးနှင့် ဥရောပရေးရာဝန်ကြီး မစ္စတာဒီဒီယာရန်ဒါးစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာစာချုပ် စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုး

**နေပြည်တော်   ဇူလိုင်   ၂၀**

မြန်မာနိုင်ငံသည် လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာအဓိကစာချုပ်တစ်ခုဖြစ်သည့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ် (International Covenant on Education, Social and Cultural Rights-ICESCR) သို့ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ဇူလိုင် ၁၆ ရက်တွင် ကနဦးပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

ယင်းလက်မှတ်ရေးထိုးပွဲအခမ်းအနားကို နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်ရှိ ဥပဒေရေးရာရုံး၌ ပြုလုပ်ခဲ့ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်တင်က ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

ဇူလိုင် ၂၀ ရက်စွဲပါ ကုလသမဂ္ဂစာရင်းများအရ အဆိုပါအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်အား နိုင်ငံပေါင်း ၁၆၄ နိုင်ငံက အတည်ပြုထားပြီးဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါစာချုပ်သို့ ကနဦး ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်ရာ စာချုပ်ပါပြဋ္ဌာန်းချက်များကို အမျိုးသားအကျိုးစီးပွားနှင့်အညီ အကောင်အထည်ဖော်ရန် လိုအပ်မည့် ပြည်တွင်းလုပ်ငန်းစဉ်များကို လုပ်ဆောင်လျက် စာချုပ်တွင်အတည်ပြုပါဝင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝက်လက်မြို့နယ် ကျေးရွာ ၁၃ ရွာတွင် ရေကြီးရေလျှံမှုဖြစ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

**ဝက်လက်     ဇူလိုင်     ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ဇူလိုင် ၂၀ရက်တွင် ဝက်လက်မြို့အနောက်ဘက်ရှိ မူးမြစ်ရေမြင့်တက်လာပြီး မြစ်ကမ်းဘေးတစ်လျှောက်ရှိ သမရိုး၊ တည်တော၊ မူးကမ်းလေး၊ နဘဲလှ၊ ရွှေအိုးရ၊ မြင်းသည်၊ မင်းကန်၊ သရက်ချို၊ ကျောက်ကုန်း၊ စွယ်ကွေ့၊ ဥယျာဉ်သာ၊ မူးကြီး၊ ရွှေပန်းကုန်းစသည့် ကျေးရွာ ၁၃ ရွာရှိ အိမ်ခြေ ၁၅၄၇ လုံးသို့ မြစ်ရေဝင်ရောက်ခဲ့ရာ ဝက်လက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရေဘေးကြိုတင်ကာကွယ်ရေးနှင့်ကယ်ဆယ်နေရာချထားရေးအဖွဲ့များ ဖွဲ့စည်းပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# မုံရွာခရိုင် အရာတော်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ မူးမြစ်ရေများ ဝင်ရောက်

**မုံရွာ     ဇူလိုင်     ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မုံရွာခရိုင် အရာတော်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ဇူလိုင် ၁၉ ရက် ည ၁၁ နာရီအချိန်ခန့်မှစတင်ပြီး မူးမြစ်ရေမြင့်တက်လာပြီး ရေများဝင်ရောက်လာကြောင်းသိရှိရသည်။

အဆိုပါ မူးမြစ်ရေများသည် ခင်သာ ကျေးရွာအုပ်စု၊ အောင်စည်ကျေးရွာ၊ ရှောက်ခါးကျေးရွာ၊ အောင်သာကျေးရွာအုပ်စု၊ အောင်သာကျေးရွာ၊ ဝက်ခဲကျေးရွာအုပ်စု၊ ဝက်ခဲကျေးရွာ၊ ကြွေပုဂံကျေးရွာ၊ သလဲဘာကျေးရွာအုပ်စု၊ သလဲဘာကျေးရွာ၊ စပါးတွင်းကျေးရွာ၊ ဆင်တလည်ကျေးရွာအုပ်စု၊ ဆင်တလည်ကျေးရွာ၊ ဇရစ်ကျေးရွာအုပ်စု၊ ကုတို့ကိုင်းကျေးရွာ၊ ဒုံဒစ်ကျေးရွာအုပ်စု၊ ပေါက်ပင်ဆိပ်ကျေးရွာများသို့ ဝင်ရောက်ခဲ့သည်။

မူးမြစ်ရေသည် ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီတွင် စိုးရိမ်ရေအမှတ် ၂၄ ပေ ရောက်ရှိနေသောကြောင့် မော်တော်ယာဉ်များ သွားလာရာ မူးမြစ်ကူးတံတား (သမရိုးတံတား)အား ဖြတ်သန်းခွင့်မရှိရေး ခရိုင်နှင့်မြို့နယ် စီမံခန့်ခွဲရေး ဌာနဆိုင်ရာများ၊ စခတ(၁၀)လေ့ကျင့်ရေးတပ်သားများ၊ မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့တို့နှင့်ကျေးရွာပြည်သူတို့ပူးပေါင်း၍ ရေဝင်သည့်ကျေးရွာအိမ်ခြေများနှင့် ရေကျော်နေသည့် လမ်းပိုင်းတို့အား အန္တရာယ်မရှိစေရေး စီမံစောင့်ကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(ခရိုင်ပြန်/ဆက်)**

# ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ အစည်းအဝေး ကျင်းပ



**ရန်ကုန် ဇူလိုင် ၂၀**

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ (၂၂)ကြိမ်မြောက် အစည်းအဝေးကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ဝင်းအတွင်းရှိ သမဝါယမ တန်ဆောင်း အစည်းအဝေးခန်းမ၌ ယနေ့ကျင်းပသည်။

အစည်းအဝေးသို့ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ ကုသလ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် အတွင်းရေးမှူးဆရာတော်များ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ သာသနာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ ကုသလ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က သဘာပတိအဖြစ်ဆောင်ရွက်၍ အဖွင့်သြဝါဒကထာမြွက်ကြားသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး**(အပေါ်ယာပုံ)**က လျှောက်ထားရာတွင် အမျိုးသားပညာရေးဥပဒေပေါ်ပေါက်လာပြီး ဆက်လက်၍ ဆက်စပ်ဥပဒေဖြစ်သည့် အခြေခံပညာရေးဥပဒေ ရေးဆွဲလျက်ရှိသည့်အတွက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအနေဖြင့်လည်း ဥပဒေများနှင့်အညီ လိုအပ်သည်များ ပြင်ဆင်ထားရန် လိုအပ်ပါကြောင်း၊ ဖြစ်ပေါ်လာမည့် အခြေခံပညာရေးဥပဒေနှင့်အညီ သင်ကြားပေးရန် လိုအပ်လာမည်ဖြစ်ပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ သင်ကြားရေးဆရာ ဆရာမများကိုလည်း သင်ရိုးညွှန်းတမ်းသစ်များကို ကျွမ်းကျင်စွာ သင်ကြားပို့ချနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများ အရည်အသွေးမြှင့်တင်ရေးသင်တန်းများ ခေါ်ယူပို့ချပေးမည်ဖြစ်ပါကြောင်း။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ နဝမတန်းနှင့် ဒသမတန်း ကျောင်းသား ကျောင်းသူများအတွက် ပြင်ပဖြေဆိုနိုင်ရန် ပညာရေးဝန်ကြီးဌာနကလည်း စီစဉ်ဆောင်ရွက်ပေးနေပါကြောင်း၊ ထို့အပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအနီးတွင် လိုအပ်ချက်ရှိပါက အခြေခံပညာအထက်တန်းကျောင်းသစ်များ ဖွင့်လှစ်ပေးနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနက စီမံဆောင်ရွက်နေပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် စာသင်ကျောင်းများ၌ရှိရမည့် အဂ်ါရပ်များနှင့်လည်း ပြည့်စုံညီညွတ်မှုရှိစေရန် ဆရာတော်များဘက်က ကြိုးပမ်းဖြည့်ဆည်းပေးစေလိုပါကြောင်း။

သာသနာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ခွင့်ပြုရန်ပုံငွေမှ ကျပ်သိန်းပေါင်း ၃၀၀၀၀၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျပ်သိန်းပေါင်း ၃၃၂၆၈ သိန်း ထောက်ပံ့ပေးခဲ့ပြီး ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျပ်သိန်းပေါင်း ၃၄၇၅၂ သိန်း ထောက်ပံ့ပေးမည်ဖြစ်ပါကြောင်း၊ သာသနာရေးဝန်ကြီးဌာနအနေဖြင့် နှစ်စဉ် ဆရာဦးရေအလိုက် တိုးမြှင့်ထောက်ပံ့ပေးနေသည်ကိုလည်း ဆရာတော်များ သိရှိကြမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနကလည်း ယခုဘဏ္ဍာရေးနှစ်တွင် ကျောင်းသားဦးရေပေါ်မူတည်၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ဆရာ ဆရာမများအား စနစ်တကျလေ့ကျင့်ပေးနိုင်ရေး၊ ထောက်ပံ့ငွေများ စနစ်တကျပေးနိုင်ရေးတို့အတွက် ကျောင်းသား အင်အား၊ ဆရာ ဆရာမအင်အား စာရင်းဇယားကိန်းဂဏန်းများ မှန်မှန်ကန်ကန် ဖြစ်ရန်လိုအပ်ပါကြောင်း။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် မြန်မာနိုင်ငံ၏ သမိုင်းစဉ်အဆက်ဆက် အစဉ်အလာကောင်းများဖြင့် ကောင်းစွာရပ်တည်နိုင်ခဲ့ပါကြောင်း၊ ထိုအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း စာမတတ်သူပပျောက်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဟူသော နိုင်ငံတော်၏ရည်မှန်းချက်များကို တစ်ဖက်တစ်လမ်းမှ ဆက်လက်အထောက်အကူပြုပေးပါရန်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး၊ သင်ကြားမှုပိုင်း အဆင့်မြင့်မားရေးတို့အတွက် ဆရာ၊ ဒကာလက်တွဲညီညာစွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လျှောက်ထားခဲ့သည်။

တက်ရောက်လာသော တိုင်းဒေသကြီး/ပြည်နယ်ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ အတွင်းရေးမှူးဆရာတော်ကြီးများနှင့် တာဝန်ရှိသူများက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အဆင့်မြှင့်တင်ရေး၊ သင်ကြားရေးပိုင်းဆိုင်ရာများ တိုးတက်စေရေးတို့အတွက် အကြံပြုရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် အထွေထွေဆွေးနွေးခြင်းအပိုင်းတွင် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ တိုးတက်ပြုပြင်ပြောင်းလဲမှုအခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ဝင် ဘဒ္ဒန္တ စိန္တိတာလင်္ကာရ(မော်ကျွန်းဆရာတော်)က သြဝါဒကထာမြွက်ကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၄ ခုနှစ်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးနှစ်ပတ်လည်အစီရင်ခံစာ ထုတ်ဝေ

**နေပြည်တော် ဇူလိုင် ၂၀**

မြန်မာနိုင်ငံ၌ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ၁၉၉၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ဒုတိယ ငါးနှစ်စီမံကိန်း (၂၀၁၂-၂၀၁၆)ကို စနစ်တကျ အကောင်အထည်ဖော်လျက်ရှိရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ၂၀၁၄ ခုနှစ်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေး နှစ်ပတ်လည်အစီရင်ခံစာကို ယခုလအတွင်း ထုတ်ပြန်ခဲ့သည်။

ယင်းအစီရင်ခံစာနိဒါန်းတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများ၏ ဒုတိယငါးနှစ် စီမံကိန်းတွင် နိုင်ငံတကာမှ လက်ခံသော စံနှုန်းများပါဝင်သည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်း၊ ဥပဒေအရ အရေးယူသည့်လုပ်ငန်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု မြှင့်တင်ရေးလုပ်ငန်းများ ပါဝင်ကြောင်း၊ ၂၀၁၄ ခုနှစ်အတွင်း လူကုန်ကူးမှုပပျောက်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာ ပြောင်းလဲမှုများ ဖြစ်ထွန်းခဲ့ပြီး မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်းများတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း၊ ပြည်ပရောက် တရားမဝင် ရွှေ့ပြောင်းအလုပ်သမားများ ကာကွယ်စောင့်ရှောက်ခြင်း၊ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာမူဝါဒများ ချမှတ်ခြင်း။

အဓမ္မလုပ်အားခိုင်းစေမှု ပပျောက်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ အလုပ်သမားအစည်းအရုံးများ ဖွဲ့စည်းထူထောင်ခွင့် ခွင့်ပြုခြင်း၊ အရွယ်မရောက်သေးသူများ စစ်မှုထမ်းခွင့်မပြုရေးအတွက် ကုလသမဂ္ဂနှင့် ပူးပေါင်း၍ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ခြင်း။

ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးခြင်း၊ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးခြင်း၊ ထိုင်း၊ မလေးရှား၊ စင်ကာပူနိုင်ငံအပါအဝင် ပြည်ပနိုင်ငံများနှင့် အလုပ်အကိုင်သဘောတူစာချုပ်များ ချုပ်ဆိုခြင်း၊ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအတွက် လွယ်ကူသည့် အစီအမံများ ချမှတ်ခြင်း။

နိုင်ငံကူးလက်မှတ်များ မြန်ဆန်လွယ်ကူစေရန် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်း၊အလုပ်အကိုင်ရှာဖွေရေး ပြပွဲ/ပြခန်းများ ကျင်းပပြုလုပ်ခြင်း၊ ပြည်ပအလုပ်အကိုင်အေဂျင်စီများ ထူထောင်ခွင့်ပြု၍ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်တွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးမြှင့်လာ၍ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရရှိစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

ထို့ပြင် အစီရင်ခံစာတွင် မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်တားဆီးကာကွယ်ရေး၊ တရားစွဲဆိုရေး၊ လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်ရေး၊ စွမ်းရည်မြှင့်တင်ရေးစသည့် ကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များ၊ ထူးခြားသည့် စွမ်းဆောင်ချက်များနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသော အားသာချက်၊ အားနည်းချက်များ ပါဝင်သည့် လူကုန်ကူးမှုဆိုင်ရာ နှစ်ပတ်လည် ဆောင်ရွက်ချက်အပေါ် သုံးသပ်တင်ပြခြင်းဟူ၍ အခန်းကဏ္ဍ ခုနစ်ခုဖြင့် အသေးစိတ်ရှင်းလင်းချက်များ ပါဝင်သည်။

အစီရင်ခံစာ နိဂုံးတွင် ၂၀၁၄ ခုနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို ခြုံငုံသုံးသပ်မှုအဖြစ် အာဆီယံ-အမေရိကန်နှင့် မြန်မာ-အမေရိကန် ပူးပေါင်း၍ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။


အိမ်နီးချင်းနိုင်ငံများသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၊ ရေလုပ်သားများအား တရားဝင်ဖြစ်စေရေးအတွက် ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးခြင်း၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိစေရေးတို့အတွက် ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံတို့နှင့် နားလည်မှုစာချွန်လွှာများ ချုပ်ဆိုနိုင်ခြင်းကြောင့် တရားမဝင် မြန်မာအလုပ်သမားများ လူကုန်ကူးခံရမည့် အန္တရာယ်မှ ကယ်တင်နိုင်ခဲ့ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများ၌ ပြည်တွင်းလူကုန်ကူးမှုများ မဖြစ်ပေါ်စေရေးကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း။

လူကုန်ကူးမှုတိုက်ဖျက်ရေးဆောင်ရွက်ရာ၌ ပိုမိုထိရောက်စေရန် ၂၀၀၅ ခုနှစ်တွင် ရေးဆွဲခဲ့သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြန်လည်ပြင်ဆင်ခြင်းနှင့် နည်းဥပဒေရေးဆွဲခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ လူကုန်ကူးသူတရားခံများအား ပိုမိုထိရောက်သော ပြစ်ဒဏ်များချမှတ်နိုင်မည်ဖြစ်ပြီး လူကုန်ကူးခံရသူများအတွက်လည်း အခွင့်အရေးများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း။


လူကုန်ကူးမှုတိုက်ဖျက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုအပေါ်အခြေခံ၍ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ ပြည်တွင်း ပြည်ပ လူကုန်ကူးမှုများ လျော့နည်းပပျောက်စေရန် ပြည်သူလူထုမှလည်း ပူးပေါင်းပါဝင်လာရေး ကြိုးပမ်းဆောင်ရွက်သွားရန် အလေးအနက် တိုက်တွန်းကြောင်း ဖော်ပြထားသည်။

ယင်းအစီရင်ခံစာတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ ၂၀၁၄ ခုနှစ်အတွင်း သုံးစွဲခဲ့သည့် ဘဏ္ဍာရေးရှင်းတမ်းများကိုလည်း ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် အလေးထားဆောင်ရွက်လျက်ရှိသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းဆိုင်ရာ အချက်အလက်များကို myanmarhumantrafficking.gov.mm တွင် အသေးစိတ်လေ့လာနိုင်ကြောင်း သိရသည်။


**(သတင်းစဉ်)**




၂၀၁၄ ခုနှစ်အတွင်း လူကုန်ကူးမှုဦးတည်သည့် နိုင်ငံများ




၂၀၁၄ ခုနှစ်အတွင်း ဖြစ်ပွားသည့် လူကုန်ကူးမှုအမျိုးအစားများ



၂၀၁၄ ခုနှစ်အတွင်း လူကုန်ကူးသူတရားခံဦးရေ အများဆုံးပါဝင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ



၂၀၁၄ ခုနှစ်အတွင်း လူကုန်ကူးမှုအများဆုံးဖြစ်ပွားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ဗီယက်နမ်အသံတို့အကြား ရုပ်သံလွှင့်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး



**နေပြည်တော် ဇူလိုင် ၂၀**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ဗီယက်နမ်အသံတို့အကြား ရုပ်သံလွှင့်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ရတနာသိဃ်ဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် ဗီယက်နမ်အသံမှ ဒုတိယဥက္ကဋ္ဌ Mr. Vu Hai တို့က မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံရုပ်သံလွှင့် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်နှင့် ဗီယက်နမ်အသံမှ ဒုတိယဥက္ကဋ္ဌ Mr. Vu Hai တို့က နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုး၍**(ယာပုံ)** အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ဗီယက်နမ်အသံတို့မှ တာဝန်ရှိသူများက နှစ်နိုင်ငံရုပ်သံလွှင့်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

ဗီယက်နမ်အသံနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့အကြား ပထမဦးဆုံး ပူးပေါင်းဆောင်ရွက်မှုကို ၁၉၉၉ ခုနှစ်က စတင်ခဲ့ကြောင်း သိရသည်။ ယခုနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းဖြင့် နှစ်နိုင်ငံရုပ်သံလွှင့်ဆိုင်ရာ နည်းပညာများ အပြန်အလှန် ဖလှယ်နိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံအကြား အာဆီယံပြန်ကြားရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုသို့ နှစ်နိုင်ငံတိုးမြှင့်ဆောင်ရွက်နိုင်ခြင်းကြောင့် နှစ်နိုင်ငံ ရုပ်သံလွှင့်နည်းပညာကဏ္ဍများ တိုးတက်မှုရှိလာမည်ဖြစ်ကာ သတင်းအချက်အလက်များ ဖလှယ်ခြင်းကို ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ ထို့ပြင် နှစ်နိုင်ငံရုပ်သံများမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ရိုးရာယဉ်ကျေးမှု၊ အစားအသောက်နှင့် လူနေမှုဘဝများကို အပြန်အလှန်လေ့လာနိုင်မည်ဖြစ်သည့်အတွက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်လာမည်ဖြစ်ပြီး အာဆီယံ၏ ရည်မှန်းချက်တစ်ခုဖြစ်သည့် people to people connectivity ကို ဖော်ဆောင်နိုင်မည်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# "Best Bank in Myanmar 2015" ဆု မြန်မာနိုင်ငံ ကမ္ဘောဇဘဏ်လီမိတက်မှ လက်ခံရရှိ

**ရန်ကုန် ဇူလိုင် ၂၀**

အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Euromoney အဖွဲ့အစည်းမှ ရွေးချယ်ချီးမြှင့်သည့် ၂၀၁၅ ခုနှစ်အတွက် အာရှဒေသဆိုင်ရာ နိုင်ငံအလိုက် စွမ်းဆောင်ရည်အကောင်းဆုံးဘဏ်ဆု "Euromoney Awards for Excellence – 2015" ချီးမြှင့်ပွဲကို ဇူလိုင် ၁၆ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် ဟောင်ကောင် Island Shangri-La Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံ ကမ္ဘောဇဘဏ်လီမိတက်မှ "Euromoney Awards for Excellence – 2015: Best Bank in Myanmar" ဆုကို ရရှိခဲ့သည်။

ဆုချီးမြှင့်သည့်အခမ်းအနားသို့ အာရှဒေသအတွင်းရှိ နိုင်ငံ ၂၁ နိုင်ငံကိုယ်စားပြုဘဏ်ပေါင်း ၄၈ ခုမှ ဘဏ်ဥက္ကဋ္ဌများ၊ CEO များ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အဆင့်မြင့်အရာရှိကြီးများ ၂၀၀ ကျော် တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံအတွက် တစ်ခုတည်းသော အကောင်းဆုံးဘဏ်ဆုဖြစ်သည့် "Euromoney Awards for Excellence – 2015: Best Bank in Myanmar" ဆုကို ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းမှ လက်ခံရယူခဲ့သည်။

Euromoney အဖွဲ့အစည်းကြီးသည် ဘဏ်လုပ်ငန်းနှင့် စီးပွားရေးဆိုင်ရာလုပ်ငန်းများတွင် ဩဇာကြီးမားသော လန်ဒန်အခြေစိုက်အဖွဲ့အစည်းဖြစ်ပြီး ကမ္ဘာတစ်ဝန်းလုံးရှိ ဘဏ်လုပ်ငန်းကြီးများ၊ စီးပွားရေးလုပ်ငန်းကြီးများနှင့် နိုင်ငံတကာအရင်းအနှီးဈေးကွက်များမှ သက်ဆိုင်ရာအကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာ၌ Seminar and Conference များကျင်းပခြင်းတို့ဖြင့် နိုင်ငံတကာဘဏ်လုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများကို အမြဲစောင့်ကြည့် သုံးသပ်အကဲဖြတ်နေသော အဖွဲ့အစည်းဖြစ်ပါသည်။ ဤအဖွဲ့အစည်းမှ ကမ္ဘာတစ်ဝန်းရှိ ဘဏ်လုပ်ငန်းများ၏ လုပ်ငန်းတိုးတက်ဆောင်ရွက်နိုင်မှုအပေါ် အခြေခံ၍ နိုင်ငံအလိုက် အကောင်းဆုံးဘဏ်ဆုများကို နှစ်စဉ်ရွေးချယ်ချီးမြှင့်ပေးလျက်ရှိသည်။

ကမ္ဘောဇဘဏ်အား "Euromoney Awards for Excellence – 2015: Best Bank in Myanmar" ဆုကို ချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ကမ္ဘောဇဘဏ်အား အများပြည်သူမှ ယုံကြည်စွာဖြင့်ထားရှိသော အပ်ငွေ (deposit)ပမာဏနှင့် ဝန်ဆောင်မှုမှရရှိသော ဝင်ငွေနှင့် အမြတ်ငွေများ အမြင့်မားဆုံးဖြစ်ခြင်း၊ ဘဏ်ခွဲများ အများဆုံးတိုးချဲ့ဖွင့်လှစ်၍ နိုင်ငံတစ်ဝန်းရှိ ပြည်သူများအား အကောင်းဆုံးဘဏ်ဝန်ဆောင်မှုပေးနိုင်ခြင်း၊ နိုင်ငံအတွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ချေးငွေအများဆုံးထုတ်ပေးနိုင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုခြင်း၊ ခေတ်မီ Oracle Flexcube Centralized Core Banking System ဖြင့် ဘဏ်ခွဲများတစ်ခုနှင့်တစ်ခု ချိတ်ဆက်ပြီး ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများကို အချိန်တိုအတွင်း တိကျလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ခြင်း၊ နိုင်ငံတကာဘဏ်များနှင့် ချိတ်ဆက်၍ နိုင်ငံခြားဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ အကောင်းဆုံးဆောင်ရွက်ပေးနိုင်ခြင်း၊ e-commerce နှင့် online ငွေပေးချေမှုများအတွက် မြန်မာနိုင်ငံတွင် ပထမဆုံး Electronic Payment Gateway ဝန်ဆောင်မှုကို စတင်နိုင်ခဲ့ပြီး Mobile Banking, Internet Banking, Quick Pay, Prepaid Card, Credit Card အပါအဝင် ခေတ်မီဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးဖြင့် ပြည်သူများအား အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ခြင်း၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေ အများဆုံးသယ်ပိုးထမ်းဆောင်နိုင်ခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအတွက် အများဆုံးပံ့ပိုးလှူဒါန်းခြင်း စသည်တို့ကြောင့် ဤဆုကို ချီးမြှင့်ရခြင်းဖြစ်ကြောင်း သိရှိရသည်။




ကမ္ဘောဇဘဏ်နှင့်အလားတူ "Euromoney Awards for Excellence – 2015: Best Bank" ဆုများ ရရှိသောနိုင်ငံများအနက် အမေရိကန်နိုင်ငံမှ Wells Fargo Bank၊ ဂျာမနီနိုင်ငံမှ Commerz Bank၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ICBC Bank၊ ဂျပန်နိုင်ငံမှ Bank of Tokyo Mitsubishi (MUFG)၊ စင်ကာပူနိုင်ငံမှ OCBC Bank နှင့် ထိုင်းနိုင်ငံမှ Bangkok Bank တို့လည်း ပါဝင်ကြောင်း၊ ကမ္ဘာ့အကောင်းဆုံးဘဏ် Best Global Bank ဆုကို အမေရိကန်နိုင်ငံ Citi Bank မှရရှိကြောင်း သိရှိရသည်။

ကမ္ဘောဇဘဏ်သည် ၂၀၁၄ ခုနှစ်အတွင်းကလည်း Euromoney အဖွဲ့အစည်းမှ ချီးမြှင့်သော "Best Bank in Myanmar 2014" ဆုကိုရရှိခဲ့ပြီးဖြစ်၍ ယခုနှစ်တွင် ဒုတိယအကြိမ်မြောက်အဖြစ် နှစ်နှစ်ဆက်တိုက် ရရှိခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ပြည်တွင်းဆုများအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ကမ္ဘောဇဘဏ်လီမိတက်သည် တစ်နိုင်ငံလုံးတွင် အခွန်အများဆုံးထမ်းဆောင်ခဲ့ခြင်းအတွက် နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု(နိုင်ငံတော်သမ္မတ၏ အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်-ပထမဆု)ကို သုံးနှစ်ဆက်တိုက်ရရှိခဲ့ပြီး ကမ္ဘောဇ-အနာဂတ် အလင်းတန်းဖောင်ဒေးရှင်းအနေဖြင့်လည်း နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု (နိုင်ငံတော်နှင့်ပြည်သူအတွက် လူမှုရေးအကျိုးပြုမှုအကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆု)ကိုရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သတင်းထုတ်ပြန်ချက်

(၂၀-၇-၂၀၁၅)

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ ရေကူးအသံလွှင့်စက်ရုံဝင်းနေရာတွင် စက်ရုံဧရိယာအတွင်းရှိ အိမ်ရာများ၊ ဆိုင်ခန်းများ၊ ရုံးခန်းများနှင့်မြေများအား အခြားသူတစ်ဦးဦးသို့ရောင်းချခြင်း၊ ငှားရမ်းခြင်းမပြုဘဲ မီဒီယာနှင့်ပတ်သက်ဆက်စပ်သည့် အဆောက်အအုံများဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်နှင့် လက်ရှိအသံလွှင့်စက်ပစ္စည်းများကို သင့်တော်သည့်နေရာသို့ ပြောင်းရွှေ့တည်ဆောက်ရန် တင်ဒါခေါ်ယူခဲ့ရာ တင်ဒါပိတ်သိမ်းသည့် ၁၉-၆-၂၀၁၅ ရက်နေ့အထိ ကုမ္ပဏီခြောက်ခုမှ တင်ဒါပုံစံများ လာရောက်ဝယ်ယူခဲ့ပါသည်။

သို့ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ လုပ်ငန်းပမာဏ ကြီးမားသည့်အတွက် တင်ဒါဝယ်ယူသူများအနေဖြင့် တင်ဒါစည်းကမ်းချက်ပါ အဆိုပြုလွှာတွင် ပါဝင်ရမည့် အချက်အလက်များကို ပြည့်စုံစွာပြုစုခြင်း၊ ဆောင်ရွက်မည့်လုပ်ငန်းအလိုက် ဒီဇိုင်းပုံစံများအပါအဝင် အသေးစိတ်စီမံချက်ကို ရေးဆွဲတင်ပြရမည်ဖြစ်သဖြင့် အချိန်လုံလောက်စွာ ရရှိစေရန်အတွက် အဆိုပြုလွှာ တင်သွင်းရမည့်ရက်ကို ၁၉-၆-၂၀၁၅ ရက်နေ့ **အစား** ၁၇-၇-၂၀၁၅ ရက်နေ့သို့ တစ်လတိုးမြှင့်သတ်မှတ်ပေးခဲ့ပါသည်။ ယခုအခါ တင်ဒါပိတ်သိမ်းရန် သတ်မှတ်ထားသည့် ၁၇-၇-၂၀၁၅ ရက်နေ့အထိ ကုမ္ပဏီနှစ်ခုမှ အဆိုပြုလွှာတင်သွင်းခဲ့ပါသည်။

အဆိုပါကုမ္ပဏီနှစ်ခုမှ တင်သွင်းလာသော အဆိုပြုလွှာများကို ပဏာမလေ့လာဆန်းစစ်ချက်များအရ ပြန်ကြားရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့်အခြေခံလိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိသည့်အတွက် ရေကူးစက်ရုံဝင်းနေရာတွင် မီဒီယာနှင့်ပတ်သက်သည့် အဆောက်အအုံများဆောက်လုပ်ခြင်းနှင့် လက်ရှိအသံလွှင့် စက်ပစ္စည်းများကို သင့်တော်သည့်နေရာသို့ ပြောင်းရွှေ့တည်ဆောက်ရေးနှင့်ပတ်သက်သည့် တင်ဒါအောင်မြင်သူမရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းကော်မတီ**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

## ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

## ကွက်ကျားမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

# မူးခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မော်လမြိုင် ဇူလိုင် ၂၀**

မော်လမြိုင်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မော်လမြိုင်)နှင့် မော်လမြိုင်ပညာရေးကောလိပ်တို့တွင် မူးခင်းကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးမှုတားဆီးရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများကို ဇူလိုင် ၁၄ ရက်မှ ၁၈ ရက်အထိကျင်းပရာ မော်လမြိုင် အမှတ်(၉)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူးရုံး ဒုတိယရဲမှူး(ဦးစီး)ဌေးရွှေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းကို လည်းကောင်း၊ ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန စစ်ဆေးရေးမှူး(၂) ဦးမျိုးအောင်လင်းက ယာဉ်မောင်းလိုင်စင်ပြုလုပ်ရေး၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးမြှင့်ရေးကို လည်းကောင်း၊ မုပွန်နယ်မြေရဲစခန်းမှ နယ်မြေရဲစခန်းမှူးရဲအုပ် ဇော်ဝမ်းလေးက မူးခင်းကျဆင်းရေးနှင့် မူးခင်းကြိုတင်ကာကွယ်ရေးကိုလည်းကောင်း၊ အမှတ်(၉)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရဲအုပ်သန်းဌေးဝင်းက လူကုန်ကူးမှုဆိုင်ရာ ဥပဒေအချက်အလက်များကို လည်းကောင်း ပညာပေးဟောပြောခဲ့ကြသည်။

ဆက်လက်၍ မုပွန်နယ်မြေရဲစခန်းမှ နယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်ဝမ်းလေးနှင့်အဖွဲ့သည် နယ်မြေတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် အခြေခံပညာ အထက်တန်းကျောင်းများတွင် မူးခင်းကျဆင်းရေး၊ မူးခင်းကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးရောင်းချသူနှင့်သုံးစွဲသူများအား ဖမ်းဆီးအရေးယူရေးစီမံချက်ပါ အချက်အလက်များကို ပညာပေးဟောပြောလျက်ရှိကြောင်း သိရသည်။ **(၁၀၇)**

# အမှန်သိစေချင်ပါသည်

## ကော်မရှင်အဖွဲ့ဝင်တစ်ဦး

**မြန်မာနိုင်ငံတွင် ကျင့်သုံးသောစနစ်ကိုလည်း သတိပြုရန်လိုပါသည်။ မဲဆန္ဒကိုပေးလိုကပေးနိုင်ပြီး ပေးလိုခြင်းမရှိပါက မပေးဘဲနေနိုင်သည့်စနစ်ဖြစ်သည်။ အချို့နိုင်ငံများတွင် မဲမပေးမနေရစနစ်ဖြစ်၍ လူတိုင်းမဲဆန္ဒပေးရန် မှတ်ပုံတင်ရသော စနစ်ကျင့်သုံးသည်ကိုလည်း လေ့လာရပါသည်။ မြန်မာနိုင်ငံတွင်မူ မိမိဆန္ဒအလျောက် မဲပေး၊ မပေးဆောင်ရွက်နိုင်ခွင့်ရှိသည်ဖြစ်ရာ မဲစာရင်းတွင် မိမိအမည်ပါရေးသည် ပြည်သူများတွင်လည်း တာဝန်ရှိပါသည်။**

မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်လာသည်နှင့်အမျှ ရွေးကောက်ပွဲကို စိတ်ပါဝင်စားသူများ များပြားလာသည်ကိုတွေ့ရှိရသည်။ လက်ရှိဆောင်ရွက်ဆဲဖြစ်သော မဲစာရင်း ပြုစုခြင်းနှင့်ပတ်သက်၍ သတင်းစာဂျာနယ်များတွင် မှားယွင်းချက်များနှင့်ပတ်သက်၍ဖော်ပြနေကြပါသည်။ ဤအချက်ပေါ်တွင် မူတည်၍ မှားယွင်းသောမဲစာရင်းများကြောင့် လာမည့်ရွေးကောက်ပွဲသည် တရားမျှတမှုရှိနိုင်မည်မဟုတ်ဟု ကောက်ချက်ဆွဲနေသူများပင်ရှိကြသည်။ ဤကောက်ချက်များသည် ပြည်သူများအား အထင်အမြင်လွဲမှားစေနိုင်ပြီး ရွေးကောက်ပွဲအတွက် ထိခိုက်လာနိုင်စရာအကြောင်းရှိပါသည်။ တစ်ဖက်ကကြည့်လျှင် ဤသို့သောကောက်ချက်ချပြီး ပြောဆိုရေးသားနေကြသူများမှာ မဲစာရင်းပြုစုခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို လေ့လာမှုမရှိခြင်း၊ မဲစာရင်းပြုစုနေသည့် ရည်ရွယ်ချက်သဘောသဘာဝများ၊ အခြေအနေမှန်များကို လေ့လာသိရှိထားမှုမရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ယခုပြုစုနေသော မဲစာရင်းမှာရွေးကောက်ပွဲအတွက် မဲပေးရမည့်စာရင်းမဟုတ်သေးပါ။ ရွေးကောက်ပွဲအတွက် မဲပေးရမည့် စာရင်းပြည့်စုံမှန်ကန်ရေးအတွက် ကြိုတင်ပြင်ဆင်နေသော အခြေခံမဲစာရင်းဖြစ်ပါသည်။ ရွေးကောက်ပွဲနီးပါက နောက်ဆုံးမဲစာရင်းကို ထပ်မံကြေညာဦးမည် ဖြစ်ပါသည်။

ပြည်သူအများထင်မှတ်မှားနေသော အချက်တစ်ခုမှာ မဲစာရင်းနှင့် သန်းခေါင်စာရင်း၏ ကွာခြားချက်ပင်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သော သန်းခေါင်စာရင်းမှ သတ်မှတ်ချိန်တွင် မည်သူသည် မည်သည့်နေရာတွင်ရှိစေကာမူ ရောက်ရှိသည့်နေရာတွင် စာရင်းကောက်သော (defacto) စနစ်ဖြစ်ပါသည်။ နိုင်ငံတစ်ဝန်းရှိ လူဦးရေစာရင်းသာဖြစ်ပါသည်။ မဲစာရင်း မဟုတ်ပါ။

မဲစာရင်းမှာမူ မဲဆန္ဒနယ်များတွင် အခြေချနေထိုင်သူများစာရင်းကို အခြေခံ၍ပြုစုခြင်းဖြစ်ပါသည်။ မဲစာရင်း မဲဆန္ဒနယ်တစ်ခုအတွင်းနေထိုင်သောသူများက မိမိနယ်၏အကျိုးကို ဆောင်ရွက်ပေးနိုင်မည့် မိမိတို့၏ ကိုယ်စားလှယ်ကို ရွေးချယ်တင်မြှောက်နိုင်ရန်ပြုစုထားသော မဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းဖြစ်သည်။ ထို့ကြောင့် အခြေခံမဲစာရင်းကိုပြုစုရာတွင် သက်ဆိုင်ရာဒေသတွင် အခြေချနေထိုင်သော ပုံစံ ၆၆/၆ အိမ်ထောင်စုစာရင်းဖြင့်နေထိုင်သူများကို ပထမဆုံးစာရင်းသွင်းခြင်းဖြစ်ပါသည်။ ထိုမှတစ်ဆင့် ယင်းဒေသတွင်ရှိသော ရဲတပ်ဖွဲ့နှင့် တပ်မတော်မိသားစုများ၊ အကြောင်းအမျိုးမျိုးကြောင့် ယင်းဒေသသို့ ရွှေ့ပြောင်းရောက်ရှိနေသူများကို ဥပဒေနှင့်အညီ အဆင့်ဆင့်ထည့်သွင်းသွားမည်ဖြစ်ပါသည်။ အခြားဒေသမှ ပြောင်းရွှေ့ရောက်ရှိနေသူများ မဲပေးခွင့် မဆုံးရှုံးစေရန်လည်း ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၅ (ခ)၊ ပုဒ်မ ၄၆ တို့တွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ထုတ်ပြန်ထားပြီးသော ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင်ရှိသည့် ဒေသလိုက်လူဦးရေစာရင်းနှင့် ဆန္ဒမဲပေးခွင့်ရှိသောမဲစာရင်းမှာ မတူနိုင်ပါ။

ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆ အရ မဲဆန္ဒရှင်စာရင်းမှာ အသက် (၁၈) နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများသာ ပါဝင်မည်ဖြစ်ပြီး ယင်းနိုင်ငံသားများထဲတွင် ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀ အရ သတ်မှတ်ထားသော ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများလည်း ပါဝင်မည်မဟုတ်ပါ။ ထို့ကြောင့် သန်းခေါင်စာရင်းနှင့်ကိုက်ပြီး လူဦးရေရာခိုင်နှုန်းမည်မျှ မဲပေးခွင့်ဆုံးရှုံးမည်ဟုခန့်မှန်းခြင်းမှာလည်း မဲဆန္ဒရှင်စာရင်းပြုစုခြင်း၏ အခြေခံသဘောတရားနှင့် နည်းဥပဒေ၊ ဥပဒေများကို လေ့လာမှုအားနည်း၍သာ လွဲမှားစွာခန့်မှန်းကောက်ချက်ချနေခြင်းပင်ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ မဲစာရင်းများမှန်ကန်အောင်ပြုစုရမည်မှာ ရွေးကောက်ပွဲကော်မရှင်၏တာဝန်ဖြစ်သည်နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲစာရင်းများ မှန်ကန်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် မဲစာရင်းများမှန်ကန်မှုမရှိဟူသော ဝေဖန်ချက်များပေါ်ထွက်လာခဲ့ပါသည်။ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကောင်မရှင်က ပြီးခဲ့သော ရွေးကောက်ပွဲများ၏ အားသာချက်၊ အားနည်းချက်များနှင့် ပြည်တွင်း/ပြည်ပမှ ဝေဖန်အကြံပြုချက်များ ရွေးကောက်ပွဲဆိုင်ရာ အစီရင်ခံစာများကို လေ့လာသုံးသပ်ခဲ့ပါသည်။ ပြည်ပနိုင်ငံများ၏ ရွေးကောက်ပွဲများကိုလည်း သွားရောက် လေ့လာခဲ့ကြပါသည်။ ဤကဲ့သို့သော အတွေ့အကြုံ ဗဟုသုတ၊ လေ့လာသိရှိချက်၊ သုံးသပ်ချက်များအပေါ် အခြေခံကာ လေ့လာသိရှိရချက်များမှာ ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသော စီမံခန့်ခွဲရေး အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ ပြည်သူများ၏ ရွေးကောက်ပွဲအတွေ့ အကြုံနည်းပါးမှု၊ နိုင်ငံရေး အသိပညာအားနည်းနေမှုများ ပင်ဖြစ်ပါသည်။

ထို့ကြောင့် ယခုလာမည့်ရွေးကောက်ပွဲသာမက အစဉ်အဆက်လာမည့် ရွေးကောက်ပွဲများအတွက်ပါ ခိုင်မာသော ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့အစည်း ပေါ်ပေါက်ရေးနှင့် တိုးတက်ကောင်းမွန်သော ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဖြစ်ပေါ်စေရေးအတွက် International Foundation For Electoral Systems (IFES) ၏ အကူအညီဖြင့် မဟာဗျူဟာစီမံကိန်းကိုရေးဆွဲခဲ့ပါသည်။ ယင်းစီမံကိန်းမှာ ၂၀၁၄-၂၀၁၈ ခုနှစ်ထိ ငါးနှစ်စီမံကိန်းဖြစ်ပြီး ပန်းတိုင် ၁၂ ရပ် ပါဝင်ပါသည်။ ပြည့်စုံမှန်ကန်သော မဲစာရင်းပြုစုရေးမှာ ပန်းတိုင်တစ်ရပ်အဖြစ်ပါဝင်ခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

ဤသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယခင်ကရရှိခဲ့သော မဲစာရင်းများမှာ လက်ရေးမူများသာဖြစ်ပါသည်။ ယင်းစာရင်းများကို ကွန်ပျူတာစနစ်ဖြင့် သိမ်းဆည်းထားခြင်းဖြင့် နောင်လာမည့် ရွေးကောက်ပွဲအဆက်ဆက်အတွက် ပြင်ဆင်ဖြည့်စွက်လွယ်ကူစေရန်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် တစ်နိုင်ငံလုံး၏ မဲစာရင်း data base တစ်ခုရစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ပါသည်။ ပထမဆုံး စမ်းသပ်အကောင်အထည်ဖော်ရန် ရွှေ့ပြေးစီမံချက်အဖြစ် ရွှေ့ပြောင်းလုပ်သား မိသားစုများသော ရန်ကုန်တိုင်းဒေသကြီးမှ အလုံမြို့နယ်၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ချင်းပြည်နယ်မှ တီးတိန်မြို့နယ်နှင့် လုံခြုံရေးအခက်အခဲရှိသော ကချင်ပြည်နယ်မှ မြစ်ကြီးနားမြို့နယ်တို့တွင် မဲစာရင်း စတင်ပြုစုခဲ့ပါသည်။ ဤသို့ဆောင်ရွက်ရာတွင် ပါတီစွဲကင်းသော လူမှုအဖွဲ့အစည်းများက ပြည်သူများကို မဲဆန္ဒရှင်ပညာပေးလုပ်ငန်းတွင် ပါဝင်ကူညီမှု IFES အဖွဲ့၏ ကွန်ပျူတာများနှင့် နည်းပညာအထောက်အပံ့ပေးမှုများဖြင့် အောင်မြင်စွာ မဲစာရင်းပြုစုနိုင်ခဲ့ပါသည်။ ယင်းဒေသများ၏ မဲစာရင်းပြုစုမှုမှ အားသာချက်၊ အားနည်းချက်များကို သင်ခန်းစာရယူကာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မဲစာရင်းပြုစုခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ဤသို့ပြုစုရာတွင် စေတနာ့ဝန်ထမ်းခြောက်ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အတွင်းရေးမှူးအဖြစ်ပါဝင်သော ဌာနဆိုင်ရာ ကိုးဦးပါသော မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၊ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများက အခြေခံစာရင်းကိုပြုစုကြပါသည်။ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများက သက်ဆိုင်ရာရပ်/ကျေးမှ လူဦးရေစာရင်းများကိုယူဆောင်ကာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် စာရင်းပြုစုခြင်းဖြစ်ပါသည်။ ယခင်ကနှင့်မတူဘဲ ကွန်ပျူတာနည်းပညာကို အသုံးပြု၍ ပြုစုနေခြင်းဖြစ်သည်။ တစ်နိုင်ငံလုံးရှိ မဲစာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် ထားရှိပြီး မဲစာရင်းကို မည်သူမဆို ကြည့်ရှုရ လွယ်ကူစေရေးအတွက်လည်းကောင်း၊ မဲစာရင်းတွင်ပါ/မပါ စစ်ဆေးနိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရာတွင် နည်းပညာကျွမ်းကျင်မှု၊ လူအင်အားပြည့်ဝမှုပေါ်မူတည်၍လည်းကောင်း၊ မြို့ပြနှင့်ကျေးရွာများကိုလိုက်၍လည်းကောင်း လုပ်ငန်းတွင်ကျယ်မှန်ကန်မှုမှာလည်း ကွာခြားချက်များရှိနိုင်မည်ကို သတိထားရန်လိုပါသည်။ ထို့ကြောင့် အချိန်ကန့်သတ်ချက်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရာတွင် အားနည်းချက်များ ပေါ်ပေါက်လာလေ့ရှိပါသည်။

မဲစာရင်းများကြေညာပြီးနောက် မဲစာရင်းများမှားနေသည်ဆိုသည်ကိုမငြင်းပါ။ သို့သော် မှားသောရာခိုင်နှုန်းမှာ ၈၀ ရာခိုင်နှုန်းထိရှိပြီး ယင်းသို့အမှားများမှုကြောင့် လာမည့်ရွေးကောက်ပွဲသည် တရားမျှတမှုမရှိနိုင်ဟု ကောက်ချက်ဆွဲလာကြပါသည်။ သို့ပါ၍ အခြေအနေမှန်ကိုသိရှိနိုင်ရန်အတွက် ခရိုင် ရှစ်ခုသို့ ကွင်းဆင်းလေ့လာခဲ့ပါသည်။ ကွင်းဆင်းရာမှ လေ့လာသိရှိခဲ့ရသည့် အခြေအနေမှန်များကို မျှဝေတင်ပြလိုခြင်းဖြစ်ပါသည်။

မဲစာရင်းအချက်အလက်များ မှားယွင်းမှုနှင့်ပတ်သက်၍ ဝေဖန်ချက်များတွင် ကွယ်လွန်သူများ မဲစာရင်းတွင်ပါဝင်နေမှု၊ လူအများတွင် မွေးနေ့သက္ကရာဇ်များတူညီနေမှု၊ အမျိုးသားနှင့်အမျိုးသမီးများ မှားယွင်းနေမှု၊ စာလုံးပေါင်းသတ်ပုံများမှားယွင်းမှု၊ မှတ်ပုံတင်နံပါတ်များမှားယွင်းမှု၊ သက်ဆိုင်ရာ ရပ်/ကျေးတွင်နေထိုင်ခြင်းမရှိတော့သူများ စာရင်းတွင်ပါဝင်နေမှု၊ ပါသင့်သည့်သူများ မဲစာရင်းတွင် ပါဝင်ခြင်းမရှိမှုများကိုတွေ့ရှိခဲ့ရသည်။ ယင်းအချက်အလက်များမှားယွင်းရသည့် အကြောင်းအရင်းများကိုလည်းလေ့လာသိရှိခဲ့ရပါသည်။

ပထမဆုံးတင်ပြလိုသည်မှာ မဲစာရင်းသည် ပုံစံ ၆၆/၆ ဖြစ်သော အိမ်ထောင်စုလူဦးရေစာရင်းကို အခြေခံ၍ စတင်ပြုစုခြင်းဖြစ်ပါသည်။ မဲစာရင်းပြုစုရာတွင် ရွေးကောက်ပွဲနည်းဥပဒေ ပုဒ်မ ၉ အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနကလည်းကောင်း ပြုစုထားသည့် လူဦးရေ (မသန်စွမ်းသူများအပါအဝင်) စာရင်းကိုရယူအခြေခံပြီး စာရင်းပြုစုရမည်ဟု ပြဋ္ဌာန်းထားပါသည်။ တစ်အိမ်တက်ဆင်း ကောက်ယူရသည့်စာရင်းမဟုတ်ပါ။ ထို့ကြောင့် ယင်းအခြေခံသည့် စာရင်းများ မှန်ကန်မှုသည်မဲစာရင်းအပေါ် များစွာအကျိုးသက်ရောက်စေမည်ဖြစ်ပါသည်။ ယင်းစာရင်းများ ပြည့်စုံမှုပေါ်မူတည်၍ မဲစာရင်း အမှား အမှန်ဖြစ်နိုင်သည်ကိုလည်း သတိပြုစေချင်ပါသည်။

အခြေခံမဲစာရင်းပြုစုရာတွင် သက်ဆိုင်ရာဒေသတွင် အခြေချနေထိုင်သော ပုံစံ ၆၆/၆ ရှိ သူများကို ကွန်ပျူတာတွင် ကနဦးစာရင်းသွင်းပါသည်။ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တွင် ယင်းအိမ်ထောင်စုစာရင်းမရှိသူ၊ မှတ်ပုံတင်မရှိသူ အများအပြားရှိပါသည်။ ၂၀၁၅ ခုနှစ် မေလတွင် ထုတ်ပြန်သော သန်းခေါင်စာရင်း အစီရင်ခံစာအတွဲ (၂) အရ မည်သည့်ကတ်မျှ ကိုင်ဆောင်ထားခြင်း မရှိသော လူဦးရေပေါင်းမှာ ၁၁၂၀၇၇၆၉ဦး ရှိသည်ဟု သိရပါသည်။ ဤအချက်သည်လည်း မဲစာရင်းပြုစုရာတွင် အခက်အခဲတစ်ခုဖြစ်ပါသည်။

ကွယ်လွန်သူများ မဲစာရင်းတွင်ပါဝင်နေခြင်းမှာလည်း ယင်းအိမ်ထောင်စုစာရင်းများနှင့် ဆက်စပ်နေပါသည်။ သက်ဆိုင်ရာအိမ်ထောင်စုစာရင်းတွင် ကွယ်လွန်သူများကို ပယ်ဖျက်ထားခြင်းမရှိပါက စာရင်းသွင်းသူက စာရင်းတွင်ပါသမျှကို သွင်းမည်ဖြစ်ပါသည်။ ကွယ်လွန်သူများကို စာရင်းသွင်းသူက မသိရှိနိုင်ပါ။ ဤကဲ့သို့ ကွယ်လွန်သူကို စာရင်းမှပယ်ဖျက်ရသည်ကို မသိသူများ ကျေးလက်ဒေသသာမက၊ မြို့ပေါ်များတွင်ပင်ရှိနေပါသည်။ အချို့မှာလည်း စာရင်းပယ်ဖျက်ရန် ကရိကထများ၍ အလုပ်ရှုပ်မခံသူများရှိသကဲ့သို့ မိမိချစ်ခင်တွယ်တာသူများကို စာရင်းမှ ပယ်မထုတ်ချင်သူများလည်း ရှိနေသည်ဟု သိရှိရပါသည်။ ထို့ကြောင့် ကွယ်လွန်သူများပါနေရခြင်းဖြစ်ပါသည်။

မွေးသက္ကရာဇ်နှင့်ပတ်သက်၍ နေ့ လများ တူညီနေသော ကိစ္စနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံတွင် မြို့ပေါ်နေ အချို့သောသူများပင်လျှင် မိမိမွေးသက္ကရာဇ်ကို မသိသူများရှိပါသည်။ ကျေးလက်တောရွာများတွင်မူ အမြောက်အမြားရှိနေပါသည်။ ကွန်ပျူတာတွင် စာရင်းသွင်းရာ၌ ပုံစံ ၆၆/၆ များတွင် ထည့်သွင်းထားခြင်းမရှိပါက ယင်းနေရာတွင် ကွက်လပ်များဖြစ်နေပါမည်။ ကွန်ပျူတာတွင် စာရင်းသွင်းရာ၌ ခုနှစ်သိပြီး မွေးလ၊ ရက် မသိပါက နိုင်ငံတကာရှိ ပြည်သူ့အင်အားဦးစီးဌာနများက အသုံးပြုသည့်စနစ်အတိုင်း မွေးသည့်နှစ်၏တစ်ဝက်ဖြစ်သော ဇွန်လ၏ နောက်ဆုံးရက်ဖြစ်သည့် ၃၀ ရက်ကိုယူ၍ စာရင်းသွင်းသည်ဟု လေ့လာသိရှိရပါသည်။ ယခုစာရင်းပြုစုရာတွင်လည်း IFES ၏ အကူအညီဖြင့် နိုင်ငံတကာပညာရှင်များက သင်တန်းများပေးကာ စာရင်းပြုစုခဲ့ခြင်းဖြစ်ပါသည်။ ဤနိုင်ငံတကာစနစ်ကိုကျင့်သုံးကာ မွေးရက်၊ လ မသိသူများကို ထည့်သွင်းထားခြင်းဖြစ်ပါသည်။ မဲစာရင်းလာရောက်ကြည့်ရှုပြီး မိမိစာရင်းကို လာရောက်ပြင်ဆင်ပေးပါက အမှန်ကန်ဆုံး မဲစာရင်းများဖြစ်မှာသေချာပါသည်။ facebook များတွင် ပြောနေသကဲ့သို့ ရွာလုံးကျွတ်မွေးနေ့ပွဲများကျင်းပရန် မလိုပါ။

အမျိုးသမီး၊ အမျိုးသား မှားယွင်းနေခြင်းတွင်လည်း အမည်၏ရှေ့တွင် ဦး၊ ဒေါ် မတပ်ထားပါက အမျိုးသား၊ အမျိုးသမီး နာမည်တူတွေအများကြီးရှိသဖြင့် စာရင်းသွင်းသူက မှားယွင်းစာရင်းသွင်းနိုင်ပါသည်။

အမည်ကွဲလွဲနေခြင်းတွင်လည်း လက်ရှိ ပုံစံ ၆၆/၆ များတွင် ဖြည့်သွင်းထားသော လက်ရေးများ မပီသခြင်းဖြစ်ပါသည်။ မိတ်ဆွေပါမောက္ခတစ်ဦးက မဲစာရင်းသွားရောက်ကြည့်ရာတွင် သူမခင်ပွန်းအမည်မှာ 'မောင်'နှင့် 'အောင်' စာလုံးမှားနေသည်ကိုတွေ့ရသည်ဟုဆိုသည်။ သို့သော် ရပ်/ကျေးစာရေးက သူမအားရှင်းပြပြီးကြည့်ရာတွင် သူမကိုယ်တိုင်ပုံစံတွင် ရေးထားသော ယင်းစာလုံးမှာ 'အောင်' သို့မဟုတ် 'မောင်' သို့မဟုတ် 'ဟောင်'ဟူ၍ တိကျစွာခွဲခြားနိုင်ခြင်း မရှိသည်ကို တွေ့ရသည်ဟု ပြန်လည်ပြောပြခဲ့ပါသည်။

အလားတူ အမည်သတ်ပုံများကိုအမှားပြင်ဆင်နေသော မြို့နယ်တစ်ခုတွင်သတိထားမိခဲ့ပါသည်။ တစ်ဦးကဖတ်ပြီး တစ်ဦးကစာရင်းပြင်နေပါသည်။ သို့သော် အသံထွက်တူပြီး စာလုံးပေါင်းလွဲနေသည့် အချက်ပင်ဖြစ်ပါသည်။ မြန်မာအမည်များတွင် အသံတူသည့်စာလုံးကွဲများရှိပါသည်။ ဥပမာ 'ဆန်း' 'စန်း' 'စမ်း' စာလုံးများ ဖြစ်ပါသည်။ ဖတ်သူက ဥပမာ 'ဦးဆန်း' ဟု ဖတ်လျှင် ရိုက်သူက 'ဦးစန်း' ဟုလည်းကောင်း၊ 'ဦးစမ်း'ဟူ၍လည်းကောင်း ရိုက်မိနိုင်ပါသည်။ အချို့ပုဂ္ဂိုလ်များ၊ စာရေးသူ၏ သူငယ်ချင်းများတွင်ပင်လျှင် အဓိပ္ပာယ်အရ နာမည်စာလုံးများကို ရွေးချယ်သုံးတတ်သဖြင့် ဤကဲ့သို့ အမှားများလည်းဖြစ်နိုင်ပါသည်။

မှတ်ပုံတင်နံပါတ်မှားရာတွင်လည်း ရေးသားထားသော လက်ရေးကမပီသ၍လည်းကောင်း၊ ပုံစံအချို့မှာ ဟောင်းနွမ်းနေပြီးဖြစ်၍ ဂဏန်းများမှာ မထင်ရှား၍ မှားနိုင်ပါသည်။ နားကြားလွဲနိုင်သော ဂဏန်းများအနေဖြင့် နှစ်၊ ခုနစ်၊ ရှစ် တို့မှားနိုင်ပါသည်။ သုံးနှင့် ကိုးသည်လည်း နားကြားလွဲနိုင်သော ဂဏန်းများဖြစ်ပါသည်။

ရန်ကုန်မြို့ကဲ့သို့ ဒေသတွင်လည်း လက်ရှိရပ်ကွက်တွင် နေထိုင်ခြင်း မရှိသူများပါနေခြင်း၊ ပါသင့်သူများ မပါခြင်းသည်လည်း လက်ရှိဆောင်ရွက်ချက်များကို လေ့လာသိရှိပါက အမှားဟုပြောဆိုရန်ခက်ခဲပါသည်။

ယခုပညာပေးနေသော 'ထောင်မင်းသားနှင့်တွေ့ဆုံခြင်း' 'ကျားခင်စိန်နှင့် တွေ့ဆုံခြင်း'စသော ပညာပေးဇာတ်လမ်းများကို ကြည့်ရှုပါက ကောင်းစွာနားလည်သဘောပေါက်မည်ဟုထင်ပါသည်။ တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့လျှင် အိမ်ထောင်စုစာရင်းကိုပြောင်းရွှေ့ရမည်ဖြစ်သော်လည်း စာရင်းပြောင်းရွှေ့ခြင်း မရှိပါက မူလစာရင်းရှိသည့်နေရာ၏ မဲစာရင်းတွင်သာ ပါရှိမည်ဖြစ်ပါသည်။ အလားတူပင် မိမိလက်ရှိနေထိုင်သည့်နေရာတွင် အိမ်ထောင်စုစာရင်းမသွင်းထားပါက မည်မျှကြာရှည်စွာနေထိုင်ခဲ့သည်ဖြစ်စေ၊ လက်ရှိနေရာတွင် စာရင်းပါမည် မဟုတ်ပါ။

အချို့သော အိမ်ထောင်စုစာရင်းများတွင် မိဘအမည် အပြည့်အစုံဖြည့်စွက်ထားခြင်းမရှိသော စာရင်းများကိုပင် တွေ့ရှိရပါသည်။ အိမ်ထောင်စုစာရင်းတွင် ပြည့်စုံစွာဖြည့်ထားခြင်းမရှိပါက ယင်းနေရာတွင် ကွက်လပ်များ ဖြစ်နေမည်ဖြစ်ပါသည်။ အချို့မှာလည်း မိမိပတ်ဝန်းကျင်နီးစပ်ရာပုဂ္ဂိုလ်များဖြစ်နေ၍ မေးမြန်းကာဖြည့်စွက်ပေးခဲ့သည်လည်း ရှိပါသည်။

**စာမျက်နှာ ၇ သို့** ❖

ပြည်တွင်းရေးရာ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန်  ဇူလိုင်  ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး**(ယာပုံ)**၊ ကော်မရှင်အဖွဲ့ဝင်များနှင့် အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း ၅၁ ဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်း ကိုးဖွဲ့မှ တာဝန်ရှိသူ ၆၆ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ယနေ့အစည်းအဝေးသည် ကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းခြင်း သတ္တမအကြိမ်မြောက်ဖြစ်ကြောင်း၊ ယခုလို တွေ့ဆုံညှိနှိုင်းပူးပေါင်းဆောင်ရွက်ခဲ့သဖြင့် ယခင်ရွေးကောက်ပွဲများ၏ အားနည်းချက်၊ လိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွက်လည်း များစွာအထောက်အကူဖြစ်ခဲ့ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းရာတွင် ရွေးကောက်ပွဲသည် အသက်တမျှအရေးကြီးကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ရွေးကောက်ပွဲကို စိတ်ဝင်တစားစောင့်ကြည့်နေကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာမှုရှိစွာ ကျင်းပပေးမည်ဖြစ်ပြီး ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးခြင်းသည် နိုင်ငံ၏ ဂုဏ်သိက္ခာ၊ နိုင်ငံ၏ပုံရိပ်ဖြစ်ကြောင်း။

လူမှုအဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ဘက်လိုက်မှုကင်းသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းကို ဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအနေဖြင့် ရွေးကောက်ပွဲတွင် ကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် မီဒီယာများသည် ဥပဒေနှင့်အညီ ဆောင်ရွက်မှု ရှိ/ မရှိနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ အားနည်းချက်၊ အားသာချက်များကို ကြည့်ရှုမှတ်တမ်းပြုစုပြီး Report ရေးသားတင်ပြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်မိစေရန် အထူးသတိချပ်စေလိုကြောင်း၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများကို UEC Website တွင် ဖိတ်ခေါ်ထားပါကြောင်း၊




ပြည်တွင်းစောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ်များနှင့်အညီ ကော်မရှင်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် မိမိတို့ စောင့်ကြည့်လေ့လာလိုသည့်အပေါ် မူတည်၍ လျှောက်ထားနိုင်ကြောင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူအားလုံးအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများကျင့်ဝတ်ကို လိုက်နာရန်လိုကြောင်း။

ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကိုလည်းကောင်း၊ လွှတ်တော်များအလိုက် မဲဆန္ဒနယ်များကိုလည်းကောင်း၊ လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် စပ်လျဉ်းသည့်နေ့ရက်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း စိစစ်ပြီးပါက လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းကြေညာခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ Election Campaign ဆောင်ရွက်မည့်ကာလကို သတ်မှတ်ကြေညာသွားမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့်ကာလအလိုက်၊ လုပ်ငန်းစဉ်အလိုက် စောင့်ကြည့်လေ့လာရေး ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း။

မဲစာရင်းများကြေညာသည့်အခါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်မဆုံးရှုံးရအောင် မဲစာရင်းတွင်အမည်ပါရှိရေး၊ ပယ်မဲမဖြစ်အောင် မှန်ကန်စွာမဲပေးနိုင်ရေးတို့အတွက် လူမှုအဖွဲ့စည်းများအနေဖြင့် ပြည်သူလူထုအား အသိပညာပေးဆောင်ရွက်ခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အခြေခံမဲစာရင်းကြေညာသည့်လုပ်ငန်းစဉ်မှ ရရှိသည့်သင်ခန်းစာများနှင့် တစ်နိုင်ငံလုံး မဲစာရင်းကြေညာမည့်လုပ်ငန်းစဉ်အား ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က ရှင်းလင်းဆွေးနွေးပြီးနောက် တံဆိပ်တုံးနှင့် မဲပေးသည့် စနစ်အပေါ် ခိုင်လုံမဲ၊ ပယ်မဲနှင့်စပ်လျဉ်း၍ လူမှုအဖွဲ့အစည်းများမှ အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုဖြေရှင်းခြင်းနှင့် ပတ်သက်၍ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုကလည်းကောင်း၊ ကျား/မ ညီမျှရေး လုပ်ငန်းတိုးတက်မှု အခြေအနေနှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်မြင့်ကြည်ကလည်းကောင်း၊ မြန်မာနိုင်ငံရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်ကွန်ရက် (MERIN-Myanmar Electoral Resources and Information Network) နှင့် စပ်လျဉ်း၍ IFES နှင့် MERIN မှ တာဝန်ရှိသူများကလည်းကောင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများဆိုင်ရာ အသိအမှတ်ပြုလွှာလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်ကလည်းကောင်း ရှင်းလင်းဆွေးနွေးပြီးနောက် တက်ရောက်လာသူများက သိရှိလိုသည့်မေးမြန်းချက်များအပေါ် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာမှုရှိစွာ ကျင်းပနိုင်ရေးအတွက် လူမှုအဖွဲ့အစည်းများ၏ စွမ်းအားမှာ မဖြစ်မနေလိုအပ်သဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

**(သတင်းစဉ်)**

---

❖ **စာမျက်နှာ ၆ မှ**

ဤနေရာတွင်လည်း မဲစာရင်းစိစစ်သူများက စာရင်းတွင်မရှိဘဲ မိခင်၊ ဖခင် နာမည်ဖြည့်စွက်ထား၍ အမှားစာရင်းတွင် ထည့်ထားသည်ကိုလည်း တွေ့ရပြန်ပါသည်။

ယခုတင်ပြချက်များမှာ အမှားများရှိနေသည်ကို ငြင်းချက်ထုတ်ခြင်းမဟုတ်ပါ။ အထက်ပါအကြောင်းအကျိုးများကြောင့်လည်းကောင်း၊ စာရင်းသွင်းရာတွင် အားနည်းချက်များကြောင့်လည်းကောင်း၊ အမှားများပေါ်ပေါက်ခြင်းဖြစ်ကြောင်း သိစေလိုခြင်းဖြစ်ပါသည်။ ဤကဲ့သို့ အမှားများပေါ်ပေါက်တတ်သဖြင့် ရွေးကောက်ပွဲနည်းဥပဒေပုဒ်မ ၅၀ (ဂ) တွင် မဲစာရင်း၌ အနည်းငယ်မှားယွင်းခြင်း၊ ချို့ငဲ့ခြင်း၊ ချွတ်ချော်ခြင်းများကိုပြင်ဆင်၍ မဲပေးခွင့်ရှိရမည်။ ယင်းသို့ ပြင်ဆင်ခွင့်ပြုချက်များကို မဲပေးသည့်နေ့၌ပင်လျှင်မဲရုံမှူးသည် ပုံစံ ၁၂ ဖြင့် အကျိုးအကြောင်း အကျဉ်းချုပ်ကိုရေးသားမှတ်တမ်းတင်ရန်ပြဋ္ဌာန်းထားပါသည်။ အရေးအကူမှားယွင်းမှုရှိသော်လည်း မဲပေးခွင့်ဆုံးရှုံးမှုမရှိသည်ကို သိစေလိုပါသည်။

ကွင်းဆင်းခဲ့ရာဒေသတစ်လျှောက်တွင် အချို့သောပါတီများက မဲစာရင်းမှန်ကန်ရေး စိစစ်ဆောင်ရွက်နေသည်ဟုသိရပါသည်။ သို့သော် ဤကဲ့သို့အကူအညီပေးရာတွင် လက်ရှိစာရင်းပြုစုနေသည့် အခြေအနေ၊ လုပ်ငန်းပမာဏအတိုင်းအတာ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို သိရှိနားလည်သဘောပေါက်မှသာ ပိုမိုထိရောက်သော ကူညီမှုများဖြစ်လာပါမည်။ အချို့သော ကော်မရှင်များ၏တင်ပြချက်အရ မဲစာရင်းစိစစ်သူများက မဲစာရင်းတွင်မပါသော စာရင်းဟူ၍ လာရောက်ပေးပို့ခြင်းများရှိခဲ့သည်။ သို့သော် အချို့သောစာရင်းမှာ ယခုသတ်မှတ်ထားသော ပုံစံ ၃၊ ၄၊ ၄(က) စသည်ဖြင့် တင်ပြခြင်းရှိသူများရှိသကဲ့သို့ ယင်းပုံစံများအတိုင်းမဟုတ်ဘဲ မဲစာရင်းမပါသူများကို စာရင်းကောက်ယူကာ သတ်မှတ်ရက်ကျော်မှ လာရောက်ပေးအပ်သူများလည်းရှိသည်ဟု သိရပါသည်။ ဤသည်မှာလည်း မဲစာရင်းမပါသူတိုင်း ပုံစံ (၃) စာရင်းလာရောက်ပေးပါက ပုံစံပါအထောက်အထားများ၊ ထောက်ခံချက်များ ပြည့်စုံရန် လိုအပ်ပါသည်။ မဲဆန္ဒပေးခွင့်ရရှိသူ ဟုတ်/မဟုတ် စိစစ်ရန်လိုပါသည်။ မပြည့်စုံပါက မဲစာရင်းတွင် ပါမည်မဟုတ်ပါ။ ဥပဒေနှင့်မညီပါကလည်း မဲစာရင်းတွင် ထည့်ပေးနိုင်မည်မဟုတ်ပါ။

မဲစာရင်းများမှားနေသည်ဟုဆိုရာတွင် အမှားရှိသည်ကို ငြင်းစရာအကြောင်းမရှိသော်လည်း အမှားရာခိုင်နှုန်းများဖော်ပြရာတွင် ၈၀ ရာခိုင်နှုန်း မှားနေသည်ဆိုသည်မှာ မည်သည့်အချက်ပေါ်တွင် သုံးသပ်သည်ကိုမသိရပါ။ ခရိုင်တစ်ခုတွင် မဲစာရင်းစိစစ်ရေးဆောင်ရွက်နေသည့် ပါတီတစ်ခုမှ ၇၀ ရာခိုင်နှုန်း မှားနေသည်ဟုတင်ပြပါသည်။ အမှားများသည်ဆိုသော ရပ်ကွက်/ကျေးရွာများကို အတိအကျတင်ပြပေးရန် မေးမြန်းသောအခါ တိကျသောအဖြေမရခဲ့ပါ။ တိကျစွာသိရှိပါက ယင်းအမှားများကို အမြန်ဆုံး အမှန်ဖြစ်ရေးကူညီပေးနိုင်ရန် မေးမြန်းခဲ့ခြင်းဖြစ်ပါသည်။

သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက မဲစာရင်းကိုလာရောက်ကြည့်ရှုသူ၊ ပြင်ဆင်ကန့်ကွက်၊ ဖြည့်စွက်ပုံစံများ တင်သွင်းသူများစာရင်းကို အသီးသီးကောက်ယူထားကြပါသည်။ ပုံစံ (၃)မှာ မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုလွှာဖြစ်ပါသည်။ ပုံစံ (၄)မှာ မဲစာရင်းနှင့် စပ်လျဉ်းသော ကန့်ကွက်လွှာဖြစ်ပြီး ပုံစံ ၄ (က) မှာ မဲစာရင်းနှင့်စပ်လျဉ်းသော ပြင်ဆင်လွှာဖြစ်ပါသည်။ ဤသို့ ဖြည့်စွက်၊ ကန့်ကွက်၊ ပြင်ဆင်ရန် တောင်းခံလွှာရရှိမှုကို ကြည့်သောအခါ ခရိုင်ကိုလိုက်၍ အနည်းဆုံး ၁၅ ရာခိုင်နှုန်းနှင့် အများဆုံး ၃၀ ရာခိုင်နှုန်းအထိသာ ရရှိခဲ့ကြောင်း သိရပါသည်။ ၈၀ ရာခိုင်နှုန်း အမှားများကြောင့် ရွေးကောက်ပွဲမှာ မျှတမှုရှိမည်မဟုတ်ဟူသော ကောက်ချက်များသည် မှန်၊ မမှန် သိသာနိုင်ပါသည်။

အချို့ကလည်း မဲစာရင်းမှားနေ၍ မသမာမှုများဖြစ်လာနိုင်သည်ဟူ၍လည်းကောင်း၊ သန်းခေါင်စာရင်းပါ လူဦးရေနှင့်ညှိကာ လူဦးရေမည်မျှ မဲပေးခွင့်ရနိုင်မည်မဟုတ်ဟူ၍လည်းကောင်း ရေးသားပြောဆိုနေကြသည်ကိုလည်းတွေ့ရပါသည်။ သို့သော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲပေးခွင့်ရှိသူတိုင်း မဲစာရင်းပါရေးအတွက် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ကျေးလက်တောရွာအများစုတွင် နှစ်ပေါင်းများစွာ နေထိုင်သည့် ဒေသခံများဖြစ်သော်လည်း အိမ်ထောင်စုစာရင်း မရှိသူ၊ မှတ်ပုံတင်မရှိသူများအား ဥပဒေနှင့်အညီ မဲဆန္ဒပေးပိုင်ခွင့် ရှိသူဖြစ်ကြောင်း သက်ဆိုင်ရာ ရပ်/ ကျေးရှိအထောက်အကူပြုကော်မတီများမှ ထောက်ခံခြင်းဖြင့် မဲစာရင်းကို ထည့်သွင်းခွင့်ပြုခဲ့ပါသည်။

ယခင်က မဲပေးခွင့်ရှိပြီး မဲစာရင်းမပါသူများမှာလည်း ယခင်ကဥပဒေများအရ မဲပေးခွင့်ရခဲ့သော ယာယီသက်သေခံကတ်ကိုင်ဆောင်သူများမှာ မကြာမီက လွှတ်တော်မှ ပြင်ဆင်ချက်အရ ယင်းပုဂ္ဂိုလ်များ မဲစာရင်းတွင်ပါတော့မည်မဟုတ်ပါ။ သို့သော် ဤကိစ္စနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးဌာနမှ မိုးပွင့်စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပါသည်။ ယင်းဌာန၏ဆောင်ရွက်ချက်များအရ ဤပုဂ္ဂိုလ်များထဲမှ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများကို စိစစ်ထုတ်ပြန်ပေးနိုင်ပါက ဥပဒေနှင့်အညီ မဲစာရင်းတွင် ပြန်လည်ထည့်သွင်းပေးမည်ဖြစ်ပါသည်။

ယခုမဲစာရင်းပြုစုပြီး ကပ်ထားကြေညာရသော ရည်ရွယ်ချက်မှာလည်း မဲစာရင်းအမှားများကို မြင်၍ အမှန်ပြင်နိုင်ရန်ဖြစ်ပါသည်။ သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ ကိုယ်ရေးအချက်အလက်အမှန်များကို စာရင်းသွင်းသူများက မည်သည့်နည်းနှင့်မျှ အမှန်အားလုံးသိရှိနိုင်မည်မဟုတ်ပါ။ ဤသို့အမှားများကို ဖော်ထုတ်ပြသ၍ သက်ဆိုင်ရာပုဂ္ဂိုလ်များက အမှန်ပြင်ပေးကြလျှင် မှန်ကန်သောမဲစာရင်းကို ရရှိနိုင်မည်ဖြစ်ပါသည်။ မှန်ကန်သော မဲစာရင်းတစ်ခု ရရှိပါက နောက်နောင်သော ရွေးကောက်ပွဲများအတွက် မှန်ကန်သော အခြေခံမဲစာရင်းတစ်ခုရှိနေပြီး အချိန်အခါအလိုက်မဲစာရင်းများပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်း လွယ်ကူစွာပြုလုပ်နိုင်မည်ဖြစ်သည်။ ရွေးကောက်ပွဲနည်းဥပဒေပုဒ်မ ၉ တွင်လည်း မဲစာရင်းကပ်သည့်အချိန်တွင် မိမိအမည်မဲစာရင်းတွင် ပါ/မပါ ကြည့်ရှုရန်တာဝန်ရှိသည်ဟုလည်း ပြဋ္ဌာန်းထားပါသည်။ ပြည်သူတိုင်းသည် ကိုယ်စီကိုယ်ငှတာဝန်ထမ်းဆောင်ပါက အောင်မြင်မှုရမည်မှာ မလွဲမသွေပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကျင့်သုံးသောစနစ်ကိုလည်း သတိပြုရန်လိုပါသည်။ မဲဆန္ဒကို ပေးလိုကပေးနိုင်ပြီး ပေးလိုခြင်း မရှိပါက မပေးဘဲနေနိုင်သည့်စနစ်ဖြစ်သည်။ အချို့နိုင်ငံများတွင် မဲမပေးမနေရစနစ်ဖြစ်၍ လူတိုင်း မဲဆန္ဒပေးရန် မှတ်ပုံတင်ရသော စနစ်ကျင့်သုံးသည်ကိုလည်း လေ့လာရပါသည်။ မြန်မာနိုင်ငံတွင်မူ မိမိဆန္ဒအလျောက် မဲပေး၊ မပေး ဆောင်ရွက်နိုင်ခွင့်ရှိသည်ဖြစ်ရာ မဲစာရင်းတွင် မိမိအမည်ပါရေးသည် ပြည်သူများတွင်လည်း တာဝန်ရှိပါသည်။ ယခုအခါ မဲစာရင်းတွင် အမည် ပါ/မပါ လာရောက်ကြည့်ရှုသူရာခိုင်နှုန်းမှာ ဒေသကိုလိုက်၍ အချို့ဒေသတွင် အလွန်နည်းပါးနေသည်ကို တွေ့ရပါသည်။ ကြည့်ရှုပြီး ဝိုင်းဝန်းပြင်ဆင်ပေးမှသာ အမှန်မဲစာရင်းဖြစ်လာပါမည်။

အချုပ်အားဖြင့်ပြောရလျှင် **မဲစာရင်းအမှားများကြောင့် မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။** မဲစာရင်းအမှားကြောင့် မသမာမှုမဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေပါသည်။ လက်ရှိအမှားများကို အမှန်ကန်ဆုံးဖြစ်စေရန် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နေသည်ဖြစ်၍ လက်ရှိပူးပေါင်းဆောင်ရွက်နေသော လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ပြည်သူများက ဥပဒေနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပါက မသမာမှုများအတွက် စိုးရိမ်စရာမရှိနိုင်ပါ။

အရေးကြီးဆုံးမှာ **မဲစာရင်းတွင် အမည်မပါပါက မဲပေးခွင့်ရရှိနိုင်မည်မဟုတ်သည်ကိုတော့ သိရှိကြရန်လိုအပ်ပါသည်။** ထို့ကြောင့် ရွေးကောက်ပွဲနီးလျှင် နောက်ဆုံးမဲစာရင်းတစ်ကြိမ် ထပ်မံကြေညာပါဦးမည်။ ထိုအချိန်ကျလျှင်ပြင်ဆင်ရန် ၁၄ ရက်ခွင့်ပြုဦးမည်ဖြစ်ပြီး ယင်းမဲစာရင်းသည် ရွေးကောက်ပွဲအတွက် မဲစာရင်းဖြစ်ပါသည်။ ထို့ကြောင့် မဲစာရင်းကပ်သည့်အခါ ကြည့်၍ အမှားပြင်ပေး အမှန်ရောက်ရေးကို ဝိုင်းဝန်းကြိုးပမ်းပေးရန် နှိုးဆော်အပ်ပါသည်။ ။

❒ ❒ ❒

# ပြည်တွင်းရေးရာ

## ☆ နိုင်ငံတော်သမ္မတမှ

အဆိုပါ လေဆိပ်ဧည့်ခန်းမ၌ MJAS မှ ဒုတိယဥက္ကဋ္ဌ Mr.Futoshi Hiroi နှင့် အထွေထွေမန်နေဂျာ Mr. Yosuke Shigemori တို့က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၃၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဦးအုန်းမြင့်တို့ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ကန့်ဘလူမြို့သို့ ရောက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကန့်ဘလူမြို့မှ ဆက်လက်ထွက်ခွာရာ မင်းမြင်ရေလှောင်တမံသို့ရောက်ရှိပြီး ဇူလိုင်လအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဖြစ်ပွားခဲ့သည့် တမံရေတိုက်စားမှုအား ရှေ့ဘိုတပ်နယ်မှ တပ်မတော်သားများက ပြန်လည်ပြုပြင်လုပ်အားပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဝန်ကြီးချုပ်တို့က လုပ်အားပေးနေသည့် တပ်မတော်သားများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် တမံအတွင်း ရေစီးဝင်မှု၊ ရေတိုက်စားခဲ့မှုနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တမံအနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ မိုးရွာသွန်းမှုနှင့် စိုက်ပျိုးရေးအခြေအနေတို့ကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တမံစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦးက တမံဆိုင်ရာအချက်အလက်များ၊ ရေသိုလှောင်နိုင်မှု၊ ဇူလိုင်လအတွင်း ထူးကဲစွာ နေ့၊ ညမပြတ် မိုးရွာသွန်းမှုကြောင့် ဆည်အတွင်း ရေဝင်ရောက်လာမှု၊ ရေများတမံပေါ်ကျော်ခဲ့မှု၊ ဆည်အောက်ရှိ ကျေးရွာများအား ရွှေ့ပြောင်းပေးခဲ့မှုနှင့် ဆည်တမံများအား မကျိုးပေါက်အောင် စီမံဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့က ဆည်တမံများ ကြံ့ခိုင်ရေးနှင့် ထူးကဲမိုးရွာသွန်းမှုကြောင့် ရေကြီး၊ ရေလျှံမှုများ မဖြစ်ပေါ်စေရန်အတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။



**MJAS မှ ဒုတိယဥက္ကဋ္ဌ Mr.Futoshi Hiroi နှင့် အထွေထွေမန်နေဂျာ Mr. Yosuke Shigemori တို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၃၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဦးအုန်းမြင့်တို့ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**မင်းမြင်ရေလှောင်တမံ၌ တပ်မတော်သားများ လုပ်အားပေးနေကြစဉ်။** (မြဝတီ)

ယင်းနောက် နိုင်ငံတော်သမ္မတက ကြုံတောင့်ကြုံခဲ ဖြစ်ပွားခဲ့ခြင်းဖြစ်သော်လည်း ဆည်များကို ခိုင်ခံ့မှုအပြည့်အဝရရှိရန်အတွက် စနစ်တကျ စီမံဆောင်ရွက်ကြရန်နှင့် မိုးနှောင်းကာလတွင် ထပ်မံရွာသွန်းရန် ကျန်ရှိနိုင်မှုကို ကြိုတင်ခန့်မှန်းပြီး လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ တစ်နိုင်ငံလုံးရှိ ဆည်တမံများ ကြံ့ခိုင်ကောင်းမွန်ရေး စစ်ဆေးဆောင်ရွက်သွားရန်၊ မင်းမြင်ရေလှောင်တမံ ကျိုးပေါက်မှုမရှိအောင် ထိန်းသိမ်းနိုင်ခြင်းမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှု၊ ဌာနဆိုင်ရာများ၏ ကျွမ်းကျင်မှု၊ တပ်မတော်သားများနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အလားတူ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် သဖန်းဆိပ်ရေလှောင်တမံစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ညွှန်ကြားရေးမှူး ဦးကြည်ဆွေက တမံဆိုင်ရာအချက်အလက်များ၊ ရေသိုလှောင်နိုင်မှု၊ လအလိုက် မိုးရွာသွန်းမှု၊ ယခုနှစ် ရေဝင်ရောက်မှုနှင့် ယမန်နှစ်များက ရေဝင်ရောက်ခဲ့မှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဝန်ကြီးချုပ် ဦးသာအေးတို့က စိုက်ပျိုးရေရရှိရေး၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးတို့အတွက် ရေပေးဝေမှုအခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၉ သို့ ❐



**စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းမည့် ထောက်ပံ့ပစ္စည်းများကို တွေ့ရစဉ်။**

(ဓာတ်ပုံ-ဂျက်စတင်မင်း Facebook)

ပြည်တွင်းရေးရာ

❒ စာမျက်နှာ ၈ မှ

ယင်းနောက် နိုင်ငံတော်သမ္မတက ဆည်ကြွခိုင်မှုကို အမြဲမပြတ် စစ်ဆေးရန်၊ ရေကင်းချထားရန်၊ နှစ်စဉ်ဆည်အတွင်း သဲနုန်းပို့မှုကို တွက်ချက်ပြီး စိုးရိမ်ရေအမှတ်ကို ပြန်လည်စစ်ဆေးသွားရန်၊ ဆည်ရေကို အကျိုးရှိစွာ အသုံးချနိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သဖန်းဆိပ်ရေလှောင်တမံအတွင်း ရေစီးဝင်မှု၊ ရေသိုလှောင်ထားရှိမှု၊ တမံကြွခိုင်မှုအခြေအနေနှင့် ရေယူအဆောက်အအုံရှိ ဆည်ရေထုတ်တံခါးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သဖန်းဆိပ်ရေလှောင်တမံသည် အရှေ့တောင်အာရှတွင် အလျားအရှည်ဆုံး ဆည်တစ်ခုဖြစ်ပြီး နှစ်စဉ်ပျမ်းမျှစပါးစိုက်ဧက ၈ ဒသမ ၂ သိန်းကို အကျိုးပြုလျက်ရှိသည့်အပြင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုမှာ နှစ်စဉ်ပျမ်းမျှ ၁၁၈ ဒသမ ၄၉၅ ကီလိုဝပ် နာရီသန်းဖြစ်ကြောင်း သိရသည်။

ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ၂၈၈၀၀၀၀ ဖြစ်ပြီး လက်ရှိကန်ရေပြည့်ပမာဏမှာ ဧကပေ ၂၀၁၀၀၀၀ ရှိသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ကျွန်းလှမြို့သို့ ရောက်ရှိပြီး ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကျွန်းလှမြို့နယ် စုပေါင်းခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့က မြို့နယ်အတွင်း ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည့် ပညာရေး၊ ကျေးရွာလျှပ်စစ်မီးရရှိရေးနှင့် မြို့တွင်းလမ်းများ၊ အဆင့်မြှင့်တင်ရေးတို့ကို တင်ပြကြသည်။

ယင်းနောက် ဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီးတွင် ဇူလိုင်လအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ကသာခရိုင်၊ ကန့်ဘလူခရိုင်နှင့် ရွှေဘိုခရိုင်များတွင် ရေကြီးရေလျှံဖြစ်ပေါ်မှု၊ သဘာဝဘေးကာကွယ်ရေးအစီအမံများ ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို တင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ဒေသခံများ၏ တင်ပြချက်များကို ပြန်လည်စိစစ်၍ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

မြို့နယ်တစ်မြို့နယ်၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်စေရန်မှာ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရန် လိုအပ်သကဲ့သို့ တယ်လီဖုန်းဆက်သွယ်ရေးကွန်ရက်ကျယ်ပြန့်ကောင်းမွန်ပြီး လျှပ်စစ်မီးရရှိရန်လည်း လိုအပ်ပါကြောင်း။

ရရှိပြီးဖြစ်သော လျှပ်စစ်မီးကို သာမန်ကိစ္စရပ်များတွင် အသုံးပြုမှုဖြင့်ကျေနပ်မနေဘဲ ဒေသထွက်ကုန်များနှင့် သဘာဝအရင်းအမြစ်များကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်သည့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ထူထောင်လုပ်ကိုင်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ တစ်ဦးချင်းဝင်ငွေ တိုးတက်ပြီး မိမိတို့ဒေသသည်လည်း အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ပြင်သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးသည်လည်း အရေးကြီးပါကြောင်း။

ထိုသို့ လုပ်ဆောင်နိုင်ရန် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် အထူးလိုအပ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် မိမိတို့ မျိုးဆက်သစ်များကို ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ဉာဏ်သွေး မြင့်မားသူများဖြစ်အောင် ပြုစုပျိုးထောင်ကြရန် လိုအပ်ပါကြောင်း။

ထို့ပြင် စည်းလုံးညီညွတ်မှုရှိရန်နှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုရှိရန်လည်း အထူးလိုအပ်ပါကြောင်း၊ ကျွန်းလှမြို့သည် တည်ငြိမ်အေးချမ်းသည့် ဒေသတစ်ခုဖြစ်သည့်အတွက် စည်းစည်းလုံးလုံး တက်ညီလက်ညီဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျှင် အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

စစ်ကိုင်းဒေသကြီးအတွင်း ဇူလိုင် ၁၄ ရက်မှ ၁၈ ရက်အထိ မိုးသည်းထန်စွာရွာသွန်းခဲ့ရာတွင် ဇူလိုင် ၁၈ ရက် ၉ နာရီခွဲက တိုင်းထွာချက်များအရ ကန့်ဘလူစခန်း၌ မိုးရေချိန်မှာ ၇ ဒသမ ၈၃ လက်မအထိရှိခဲ့သဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၂၄ နှစ်အတွင်း စံချိန်သစ်တင်ခဲ့သည်။

ထိုသို့ စံချိန်တင်ရွာသွန်းမိုးကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာ၊ ထီးချိုင့်၊ ကောလင်း၊ အင်းတော်၊ ဝန်းသို၊ ပင်လည်ဘူး၊ မင်းကင်း၊ ဒီပဲယင်း၊ ကန့်ဘလူ၊ ကျွန်းလှ၊ တန့်ဆည်၊ ရေဦးနှင့် ဘုတလင်မြို့နယ်များအတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၁၄၂ အုပ်စုမှ တောင်သူပေါင်း ၁၃၈၅၁ ဦး၏ နွေစပါး ၂၄၅၃ ဧက၊ မိုးစပါး ၃၆၆၈၉ ဧကနှင့် မိုးစပါးပျိုးခင်း ၃၁၄၇ ဧကတို့ ရေကြီးနစ်မြုပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကျွန်းလှမြို့ စုပေါင်းခန်းမ၌ ရေဘေးသင့်ပြည်သူများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းစဉ်။**
(သတင်းစဉ်)

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ကမ်းပါးပြိုကျသည့်နေရာနှင့် ကားလမ်းရေကျော်သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၀**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးတစ်ဝိုက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နမ့်ရင်ချောင်းနှင့် နမ့်ကောင်းချောင်းများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ဇူလိုင် ၁၈ ရက် နံနက်ပိုင်းမှစ၍ ရပ်ကွက်များအတွင်း ရေများဝင်ရောက်ခဲ့သဖြင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တပ်မတော်သားများက ဒေသခံပြည်သူများနှင့် ပစ္စည်းများကို ကူညီရွှေ့ပြောင်းပေးခြင်းနှင့် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကာ စောင်၊ ခြင်ထောင်၊ ဆန်အိတ်၊ ထမင်းထုပ်များ၊ ရေသန့်ဘူးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကြသည်။

ယခုအခါ မိုးရွာသွန်းမှုနည်းပါးသွားသော်လည်း အဆိုပါမြို့နယ်တွင် ရေဝင်ရောက်မှုမှာ အနည်းငယ်သာ ကျဆင်းသဖြင့် တပ်မတော်သားများက ကယ်ဆယ်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် တောင်ပို့တစ်ရာကျေးရွာအုပ်စု ဝါသလကျေးရွာရှိ ဇလွန်-ဟင်္သာတ ရေကာတာအဟောင်း မိုင်တိုင်အမှတ် (၁၈/၀)မှ(၁၈/၁)အကြားနှင့်မိုင်တိုင်အမှတ်(၁၈/၂)နှင့်(၁၈/၃)အကြားတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ဇူလိုင် ၁၉ ရက်တွင် ရေကာတာအပြင်ဘက်မြစ်ကမ်းပါးသည် အလျားပေ ၆၅၀၊ အနံပေ ၃၀၀ ခန့်အထိ ပြိုကျခဲ့ပြီး ရေကာတာနှင့် ၂၆ ပေခန့်အကွာအထိ နီးကပ်စွာရောက်ရှိခဲ့သဖြင့် ဝါသလကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ အိမ်ထောင်စု ၁၇၁ စု၊ လူဦးရေ ၆၉၂ ဦးအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးလျက်ရှိသည်။

ထို့အပြင် အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာနနှင့်ဒေသခံပြည်သူများ ပူးပေါင်း၍ တာပေါင်ပြိုကျပျက်စီးမှုမရှိစေရေးအတွက် ငုတ်ရိုက်ခြင်း၊ မြေဖို့ခြင်း၊ သဲအိတ်ချခြင်းများ ကူညီဆောင်ရွက်ပေးပြီး နယ်မြေခံတပ်မှ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မုံရွာမြို့နယ် စတဲချောင်းမှ အိုးဘိုတောင်အင်းအတွင်း ရေအဆက်မပြတ်စီးဝင်ပြီး အင်းရေမြင့်တက်လျက်ရှိရာ လူနေရပ်ကွက်အတွင်းသို့ ရေများဝင်ရောက်လာနိုင်သဖြင့် အင်းတာပေါင်ရေစိမ့်မှုမရှိစေရန်နှင့် ရေကျော်မှုမဖြစ်စေရန်အတွက် အနောက်မြောက်တိုင်း စစ်ဌာနချုပ် မုံရွာတပ်နယ်မှ တပ်မတော်သားများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဆည်မြောင်းတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ရေစိမ့်နိုင်သည့် နေရာများအား မြေသားများ ဖို့ခြင်းနှင့် သဲအိတ်များချခြင်းများ ဆောင်ရွက်သည်။

၎င်းအပြင် အရာတော်မြို့နယ် အရာတော်-ရွာသာကြီး ကားလမ်းပေါ်ရှိ ဇရစ်ကျေးရွာနှင့် မူးမြစ်ကူး(သမရိုး) တံတားအကြား မူးမြစ်ရေလျှံမှုကြောင့် ကားလမ်းရေကျော်မှုဖြစ်ပေါ်လျက်ရှိရာ အရာတော်တပ်နယ်မှ တပ်မတော်သားများက ကားလမ်းများ ပျက်စီးမှုမရှိစေရေးနှင့် ရေတိုက်စားမှုဒဏ်ခံနိုင်ရေးအတွက် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ မြေသားများဖို့ပေးခြင်းနှင့် သဲအိတ်များချပေးခြင်းများ ဆောင်ရွက်ပေးလျက် ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

❒❒❒

# အောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၂၀

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** မာန်အောင်မြို့တွင် ၄ ဒသမ ၄၉ လက်မ၊ သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၉၀ လက်မ၊ လောင်းလုံးမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ တောင်ကုတ်မြို့တွင် ၃ ဒသမ ၇၀ လက်မ၊ တောင်ငူ(လေကြောင်း)တွင် ၂ ဒသမ ၈၃ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၇၁ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၆၇ လက်မ၊ နေပြည်တော် (လေဆိပ်)တွင် ၁ ဒသမ ၈၉ လက်မ၊ နေပြည်တော်(ပျဉ်းမနား)တွင် ၁ ဒသမ ၈၅ လက်မနှင့် နေပြည်တော်(လယ်ဝေး)တွင် ၁ ဒသမ ၇၃ လက်မတို့ဖြစ်ကြသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

# အမြို့မြို့အနယ်နယ်မှ အာဇာနည်နေ့အခမ်းအနားများ



**တာချီလိတ် ဇူလိုင် ၂၀။** ။ (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင် ၁၉ ရက်က တာချီလိတ်မြို့ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ဝန်ကြီးများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

**ကသာ ဇူလိုင် ၂၀။** ။ (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက်က ကသာမြို့ လမ်းမတော်လမ်းမကြီး မီတာ ၄၀၀ အားကစားကွင်းရှေ့၌ ကျင်းပရာ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် လွမ်းသူ့ပန်းခွေချ အလေးပြုခြင်းတို့ကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ဟိန်းမင်းနိုင်(ကသာ)**

**တောင်ငူ ဇူလိုင် ၂၀။** ။ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌(၆၈)နှစ်မြောက် အာဇာနည်နေ့ လွမ်းသူ့ပန်းခွေချပွဲအခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက တောင်ငူမြို့ အာဇာနည်ကျောက်တိုင်နှင့်ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ လူထုလူတန်းစားအဖွဲ့အစည်းအသီးသီး၊ ပါတီပေါင်းစုံ၊ NGO အဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက ချီတက်လွမ်းသူ့ပန်းခွေချအလေးပြုခဲ့ကြသည်။

**ဦးကျော်လှ(တောင်ငူ)**

**ညောင်ဦး ဇူလိုင် ၂၀။** ။ (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက်က ညောင်ဦးမြို့နယ် အမှတ်(၃)ရပ်ကွက် အာဇာနည်ကျောက်တိုင်ဝင်းအတွင်း ကျင်းပရာ တက်ရောက်လာကြသူများက လွမ်းသူ့ပန်းခွေများကို အာဇာနည်ခေါင်းဆောင်ကြီးများအား လေးစားဂုဏ်ပြုသောအားဖြင့် အာဇာနည်ကျောက်တိုင်ဆီသို့ အသီးသီးယူဆောင်လာကြပြီး နိုင်ငံတော်အလံအား အလေးပြုခဲ့ကြသည်။

**ရဲဝင်းနိုင် (IPRD)**

**မလှိုင် ဇူလိုင် ၂၀။** ။ (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီက မလှိုင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြပြီး နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အာဇာနည်ကျောက်တိုင်၌ လွမ်းသူ့ပန်းခွေများချခဲ့ကြကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

**နတ်တလင်း ဇူလိုင် ၂၀။** ။ (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီက ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ ဗိုလ်ချုပ်ပန်းခြံ၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ NGO များ၊ လူမှုရေးအဖွဲ့များ၊ နိုင်ငံရေးပါတီများ စုစုပေါင်းအင်အား ၅၀၀ ခန့်က ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုခဲ့ကြကြောင်း သိရသည်။

**(၀၇၁)**



# ပြည်ပ ဝယ်လိုအားကောင်းနေသည့် မြန်မာ့ကဏန်းဈေးကွက်



**ဖျာပုံ ဇူလိုင် ၂၀**

အရှေ့တောင်အာရှနိုင်ငံများတွင် ကဏန်းစားသုံးမှုများပြားလာသကဲ့သို့ ပြည်တွင်းပြည်ပ စားသောက်ဆိုင်များနှင့် ဟိုတယ်ကြီးများတွင်လည်း မြန်မာ့ကဏန်းကို နှစ်ခြိုက်စွာ စားသုံးနေကြပြီဖြစ်၍ ကဏန်းဈေးကွက် တွင်ကျယ်လျက်ရှိပြီး ရောင်းလိုအားထက် ဝယ်လိုအားကောင်းနေကြောင်း သိရသည်။

ယခုရက်ပိုင်းတွင် မြန်မာ့ကဏန်းများကို ပြည်ပနိုင်ငံများမှ ဝယ်ယူရန် ကမ်းလှမ်းလာသော်လည်း ကဏန်းမွေးမြူထုတ်လုပ်မှုများ သိသာစွာ ကျဆင်းနေကြောင်း မြန်မာနိုင်ငံ ကဏန်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာနှင့် ငပုတောမြို့နယ်များမှ ကဏန်းအများဆုံးထွက်ရှိကြပြီး ယခုရက်ပိုင်းအတွင်း ကဏန်းဒိုင်များမှ ဝယ်ဈေးများမှာ ကဏန်းအမ ခြောက်ကောင် တစ်ကီလိုလျှင် ကျပ် ၆၀၀၀၊ ကဏန်းအမ ခြောက်ကောင်အောက် တစ်ကီလိုလျှင် ကျပ် ၃၅၀၀၊ ကဏန်းအထီးလေးကောင် တစ်ကီလိုလျှင် ကျပ် ၆၀၀၀၊ ကဏန်းအထီး ခြောက်ကောင်တစ်ကီလိုလျှင် ကျပ် ၅၀၀၀ နှင့် ကဏန်းအထီး၊ အမ ကိုးကောင် တစ်ကီလိုလျှင် ကျပ် ၃၀၀၀ အထိ ဈေးကွက်လိုအပ်ချက်အရ ဈေးမြင့်ပြီး ဝယ်ယူနေရကြောင်း ဖျာပုံမြို့မှ ကဏန်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကဏန်းများကို သဘာဝအလျောက် ပေါက်ပွားမှုဖြင့် ဖမ်းယူရရှိနိုင်သကဲ့သို့ မွေးမြူခြင်းဖြင့်လည်း ရရှိနိုင်သည်။ နိုင်ငံအတွင်း ကဏန်းများကို ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှ ရာသီမရွေးရရှိနိုင်သည်။

မြန်မာ့ကဏန်းများကို တစ်ချိန်က တရုတ်နှင့် ထိုင်းနိုင်ငံတို့ကို အဓိကထားတင်ပို့ခဲ့သော်လည်း ယခုအခါ ဂျပန်၊ တောင်ကိုရီးယား၊ ဗီယက်နမ်နှင့် ဥရောပနိုင်ငံအများစုကပါ ဝယ်ယူရန် ကမ်းလှမ်းလာသည့်အတွက် ဈေးကွက်ကျယ်ပြန့်လာကြောင်း သိရသည်။

ကဏန်းဈေးကွက် ကျယ်ပြန့်ပြီး ဈေးနှုန်းမြင့်မားလာသည့်အတွက် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့ကပါ ကဏန်းမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော်လည်း မြန်မာ့ကဏန်းသည် ကြီးထွားပြီး အရသာပိုမိုကောင်းမွန်သဖြင့် ဈေးကွက်တွင် မြန်မာ့ကဏန်းက ဈေးကောင်းရလျက်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့လူဦးရေ တိုးပွားလာခြင်း၊ ကဏန်းစားသုံးသူ များပြားလာခြင်းတို့ကြောင့် ကဏန်းလိုအပ်ချက်သည် အနာဂတ်ကာလတွင် ယခုထက် ဈေးမြင့်လာနိုင်ကြောင်း လုပ်ငန်းကျွမ်းကျင်သူများက သုံးသပ်ကြသည်။

ကြီးပွားလိုသူတို့ စီးပွားရှာကြရာတွင် ခေတ်မီကဏန်းမွေးမြူနည်းပညာရပ်များကို လေ့လာပြီး အချိန်ရှိခိုက် လုံ့လစိုက်လျက် ကဏန်းမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်သင့်ပေသည်။

**အောင်ဝင်း(ဖျာပုံ)**

# ၂၀၁၅ ခုနှစ် (၂၃)ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းကြေညာချက်

**(ယမန်နေ့မှအဆက်)**

၈။ အုပ်စု(၆) ခုဒ္ဒကနိကာယ(၁) (သုတ္တန္တပိဋက) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် တစ်ပါး၊ တစ်ကျမ်းအောင် တစ်ပါးတို့ ဖြစ်ကြသည်။

၉။ အုပ်စု (၇) ခုဒ္ဒကနိကာယ (၂) (သုတ္တန္တပိဋက) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် တစ်ပါး၊ လေးကျမ်းအောင် တစ်ပါးတို့ဖြစ်ကြသည်။

၁၀။ အုပ်စု (၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) (ပထမပိုင်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် ၃၈ ပါး၊ တစ်ကျမ်းအောင် ၁၄ ပါးတို့ဖြစ်ကြသည်။

အဘိဓမ္မပိဋက(အဘိဓမ္မာ ပထမပိုင်း) နှစ်ကျမ်းအောင် ၃၈ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ်၊ ပူရ-၇၊ အရှင်ကေလာသ၊ အသက် (၄၇)နှစ်၊ အဘ-ဦးအောင်တင်၊ မဂ္ဂင်ပရိယတ္တိစာသင်တိုက်၊ အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ ဗဟ-၃၊ အရှင်ကိတ္တိဝိဒါလင်္ကာရ၊ အသက် (၂၅)နှစ်၊ အဘ-ဦးကြည်စိန်၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ ဒဂရ-၃၊ အရှင်သေဋ္ဌညာဏာလင်္ကာရ၊ အသက် (၃၆)နှစ်၊ အဘ-ဦးတင်စော၊ တိပိဋကမဟာ ဂန္ဓဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး။(တတိယ)

၁၁။ အုပ်စု (၉) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက) (ဒုတိယပိုင်း) လေးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင်တစ်ပါး၊ နှစ်ကျမ်းအောင် တစ်ပါးတို့ဖြစ်ကြသည်။

၁၂။ အုပ်စု (၁) ခုဒ္ဒကနိကာယ (ဝိနယပိဋက) ဝိနည်းအဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် တစ်ပါး၊ နှစ်ကျမ်းအောင် နှစ်ပါး၊ တစ်ကျမ်းအောင် သုံးပါးတို့ဖြစ်ကြသည်။

ဝိနည်းအဋ္ဌကထာသုံးကျမ်းအောင်တစ်ပါးမှာ အောက်ပါအတိုင်းဖြစ်သည်။

ခုံအမှတ်၊ မင်္ဂလာ-၁၊ ဦးခေမိသရ၊ အသက် (၂၈)နှစ်၊ အဘ-ဦးစက်ထွေး၊ တိပိဋကမဟာဂန္ဓာရုံကျောင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၃။ အုပ်စု (၂) ဒီဃနိကာယ(သုတ္တန္တပိဋက)ဒီဃနိကာယ်အဋ္ဌကထာ(မဟာဝိဒူတန်း)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် သုံးပါး၊ တစ်ကျမ်းအောင် တစ်ပါးတို့ဖြစ်ကြသည်။

ဒီဃနိကာယ်အဋ္ဌကထာ သုံးကျမ်းအောင် သုံးပါးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ခုံအမှတ်၊ စက-၁၊ ဦးပညောဘာသာလင်္ကာရ၊ အသက် (၃၂)နှစ်၊ အဘ-ဦးသန်းထွန်း၊ တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

(ခ) ခုံအမှတ်၊ စက-၂၊ ဦးသြဘာသဓဇ၊ အသက် (၂၉)နှစ်၊ အဘ-ဦးတင်လှ၊ ရွှေဟင်္သာတိုက်သစ်ကျောင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

(ဂ) ခုံအမှတ်၊ ပခ-၁၊ ဦးကုန္ဒာစာရာလင်္ကာရာဘိဝံသ၊ အသက် (၄၄)နှစ်၊ အဘ-ဦးရွှေ၊ သာမဏေကျော်စာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။

၁၄။ (၂၃) ကြိမ်မြောက် နိကာယ်စာမေးပွဲတွင် ဝိဒူတန်း အုပ်စု (၉) ခုနှင့် မဟာဝိဒူတန်း အုပ်စု (၂) ခုတို့၌ ကျမ်းစဉ်အလိုက်အောင်မြင်ကြသူပေါင်း ၃၁၁၂ ပါးတို့ဖြစ်သည်။

၁၅။ ယင်းအောင်စာရင်း အပြည့်အစုံကို တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့ရုံးများ၌လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးရုံးများ၌လည်းကောင်း၊ နိကာယ်စာဖြေဌာနရှိရာ မြို့နယ် သံဃနာယကအဖွဲ့များ၌လည်းကောင်း ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယခုဘဏ္ဍာရေးနှစ် ပထမသုံးလအတွင်း အက်ဖ်ဒီအိုင် ကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံထိ မြန်မာနိုင်ငံ ဆွဲဆောင်ထား

**နေပြည်တော် ဇူလိုင် ၂၀**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ အဆိုအရ မြန်မာနိုင်ငံသည် ဧပြီ ၁ ရက်တွင် စတင်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမသုံးလတာကာလအတွင်း နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံထိ ဆွဲဆောင်ထားနိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် သုံးနှစ်တာကာလတွင်လည်း ယင်း၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်များထက် ကျော်လွန်အောင် မြန်မာနိုင်ငံက ဆွဲဆောင်နိုင်ခဲ့ပြီး ယခုနှစ်အတွက် အက်ဖ်ဒီအိုင် ရည်မှန်းချက်ကို အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံ သတ်မှတ်ထားသည်။ သို့သော် လေ့လာသူအချို့က နိုဝင်ဘာ ၈ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲဝန်းကျင်ကာလတွင် ရင်းနှီးမြှုပ်နှံမှုဝင်ရောက်လာမှု ခေတ္တစဲသွားဖွယ်အလားအလာတစ်ရပ်က မြန်မာအစိုးရ၏ ရည်မှန်းချက်ပြည့်မီရေးအတွက် အခက်အခဲဖြစ်စေနိုင်သည်ဟု ဆိုသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမသုံးလအတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်လုပ်ရေး၊ ဆောက်လုပ်ရေး၊ အိမ်ခြံမြေနှင့် ဟိုတယ်ကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံ၌ ပြည်တွင်းနှင့်ပြည်ပကုမ္ပဏီ ၄၆ ခုပါဝင်သော စီမံကိန်းများကို အတည်ပြုပေးခဲ့သည်။

**(သုတ)**

## ဓာတ်ပုံမြင်ကွင်း



ရန်ကုန်ဆိပ်ကမ်းတွင် ဝန်တင်မျဉ်း (Load Line) ထက်ကျော်လွန်၍ ကုန်တင်ဆောင်ပါက အရေးယူခံရနိုင်သော်လည်း ဇူလိုင် ၁၉ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့လမ်းမတော် အမှတ်(၂) ဇောတံတားတွင် ဆိုက်ကပ်ထားသော ဝန်တင်မျဉ်းထက်ကျော်လွန်၍ မော်ကျွန်းမှ ဆန်အိတ်များတင်ဆောင်လာသော ပုဂ္ဂလိကလူစီးကုန်တင်နှစ်ထပ်ရေယာဉ်တစ်စင်းကို တွေ့ရစဉ်။ (မောင်စေအောင်)

## ကွင်းချောင်း ချောင်းရေကြီးရေလျှံမှုဖြစ်ပေါ်ကာ သွားလာရေးခက်ခဲ



**အင်းတော် ဇူလိုင် ၂၀**

အင်းတော်မြို့နယ်၌ မိုးရက်ဆက်ရွာသွန်းမှုကြောင့် ချောင်းမြောင်းများ ရေကြီးရေလျှံမှုဖြစ်ပေါ်ကာ ဇူလိုင် ၁၉ ရက်က ရွှေဘို-မြစ်ကြီးနား ကားလမ်း မိုင်တိုင်အမှတ် ၁၂၅/၂၃ ကွင်းချောင်း ချောင်းရေကြီးနေခြင်းကြောင့် ခရီးသွားလာရေးအဆင်ပြေစေရန် ထွန်စက်တစ်စီးဖြင့် ကားကြီး၊ ကားငယ်များအား ဆွဲပေးခြင်း၊ ပိန်းအင်းရွာနှင့် ကွင်းချောင်းရွာတို့မှ ဆိုင်ကယ်ထမ်းသူများက ခရီးသွားများနှင့် ဆိုင်ကယ်များအား ထမ်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**(ဓါတ်ပုံ)**

**(မောင်ချစ်လင်း)**

## ဇူလိုင် ၂၀ ရက် တနင်္လာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၄၅၀၀ |
| ၂ | ဧယာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၆၂၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၈၀၀၀ မှ ၁၃၅၀၀၀ |
| ၉ | စွန်တာ (ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၀၀၀၀ မှ ၅၂၀၀၀ |
| ၁၀ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၁ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၂၀၀၀ မှ ၉၀၀၀၀ |
| ၁၂ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၅၀၀ |
| ၁၃ | ပဲလွမ်းဖြူ (ပဲ) | ပဲခူး၊ မင်းလှ၊ မြစ်ဝကျွန်းပေါ် | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၄၀၀၀ မှ ၈၀၀၀၀ |
| ၁၄ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၂၀၀၀ မှ ၅၅၀၀၀ |
| ၁၅ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၉၀၀၀၀ မှ ၂၀၅၀၀၀ |
| ၁၆ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၄၀၀၀ မှ ၈၅၀၀၀ |
| ၁၇ | ပန်းနှမ်း(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၁၀၀၀၀ |
| ၁၈ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၇၀၀၀ မှ ၁၀၈၀၀၀ |
| ၁၉ | နှမ်းနက်(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၂၀၀၀၀ မှ ၁၆၀၀၀၀ |
| ၂၀ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၃၅ မှ ၈၈၀ |
| ၂၁ | ကြက်သွန်ဖြူ | ကျောက်မဲ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၆၀ မှ ၂၀၀၀ |
| ၂၂ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၅၀ မှ ၂၆၀၀ |
| ၂၃ | ပဲပုပ်(ရှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၂၀၀၀ မှ ၄၇၀၀၀ |
| ၂၄ | ပဲပုပ်(ဗမာ) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၅၀၀၀၀ |
| ၂၅ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀ မှ ၆၄၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |

## ခင်ဦးမြို့နယ်ရှိ ကျေးရွာများ ရေနစ်မြုပ်

**ခင်ဦး ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇူလိုင် ၁၈ ရက် ညပိုင်းမှစ၍ မူးမြစ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်သဖြင့် မူးမြစ်နှင့် နီးကပ်စွာရှိသော ကျေးရွာရှစ်ရွာတွင် ရေများဝင်ရောက်ခဲ့သဖြင့် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့သည်။

ကျေးရွာများတွင် ရေကြီးမှုဖြစ်ပေါ်သော်လည်း အဆောက်အအုံများ၊ လူ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များ အသေအပျောက်မရှိကြောင်း၊ ငါးရုံကြီးကျေးရွာနှင့် ရှားတောကျေးရွာချင်းဆက် ကွန်ကရစ်တံတားနှစ်စင်း ရေတိုက်စားပြီး ပျက်စီးခဲ့ကြောင်း သိရသည်။

"မိုးသည်းထန်စွာရွာတဲ့အတွက် ကျွန်တော်တို့ရွာမှာ ယာသီးနှံတွေ ရေနစ်မြုပ်နေတယ်။ ကျွန်တော်ဆိုရင် ပိဿာလေးရာလောက်ရမယ့် ငရုတ်ခင်းရယ်၊ နှစ်ဧကခွဲကျော်ရှိတဲ့ ပဲတီစိမ်းခင်းရော ပျက်စီးသွားတယ်။ တိရစ္ဆာန်တွေကိုတော့ ရေလွတ်ရာ ကားလမ်းပေါ်ကို ပြောင်းရွှေ့ထားရတယ်"ဟု မူးသာကျေးရွာမှ ဒေသခံ ဦးမင်းအောင်နိုင်က ပြောသည်။

**(ခင်ဦးစိုးဝေ)**



## ကြေးပိဿာချိန် ၄၅၀ ရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် မလှိုင်မြို့၌ စိုက်ထူ

**မလှိုင် ဇူလိုင် ၂၀**

မိတ္ထီလာခရိုင် မလှိုင်မြို့ စည်ပင်သာယာပန်းခြံအတွင်းရှိ ဂုဏ်ပြုခံအုတ်ခုံ၌ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ကို ယမန်နေ့ မွန်းလွဲပိုင်းက စိုက်ထူခဲ့ကြောင်း သိရသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ကို ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် မန္တလေးမြို့ ကြာငါးခိုင်ကြေးသွန်းလုပ်ငန်းတွင်အပ်နှံခဲ့ပြီး မလှိုင်မြို့သို့ ဇူလိုင် ၁၈ ရက် ညနေပိုင်းတွင် ရောက်ရှိခဲ့ရာ မြို့တွင်းသို့ လှည့်လည်ဂုဏ်ပြုခံခဲ့သည်။ ဗိုလ်ချုပ်ကြေးရုပ်မှာ အမြင့်ရှစ်ပေ၊ ကြေးပိဿာချိန် ၄၅၀ ခန့်ရှိပြီး ကြေးရုပ်ထားရှိသည့် အုတ်ခုံမှာ အမြင့်ခုနစ်ပေရှိကြောင်း သိရသည်။

"အခုလို ဗိုလ်ချုပ်ကြေးရုပ်ကို အောင်မြင်စွာစိုက်ထူနိုင်ခဲ့လို့ ဝမ်းသာဝမ်းနည်းဖြစ်ခဲ့ရပါတယ်။ ဝမ်းသာမှုဖြစ်တာက ကျွန်တော်တို့မြို့မှာ မရှိသေးတဲ့ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ကို စိုက်ထူနိုင်လို့ပါ။ ဝမ်းနည်းတာကတော့ အာဇာနည်နေ့နဲ့ တိုက်တိုက်ဆိုင်ဆိုင် ကြုံခဲ့လို့ပါ။ ကျွန်တော်တို့ လုပ်ဆောင်ခဲ့တာ ဘယ်ပါတီအနေနဲ့မှ ဆောင်ရွက်ခဲ့တာ မဟုတ်ပါဘူး။ လုပ်သင့်လုပ်ထိုက်တဲ့ အမျိုးသားနိုင်ငံရေးကို ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်" ဟု ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းက ပြောပြသည်။

**အောင်ဌေး(မလှိုင်)**



## ကောလင်းမြို့၌ မိုးရွာသွန်းမှုကြောင့် ရေကြီး

**ကောလင်း ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် ဇူလိုင် ၁၉ ရက်မှစတင်၍ မိုးများ ရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်ခဲ့ပြီး လွန်ခဲ့သောနှစ်ပေါင်း ၄၀ ခန့်က ရေကြီးမှုကဲ့သို့ ဖြစ်ကြောင်း သိရသည်။ အထက်ပိုင်းမိုးများပြီး အောက်ရေထောက်မှုကြောင့် ကောလင်းမြို့နယ်ရှိ ဇီးခုံ၊ ကြို့ခုံ၊ သရက်ခုံ၊ ရေကန်သာ၊ သဖန်းကုန်းရွာများတွင် ပျက်စီးမှုများစွာရှိကြောင်း သိရသည်။

အဆိုပါရေကြီးမှုကြောင့် အိမ်မွေးတိရစ္ဆာန်များ ရေမျောဆုံးရှုံးခဲ့ကြရပြီး အချို့မှာ အချိန်မီကယ်တင်မှုကြောင့် လွတ်မြောက်ခဲ့သည်။ သယ်ယူမှုပြုချိန်မရသော စပါးတိုက်များစွာ ရေနစ်ဆုံးရှုံးခဲ့ရသည်။

ရေလှိုင်းထန်မှုကြောင့် လူတစ်ဦး သေဆုံးခဲ့သည်။ ရေဘေးဒုက္ခသည်များသည် ကောလင်းမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများနှင့် နီးစပ်ရာကုန်းမြင့်ဒေသများ၌ ခိုလှုံနေကြရကြောင်းနှင့် မြို့နယ်မှ စားရေးသောက်ရေးကို ကူညီပေးလျက်ရှိကြောင်း သိရသည်။

**(ရွှေလင်းပြည့်စုံ)**



# အမေရိကန်က အာဖဂန်စစ်ဘက် စစ်ဆေးရေးဂိတ်ကို မှားယွင်း ဗုံးကြဲမိသဖြင့် ၁၀ ဦးသေဆုံး



**ကဘူး ဇူလိုင် ၂၀**

အာဖဂန်နစ္စတန်အရှေ့ပိုင်း လိုကာပြည်နယ်ရှိ စစ်ဘက်စစ်ဆေးရေးဂိတ်ကို အမေရိကန် ရဟတ်ယာဉ်၏ မှားယွင်းဗုံးကြဲတိုက်ခိုက်ခံခဲ့ရသောကြောင့် တပ်ဖွဲ့ဝင် ၁၀ ဦး သေဆုံးခဲ့ရကြောင်း အာဖဂန်နစ္စတန်နိုင်ငံ စစ်ဘက် အရာရှိတစ်ဦးက ဇူလိုင် ၂၀ ရက်နေ့တွင် ပြောကြားခဲ့သည်။

အမေရိကန် ရဟတ်ယာဉ်များသည် ယနေ့နံနက်ပိုင်းတွင် စစ်ဘက်စစ်ဆေးရေးဂိတ်ကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြကြောင်း၊ အနည်းဆုံး တပ်ဖွဲ့ဝင် ၁၀ ဦးသေဆုံးကာ ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ယခုတိုက်ခိုက်မှုသည် မှားယွင်းတိုက်ခိုက်မှုဖြစ်ပြီး အဆိုပါစစ်ဆေးရေးဂိတ်သည် အမေရိကန်၏ တိုက်ခိုက်ရေးပစ်မှတ်မဟုတ်ခဲ့ကြောင်း အမည်မဖော်လိုသူစစ်ဘက်အရာရှိတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူက ယခုဖြစ်ပွားခဲ့သော တိုက်ခိုက်မှုသည် မှားယွင်းတိုက်ခိုက်မှုဖြစ်ခဲ့သည်မှာ မှန်ကန်ကြောင်းနှင့် စစ်ဘက်ဆိုင်ရာမှ ယခုကိစ္စနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ဦးဆောင်သော အနောက်အုပ်စု မဟာမိတ်အဖွဲ့သည် ၂၀၁၄ ခုနှစ် နှစ်ကုန်တွင် အာဖဂန်နစ္စတန်နိုင်ငံ စစ်ဆင်ရေး တရားဝင်ပြီးဆုံးခဲ့ပြီး လက်ရှိအချိန်တွင် စစ်သည် ၁၃၀၀၀ ထားရှိပြီး ဒေသတွင်းလုံခြုံရေး တပ်ဖွဲ့အား လေ့ကျင့်ရေးနှင့် ညွှန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ဆင်ဟွာ။**

# အမေရိကန်နှင့်ကျူးဘား သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်၊ သံရုံးများဖွင့်လှစ်



**ဝါရှင်တန် ဇူလိုင် ၂၀**

အမေရိကန်ပြည်ထောင်စုနှင့် ကျူးဘားနိုင်ငံတို့သည် သံတမန်ဆက်ဆံရေး အသစ်တစ်ဖန်စတင်မှုကို ယနေ့တရားဝင်ပြုလုပ်ခဲ့ပြီး နှစ်နိုင်ငံမြို့တော်များ၌ သံရုံးများကိုပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ စစ်အေးခေတ်မှစ၍ ရန်ဘက်နိုင်ငံများအဖြစ် ရှိခဲ့ကြပြီး ဆယ်စုနှစ်ပေါင်းများစွာတိုင် တည်ရှိခဲ့သောအာဃာတများကို ပြည်ဖုံးကားချရန် ရည်ရွယ်၍ ယင်းသို့ လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

အမေရိကန်နှင့်ကျူးဘားနှစ်နိုင်ငံအကြား ရန်ငြိုးဖွဲ့မှုကို ချေဖျက်၍ တန်းတူရည်တူပူးပေါင်းလုပ်ဆောင်ရေး သဘောတူညီချက်ကို လအနည်းငယ်အတွင်း ရရှိခဲ့ပြီးနောက် ယင်းသို့သော သမိုင်းတွင်လောက်သည့် အလှည့်အပြောင်းတစ်ရပ်ကိုမြန်ဆန်စွာ ရရှိခဲ့ခြင်းလည်းဖြစ်သည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် ကျူးဘားနိုင်ငံအပေါ် အမေရိကန် အစိုးရအဆက်ဆက်က ထားရှိခဲ့သော မူဝါဒများကို သမိုင်းအမွေအဖြစ် လက်ခံထားသူဖြစ်သည်။

အိုဘားမား၏ အစိုးရအဖွဲ့က ထိန်းချုပ်မှု တင်းကျပ်လွန်းသော ကွန်မြူနစ်ဝါဒကျင့်သုံးသည့် ကျူးဘားနိုင်ငံအား အထီးကျန်အဖြစ် ထားရှိခြင်းနှင့် စီးပွားရေးဆိုင်ရာကန့်သတ်အရေးယူခြင်းများဖြင့် အပြောင်းအလဲများဖြစ်ပေါ်စေရန် လုပ်ဆောင်မှုများ အောင်မြင်မှုမရှိဟု ဝန်ခံခဲ့သည်။ ကျူးဘားနှင့်ထိတွေ့ဆက်ဆံမှုတိုက်ရိုက်လုပ်ဆောင်ခြင်းကသာ ယင်းနိုင်ငံ၌ ဒီမိုကရေစီနှင့်ကြွယ်ဝချမ်းသာရေးအတွက် တွန်းအားပေးမည့် ပိုမိုကောင်းမွန်သောနည်းလမ်းအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဝါရှင်တန်မြို့တော်၌ သမ္မတအိမ်ဖြူတော်နှင့်အနီးဆုံးနေရာတွင်ရှိနေသည့် ပြန်လည်ပြုပြင်မွမ်းမံထားသော ကျူးဘားသံရုံးတွင် ၁၉၆၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကျူးဘားနိုင်ငံတော်အလံကို လွှင့်ထူထားပြီးဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် တနင်္လာနေ့တွင် ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဘရူနိုရိုဒရီဂွက်ဇ်အား လက်ခံတွေ့ဆုံကာ ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ပြီး ကျူးဘားနိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်မည်ဖြစ်ရာ ယင်းမှာလည်း သမိုင်းဝင်အဖြစ်အပျက်တစ်ခု ဖြစ်လာမည်ဖြစ်သည်။ **ပီတီအိုင်။**

# အီရန်နှင့် လစ်ဗျားအရေး အီးယူနိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးမည်

**ဘရပ်စ်ဆယ် ဇူလိုင် ၂၀**

ဥရောပသမဂ္ဂ(အီးယူ) နိုင်ငံခြားရေးမူဝါဒရေးရာအကြီးအကဲ ဖက်ဒရီကာမိုဂါရီနီက အီရန်နိုင်ငံနှင့် ရရှိထားသည့် နျူကလီးယားသဘောတူညီချက်နှင့် လစ်ဗျားနိုင်ငံအရေးကိစ္စတို့နှင့်ပတ်သက်၍ နိုင်ငံခြားရေးရာကောင်စီအစည်းအဝေးကျင်းပသွားမည်ဖြစ်ကြောင်း ဇူလိုင် ၂၀ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

"နိုင်ငံခြားရေးမူဝါဒနဲ့ ပတ်သက်လို့တော့ အပေါင်းလက္ခဏာဆောင်တဲ့ သီတင်းပတ်တစ်ခုပါပဲ။ ကျွန်မတို့ အီရန်နိုင်ငံနဲ့ သမိုင်းဝင်နျူကလီးယားသဘောတူညီချက် ရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်နိုင်တာဟာ ဒေသတွင်းကွဲပြားခြားနားတဲ့ လုပ်ငန်းဖော်ဆောင်ရေးမူဘောင်အတွက် လမ်းစပွင့်သွားခြင်းဖြစ်သလို နိုင်ငံတကာဆက်ဆံရေးအတွက်လည်း ငြိမ်းချမ်းစွာ ဆောင်ရွက်နိုင်မှာပါ"ဟု အီးယူနိုင်ငံခြားရေးရာကောင်စီအစည်းအဝေးတက်ရောက်မည့် မိုဂါရီနီက ပြောကြားသည်။

"ဒီသီတင်းပတ်မှာ ကျွန်မတို့ ဘာရရှိလိုက်သလဲဆိုတော့ သံတမန်နည်းလမ်းဟာ ရေရှည်အတွက်အကျိုးရှိအောင်မြင်နိုင်တယ်ဆိုတာပါပဲ။ ဒီနည်းလမ်းနဲ့ပဲ ကျွန်မတို့ဟာ နိုင်ငံခြားရေးဝန်ကြီးတွေနဲ့ ပူးပေါင်းပြီး အရှေ့အလယ်ပိုင်းကိစ္စတွေကို ကိုင်တွယ်ဆောင်ရွက်နေကြတာပါ။ ဖြေရှင်းဖို့ခက်တဲ့ပြဿနာ၊ မပြီးဆုံးနိုင်တဲ့ ပြဿနာတွေရှိနေပေမယ့် သံတမန်နည်းလမ်းနဲ့ ဇွဲလုံ့လရှိရှိဆောင်ရွက်သွားနိုင်မယ့်လို့ မျှော်လင့်မိပါတယ်"ဟု မိုဂါရီနီက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ။**




# အမေရိကန်စစ်သုံ့ပန်းများကို မစ်ဆူဘီရှီကုမ္ပဏီ ဝန်ချတောင်းပန်

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၀**

ဒုတိယကမ္ဘာစစ်ကာလအတွင်းတွင် အမေရိကန်စစ်သုံ့ပန်းများကို အလုပ်သမားများအဖြစ် အဓမ္မစေခိုင်းခဲ့ခြင်းအတွက် ဂျပန်နိုင်ငံ၏ မစ်ဆူဘီရှီကုမ္ပဏီကသမိုင်းဝင်တောင်းပန်မှုပြုလုပ်လိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပသည့်အခမ်းအနားတွင် ကုမ္ပဏီကလုပ်ကိုင်သည့် သတ္တုတွင်းများ၌ စစ်အကျဉ်းသားများကို အဓမ္မစေခိုင်းခဲ့ခြင်းအတွက် ဝန်ချတောင်းပန်ပါကြောင်း မစ်ဆူဘီရှီကုမ္ပဏီ၏ ထိပ်တန်းအမှုဆောင်ဟိုက်ကူရှူကီမူယာကပြောသည်။

ဂျပန်ကုမ္ပဏီတစ်ခုက ဤကဲ့သို့တောင်းပန်မှုပြုခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်ဟု ယူဆရသည်။

ဂျပန်နိုင်ငံ၌ အဓမ္မစေခိုင်းခံခဲ့ကြရသော အမေရိကန်စစ်သုံ့ပန်းများအနက် အသက်ရှင်လျက်ရှိနေသေးသူ ပုဂ္ဂိုလ်အနည်းအကျဉ်းတွင်ပါဝင်သည့် ဂျိမ်းမာဖီအား ဝန်ချတောင်းပန်စာကို ပေးအပ်ခဲ့သည်။ မာဖီသည် ယခုအခါ အသက်(၉၄)နှစ်ရှိပြီဖြစ်သည်။

ဂျပန်ကုမ္ပဏီများအတွက် အလုပ်လုပ်ပေးခဲ့ကြသူ စစ်သုံ့ပန်းများက စစ်ပွဲပြီးဆုံးခဲ့ပြီးနောက် နှစ်ပေါင်း ၇၀ အကြာကာလတွင် ဝန်ချတောင်းပန်ရန် တောင်းဆိုခဲ့ကြကြောင်း မာဖီကပြောကြားသည်။ **ပီတီအိုင်။**

# တရုတ်နိုင်ငံ၏ လက်နက်ထုတ်လုပ်ရေးကဏ္ဍ၌ ပုဂ္ဂလိကကုမ္ပဏီများကို ပိုမိုခွင့်ပြုပေးမည်

**ပေကျင်း ဇူလိုင် ၂၀**

တရုတ်နိုင်ငံ၏ လက်နက်ထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍ၌ ပုဂ္ဂလိကကုမ္ပဏီများပါဝင်ခွင့် ပိုမိုရရှိလာမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၂၀ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းကဏ္ဍ၌ ပုဂ္ဂလိကပိုင်ကုမ္ပဏီများ ပိုမိုလုပ်ကိုင်ခွင့်ရရှိရန် အစိုးရအဖွဲ့က ခွင့်ပြုပေးတော့မည်ဖြစ်ကြောင်း သိပ္ပံ၊ နည်းပညာနှင့်အမျိုးသားကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းအုပ်ချုပ်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူး ကျူဒါယွေက ပြောကြားသည်။

စစ်ဘက်ဆိုင်ရာကိရိယာများထုတ်လုပ်ရေး စက်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်းများလုပ်ကိုင်ခွင့်နှင့် ပတ်သက်၍ ထိန်းချုပ်ကန့်သတ်ထားမှုများကို တစ်ဆင့်စီ လျှော့ချပေးမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကုမ္ပဏီများက ထုတ်လုပ်သော စစ်ဘက်သုံးကိရိယာအစိတ်အပိုင်းများအား ပိုမိုသုံးစွဲလာစေရေးအတွက် နိုင်ငံပိုင်ကာကွယ်ရေးဆိုင်ရာစက်မှုလုပ်ငန်း ကန်ထရိုက်လုပ်ငန်းရှင်များကို အားပေးမည့် မူဝါဒရှိလာမည်ဖြစ်ကြောင်း ကျူ၏ပြောကြားချက်ကို ကိုးကားလျက် ချိုင်းနားဒေလီးသတင်းစာကရေးသားဖော်ပြသည်။

တရုတ်နိုင်ငံမြို့တော်ပေကျင်း၌ ပထမအကြိမ်စစ်ဘက်နှင့်အရပ်ဘက်စက်မှုလုပ်ငန်းများပေါင်းစည်းဆောင်ရွက်ရေး ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားတွင် ကျူက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၌ ၂၀၀၅ခုနှစ်မှစ၍ ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းထုတ်လုပ်ရေး ဈေးကွက်အား ပုဂ္ဂလိကကုမ္ပဏီများကို စတင်ဖွင့်လှစ်ပေးခဲ့သည်။

**ပီတီအိုင်။**

# သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းဆင်းများအသင်း ဒုတိယအကြိမ် ဖူဆယ် Chairmanship ဘောလုံးပြိုင်



**ရန်ကုန် ဇူလိုင် ၂၀**

သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဆင်းများအသင်း DSTO ၏ဒုတိယအကြိမ်မြောက် DSTO Futsal Chairmanship ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၈ ရက် ညနေပိုင်းက ရန်ကုန်မြို့ ကျိုက္ကဆံမိုးလုံလေလုံဖူဆယ် အားကစားရုံတွင် ကျင်းပသည်။ **(ဓာတ်ပုံ)**

အဆိုပါပြိုင်ပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ အသင်းနာယကများဖြစ်သော အငြိမ်းစား သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အားကစားနှင့်ကာယပညာကျောင်းအုပ်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၊ DSTO အသင်းသား အသင်းသူများ၊ BDS ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၏ မိသားစုဝင်များတက်ရောက်ခဲ့ကြသည်။

ပြိုင်ပွဲတွင် ဒုတိယဝန်ကြီးဦးသန့်ကျော်နှင့် Diplomatic Skills Trainees Organization (DSTO) ၏ ဥက္ကဋ္ဌ ဦးရဲထွန်းတို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ **ဧယျာဝင်း**

## မကွေးဇုန် တက္ကသိုလ်၊ဒီဂရီကောလိပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မကွေး ဇူလိုင် ၂၀**

၂၀၁၅ ခုနှစ် မကွေးဇုန် တက္ကသိုလ်၊ ဒီဂရီ ကောလိပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မကွေးတက္ကသိုလ် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မကွေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာကြီးဒေါက်တာသစ်လွင်က ကွင်းဖွင့်အမှာစကားပြောကြားရာတွင် အားကစားပြိုင်ပွဲများကို ကျင်းပပေးခြင်းသည် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ၏ လမ်းညွှန်မှု၊ အားကစားနှင့်ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီ၏ ကြီးကြပ်မှုဖြင့်တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှာအားကစားဖွံ့ဖြိုးရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ (Asean University Games-AUG) ဒေသတွင်းအားကစားပြိုင်ပွဲများကို နှစ်နှစ်တစ်ကြိမ် အလှည့်ကျအိမ်ရှင်အဖြစ် အာဆီယံနိုင်ငံများက လက်ခံကျင်းပလျက်ရှိပြီး ၂၀၁၆ ခုနှစ် ဇွန်လတွင် (၁၈)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ (AUG) ကို စင်ကာပူနိုင်ငံတွင် ကျင်းပမည်ဖြစ်ကြောင်း၊ မြန်မာ့တက္ကသိုလ်လက်ရွေးစင် အားကစားအသင်းကို အထက်မြန်မာပြည်တက္ကသိုလ်လက်ရွေးစင်အသင်းနှင့် အောက်မြန်မာပြည်တက္ကသိုလ်လက်ရွေးစင်အားကစားအသင်းများစုစည်း ရွေးချယ်ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ဂုဏ်၊ နိုင်ငံတော်၏ ဂုဏ်ကိုဆောင်နိုင်သည့်အရည်အသွေးမြင့် တက္ကသိုလ်များကိုယ်စားပြုနိုင်ငံလက်ရွေးစင် ဘော်လီဘော အားကစားသမားကောင်းများဖြစ်လာမည်ဖြစ်ကြောင်းပြော ကြားသည်။

အဆိုပါ ပြိုင်ပွဲတွင်အခြေခံကျန်းမာရေးတက္ကသိုလ်၊ မကွေးတက္ကသိုလ်၊ မကွေးပညာရေးကောလိပ်၊ ရေနံချောင်း ဒီဂရီကောလိပ်၊ ပခုက္ကူတက္ကသိုလ်များမှ ဘော်လီဘောလက်ရွေးစင်အသင်းများယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဇူလိုင် ၂၀ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာ ပြိုင်ပွဲဖွင့်ပွဲတွင် မကွေးတက္ကသိုလ်လက်ရွေးစင်အသင်းနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်အသင်းတို့ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## မေဂျာလိဂ်တွင် အယ်လ်အေဂလက်ဆီအတွက် ဂျာရတ် ဂိုးစသွင်း

ကွင်းလယ်ကစားသမား စတီဗင်ဂျာရတ်သည် ၎င်း၏ မေဂျာလိဂ်ပထမဆုံးပွဲစဉ်ဖြစ်သည့် အယ်လ်အေဂလက်ဆီအသင်းနှင့် ဆန်ဂျို့အသင်းတို့၏ ပွဲစဉ်တွင် အယ်လ်အေဂလက်ဆီအသင်းအတွက် မေဂျာလိဂ်ဂိုးစတင် သွင်းယူပေးနိုင်ခဲ့သည်။

အသက်(၃၅)နှစ်အရွယ်ရှိ လီဗာပူးအသင်း ခေါင်းဆောင်ဟောင်း ဂျာရတ်သည် အယ်လ်အေဂလက်ဆီ ကစားဖော်ရော်ဘီကိန်း အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီးနောက် ပွဲကစားချိန် ၃၇ မိနစ်တွင် ဂျာရတ်က အယ်လ်အေဂလက်ဆီအတွက် ဒုတိယမြောက်ချေပဂိုးကို သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အယ်လ်အေဂလက်ဆီအသင်းနှင့် ဆန်ဂျို့အသင်း တို့၏ မေဂျာလိဂ်ပွဲစဉ်တွင် အယ်လ်ဂလက်ဆီအသင်းက ဆန်ဂျို့အသင်းအား ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး အယ်လ်အေဂလက်ဆီအသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် မိနစ် ၃၀၊ ၆၄ မိနစ်နှင့် မိနစ် ၈၀ တို့တွင် တိုက်စစ်မှူးရော်ဘီကိန်းက သုံးဂိုး၊ ဂျာရတ်က ၃၇ မိနစ်တွင် တစ်ဂိုးနှင့် လက်ဂတ်က မိနစ် ၉၀ တွင် တစ်ဂိုးတို့ သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဆန်ဂျို့အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲကစားချိန် ၂၂ မိနစ်နှင့် ၂၅ မိနစ်တို့တွင် အာမာရစ်ခ်ဝါက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ **အလင်းသစ်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ဂျူဗင်တပ်သို့ ပြောင်းရွှေ့မည်မဟုတ်ကြောင်း အော်စကာပြောကြား

ချယ်လ်ဆီးအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား အော်စကာသည် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းက စိတ်ဝင်စားနေသော်လည်း ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ကစားမည် မဟုတ်ကြောင်းနှင့် ချယ်လ်ဆီးအသင်း၌သာ ကာလကြာရှည်ကစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား အော်စကာသည် ပြီးခဲ့သည့် ဘောလုံးရာသီက ရာသီဝက်ကျော်ကာလတွင် ဒဏ်ရာပြဿနာများဖြင့် ကြုံတွေ့ခဲ့ရပြီး ချယ်လ်ဆီးအသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးခဲ့သော်လည်း ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုကမူ အော်စကာအား ချယ်လ်ဆီးအသင်း၌ ဆက်ကစားရန် အပြည့်အဝထောက်ခံထားကြောင်းသိရသည်။

ချယ်လ်ဆီးကွင်းလယ်ကစားသမား အော်စကာသည် ပြီးခဲ့သည့်နှစ်က စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုခဲ့သော်လည်း ချယ်လ်ဆီးအသင်း၏ နောက်ပိုင်းပွဲစဉ်များတွင် ပါဝင်ကစားပေးနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ လက်ရှိတွင်မူ ရရှိထားသည့် ပေါင်ဒဏ်ရာသည် လုံးဝသက်သာသွားပြီဖြစ်သောကြောင့် ၂၀၁၅-၂၀၁၆ ပရီမီယာလိဂ်ရာသီ မစတင်မီ ရာသီအကြိုပွဲစဉ်များတွင် ပါဝင်ကစားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် ဂျူဗင်တပ်အသင်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီအတွက် ကွင်းလယ်ပိုင်းအားဖြည့်ရန် ချယ်လ်ဆီးကွင်းလယ်ကစားသမား အော်စကာအား ပစ်မှတ်ထားလျက်ရှိပြီး အော်စကာကမူ ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့မည်မဟုတ်ကြောင်း ပြောကြားထားသည်။ **နိုင်လင်းကြည်**

## ကစားသမားသစ်နှစ်ဦး ထပ်မံခေါ်ယူရန် ဗန်ဟားလ် ဆန္ဒရှိနေ



မန်ယူအသင်းနည်းပြ ဗန်ဟားလ်သည် ယခု နွေရာသီအပြောင်းအရွှေ့ကာလတွင် ကစားသမား သစ်လေးဦးအထိ ခေါ်ယူအားဖြည့်ခဲ့သော်လည်း စျေးကွက်မပိတ်မီ ကစားသမားသစ်နှစ်ဦး ထပ်မံခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် အဆင့်(၄)နေရာ၌ ရပ်တည်ခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာရရှိရေးအတွက် လာမည့်ဩဂုတ်လတွင် Play Off နှစ်ကျော့ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ထို့ကြောင့် ရလဒ်ကောင်းများရရှိရေးအတွက် ဒီပေး၊ ရှုနိုက်ဒါလင်၊ ရှုဝိန်းစတိုင်ဂါ၊ ဒါမိန်ကစားသမားသစ်လေးဦးအား ပြောင်းရွှေ့ကြေးပေါင်သန်း ၈၀ အထိ အကုန်အကျခံခေါ်ယူခဲ့ပြီးဖြစ်သည်။ သို့ရာတွင် နည်းပြဗန်ဟားလ်သည် တိုက်စစ်မှူးတစ်ဦး၊ ဗဟိုနောက်တန်းကစားသမားတစ်ဦးနှင့် ဂိုးသမားဒီဂီယာတို့သည် မန်ယူအသင်းကို စွန့်ခွာသွားမည်ဆိုပါက ၎င်းနေရာတွင် အစားထိုးရန် ထိပ်တန်းအဆင့်ရှိဂိုးသမားတစ်ဦးကို ခေါ်ယူသွားမည်ဖြစ်ကြောင်း ဗန်ဟားလ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဗန်ဟားလ်သည် ရီးယဲလ်မက်ဒရစ်နောက်ခံလူ ရာမို့စ်အား ခေါ်ယူရန်ဆွေးနွေးမှုများပြုလုပ်လျက်ရှိပြီး ဂိုးသမား ဒီဂီယာထွက်ခွာခဲ့ပါက အစားထိုးနိုင်ရန် အေဂျက်အသင်းမှ နယ်သာလန်ဂိုးသမား ဆီလက်ဆန်ကိုလည်း ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀ ဖြင့် ခေါ်ယူရန် စီစဉ်ထားကြောင်း သိရသည်။

လက်ရှိတွင် မန်ယူအသင်း၏ တိုက်စစ်ပိုင်းအတွက် ပြီးခဲ့သည့်နှစ်က ခေါ်ယူခဲ့သည့် တိုက်စစ်မှူး ဒီမာရီယာသည်လည်း ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ်ခဲ့ပြီး အငှားစာချုပ်ဖြင့် မိုနာကိုအသင်းမှ ခေါ်ယူခဲ့သည့် တိုက်စစ်မှူး ဖယ်လ်ကာအိုသည်လည်း ချယ်လ်ဆီးအသင်းသို့ပြောင်းရွှေ့သွားခဲ့သည်။ ထို့ပြင် တိုက်စစ်မှူး ဗန်ပါစီသည်လည်း ဖီနာဘာချီအသင်းသို့ ပြောင်းရွှေ့သွားခဲ့သည်။ ထို့ကြောင့် နည်းပြဗန်ဟားလ်အနေဖြင့် တိုက်စစ်ပိုင်းအတွက် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဂါရတ်ဘေးလ်အား အိုးထရက်ဖို့ဒ်သို့ အရောက်ခေါ်ယူမည်ဆိုသည့်သတင်းများ ထွက်ပေါ်နေသည့်အပြင် ကစားသမားသစ်လေးဦးအထိ ခေါ်ယူထားခဲ့ပြီးဖြစ်သော်လည်း နောက်ထပ်ကစားသမားသစ် နှစ်ဦးအထိ ထပ်မံခေါ်ယူဦးမည်ဖြစ်ကြောင်း သိရသည်။ **နိုင်လင်းကြည်**

## အဲဗာတန်နောက်ခံလူ ဂျွန်စတုန်းအား ပေါင် ၂၈ သန်းဖြင့် ခေါ်ယူရန် ချယ်လ်ဆီးမျှော်လင့်



ပရီမီယာလိဂ်လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းသည် အဲဗာတန် နောက်တန်း ကစားသမား ဂျွန်စတုန်းအား စာချုပ်ချုပ်ဆိုခေါ်ယူရေးအတွက် ပြောင်းရွှေ့ကြေးပေါင် ၂၈ သန်းဖြင့် ကမ်းလှမ်းရန် မျှော်လင့်ထားကြောင်း ချယ်လ်ဆီး အသင်းနည်းပြ မော်ရင်ဟိုက အတည်ပြုပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် အသက်(၂၁)နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဂျွန်စတုန်းအား ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀ ပထမတစ်ကြိမ်ကမ်းလှမ်းခဲ့သည်။ သို့ရာတွင် အဲဗာတန်အသင်းအနေဖြင့် ဂျွန်စတုန်းအား ရောင်းချမည်မဟုတ်ကြောင်း ပြောကြားခဲ့ပြီး ချယ်လ်ဆီးအသင်း၏ ကမ်းလှမ်းလာမှုကို ငြင်းပယ်ခဲ့သည်။

ထို့ကြောင့် ချယ်လ်ဆီးအသင်းသည် အသင်းခေါင်းဆောင်ဂျွန်တယ်ရီနေရာတွင် အစားထိုးသွားနိုင်ရေးအတွက် ပြောင်းရွှေ့ကြေးပေါင် ၂၈ သန်းဖြင့် ထပ်မံကမ်းလှမ်းရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။ ဂျွန်စတုန်းသည် ၂၀၁၃ ခုနှစ်က ဘန်စလေအသင်းမှ အဲဗာတန်အသင်းသို့ ငါးနှစ်ခွဲသက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လက်ရှိတွင် အဲဗာတန်အသင်းနှင့်အတူ တစ်ပတ်လုပ်ပေါင် ၃၀၀၀၀ ဖြင့် စာချုပ်သက်တမ်း လေးနှစ်ကျန်ရှိနေသေးသည်။

နောက်တန်းကစားသမား ဂျွန်စတုန်းသည် အင်္ဂလန်လက်ရွေးစင်အသင်းတွင်မူ လေးပွဲပါဝင် ကစားပေးထားသည်။ အဲဗာတန်အသင်းအတွက် လက်ရှိအချိန်ထိ ၄၄ ပွဲပါဝင်ကစားပေးခဲ့ပြီး အဲဗာတန်အသင်းသို့ မရောက်မီက ဘန်စလေအသင်းတွင် ၂၅ ပွဲ ပါဝင်ကစားပေးခဲ့ကြောင်း သိရသည်။ **ငွေကြယ်**

# ကုန်တင်ယာဉ်အရှိန်လွန်ပြီး ဆိုင်ကယ်ပြင်ဆိုင်နှင့် နေအိမ်ကိုဝင်တိုက်၊ အိပ်ပျော်နေသူသေဆုံး



**ရေတာရှည် ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာ၌ ဇူလိုင်၂၀ ရက် နံနက် ၅ နာရီခွဲခန့်က ယာဉ်မောင်းနှင်သူအိပ်ငိုက်ကာ လမ်းဘေးရှိ ဆိုင်ကယ်ပြင်ဆိုင်နှင့် လူနေအိမ်တို့အား ဝင်တိုက်ပြီး ဆိုင်ကယ်ပြင်ဆိုင်ထဲတွင် အိပ်ပျော်နေသူနှစ်ဦးအနက် တစ်ဦးမှာ နေရာတွင်သေဆုံး၍ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၅ နာရီခွဲခန့်က ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မြောက်မှတောင်သို့ မင်းမင်းသိန်း(၂၃)နှစ် (ယာဉ်နောက်လိုက်) မြင်စိုင်းရပ် ကျောက်ဆည်မြို့နေသူမောင်းနှင်ပြီး နောက်ခန်းတွင် အိပ်နေသော အောင်သူရ(၃၀)နှစ် (ယာဉ်မောင်း) တံစိုးရပ် ကျောက်ဆည်မြို့နေသူ လိုက်ပါလာသော ဘိလပ်မြေအိတ် ၆၀၀ တင်ဆောင်လာသည့် ဒီဇယ် (၂၂)ဘီး ကုန်တင်ယာဉ်သည် ကျွန်းကုန်းကျေးရွာတောင်ပိုင်း ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် (၁၈၃/၃/၄) အကြားအရောက် ကားလမ်း၏အရှေ့ဘက်ရှိ သစ်ပင်အား ဝင်တိုက်ကာ ဆိုင်ကယ်ပြင်ဆိုင်နှင့် တောင်ဘက်ကပ်လျက်ရှိ ဦးသိန်းဝင်း၏ နေအိမ်ရှေ့ ဝရန်တာနှင့် အုတ်နံရံအား ဝင်ရောက်တိုက်မိခဲ့သည်။

ယာဉ်မှာ ဆိုင်ကယ်ပြင်ဆိုင်အတွင်း အိပ်ပျော်နေသူ ဖိုးသကြန်(ခ) ဆန်းလှိုင်ထူး(၂၂)နှစ်၊ ညီဝမ်းကွဲတော်သူ ကိုဂျူး(ခ)ဂျူးကိုကို(၁၈)နှစ်တို့နှစ်ဦးနှင့် ဆိုင်ကယ်တစ်စီး၊ စက်ဘီးတစ်စီးတို့ကို တိုက်မိခဲ့ပြီး ကိုဂျူး(ခ) ဂျူးကိုကိုမှာ နေရာတွင်ပင် ဒဏ်ရာများဖြင့် သေဆုံးကာ ဖိုးသကြန်၏ ခြေထောက်၌ ဒဏ်ရာရရှိခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ကျွန်းကုန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# လမ်းအလုပ်သမားများလိုက်ပါလာသောယာဉ် တိမ်းမှောက်၊ သုံးဦးသေဆုံး ခြောက်ဦးဒဏ်ရာရ

**နေပြည်တော် ဇူလိုင် ၂၀**

ရှမ်းပြည်နယ် နမ္မတူမြို့နယ် နမ့်ဆီလင်းကျေးရွာအနီးတွင် ဇူလိုင် ၁၇ ရက် ည ၈ နာရီခွဲက အလုပ်သမားများလိုက်ပါလာသည့် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သီပေါ-နမ္မတူ ကားလမ်းအတိုင်း သီပေါမှ မန်စံကျေးရွာသို့ ကျောက်မဲမြို့ ရပ်ကွက်(၉)နေ ကိုသက်(ခ) ကျော်လွင်သိန်း(၃၉)နှစ်မောင်းနှင်ပြီး လမ်းအလုပ်သမားများ လိုက်ပါလာသော ၉၄/-----လီဖန်းယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်သို့ တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် လမ်းအလုပ်သမားများအနက် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ပန်းလောင်းကျေးရွာနေ မမေသူဝင်း(၁၈)နှစ်ပါ သုံးဦးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး တစ်ရွာတည်းနေ မအငယ်မ(ခ)မနီနီထွန်း (၁၇)နှစ်ပါ ခြောက်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် မန်စံတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ကိုသက်(ခ) ကျော်လွင်သိန်းအား နမ္မတူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဆေးခြောက်များသိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး မဲခေါင်စစ်ဆင်ရေး (၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်က နယ်မြေခံတပ် မူးယစ်တပ်ဖွဲ့စု(၁၀၄)နေပြည်တော်နှင့် မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာ မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် မိုင်းကိုးကျေးရွာမှ တာချီလိတ်မြို့သို့ အိုက်လုံးမောင်းနှင်ပြီး ပီလောင်လိုက်ပါလာသည့်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၄၀) ရန်ကုန်(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၅ ရက်က ထန်းတပင်မြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်း တူးချောင်းတိုးဂိတ်တွင် ရန်ကုန်မှ ပုသိမ်သို့ ငြိမ်းချမ်းအောင် မောင်းနှင်သည့်ဆိုင်ကယ်ကိုရှာဖွေရာ ဆေးခြောက်သုည ဒသမ ၁၃ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၆၆၇ ပြား၊ လက်ကိုင်ဖုန်း တစ်လုံးနှင့် ငွေကျပ်ငါးသိန်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

စစ်မေးချက်အရ ပူးပေါင်းအဖွဲ့သည် ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တိုအရှေ့ရပ်ကွက် ငြိမ်းချမ်းအောင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၆၈၀၊ ဆေးခြောက် တစ်ကီလိုနှင့် ၉၁ လက်ပစ်ဗုံး တစ်လုံးတို့ကို ထပ်မံသိမ်းဆည်းရမိသဖြင့် ငြိမ်းချမ်းအောင်(၃၇)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။**(ဓါတ်ပုံ) (ကြေးမုံ)**



# ဖဲလောင်းကစားသူများအား အရေးယူ

**နေပြည်တော် ဇူလိုင် ၂၀**

ပဲခူးမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁ နာရီက ပဲခူးမြို့ မြို့သစ်(ခ)ရပ်ကွက်နေ မခင်မာဝင်း(ခ)မဝင်း(၄၇)နှစ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဖဲလောင်းကစားနေသည့် မခင်မာဝင်း (ခ) မဝင်း၊ တစ်ရပ်ကွက်တည်းနေ မချိုလေး(၄၃)နှစ်၊ မမြမြဝင်း(၃၆)နှစ်နှင့် မြို့သစ်(ဂ)ရပ်ကွက်နေ မသီတာ(၃၀)နှစ်တို့အား ဖဲလောင်းကစားရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၁၄၀၂၅၀တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဝေါမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်သုံးခွကျေးရွာနေ ဦးမင်းဇင်(၅၀)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဦးမင်းဇင်၊ တစ်ရွာတည်းနေ သန့်ဇင်ဦး (၄၂)နှစ်၊ မတင်တင်ခိုင် (၄၆)နှစ်၊ ရှမ်းစုကျေးရွာနေ မချောစု(၃၈)နှစ်နှင့် ကျော်မျိုး(၃၆)နှစ်တို့အား ဖဲလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၆၆၆၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား သက်ဆိုင်ရာရဲစခန်းများ၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ခိုးမှုကျူးလွန်သူများအား စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုများ ဖော်ထုတ်နိုင်

**နေပြည်တော် ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်မြေသာစံမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၈ ရက် ညနေ ၄ နာရီ မိနစ် ၅၀က ယင်းရဲစခန်း(ပ) ၁၉၉/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၇၉ ကျင့် ၅၄ အမှုမှ အောင်မြေသာစံမြို့နယ်ပုလဲငွေရောင်ရပ်ကွက်နေ ဝေယံ(ခ) လှမင်းကိုကို (၂၅)နှစ်အား စစ်မေးရာ ဝေယံ (ခ) လှမင်းကိုကိုသည် တစ်ရပ်ကွက်တည်းနေ မူဆာ(ခ)ပူတူး(၁၉)နှစ်နှင့်အတူ လွန်ခဲ့သော လေးရက်ခန့်က ချမ်းအေးသာစံမြို့နယ် (၃၁/၃၂) လမ်းကြားနှင့် (၇၇/၇၈)လမ်းကြား ဗိုင်းမွန်းပလာဇာအနီး လမ်းဘေး၌ ရပ်ထားသည့် TOYOMAX-125 ဆိုင်ကယ်နှင့် KENBO-125 ဆိုင်ကယ်၊ (၃၄/၃၅)လမ်းကြားနှင့် (၇၃/၇၄)လမ်းကြား ဒူးကြား လမ်းဘေး၌ ရပ်ထားသည့် TARYAN-125 ဆိုင်ကယ်နှင့် မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက် ကျောက်ဝိုင်းအနီး လမ်းဘေး၌ ရပ်ထားသည့် YAHAHA FZ ဆိုင်ကယ်တို့အား ခိုးယူခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့ ညနေ ၃ နာရီခွဲက မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် မိုးကုတ်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် အဆိုပါရဲစခန်း(ပ) ၈၂/၂၀၁၅ ပြစ်မှု ပုဒ်မ ၃၇၉/ကျင့် ၅၄ အမှုမှ ရှမ်းပြည်နယ် မိုးမိတ်မြို့နယ် မန်ကျည်းပင်ရွာနေသူ ယာကု(ခ) ယာကုတ် (၂၀)နှစ်အား စစ်မေးရာ ယာကု(ခ)ယာကုတ်သည် လွန်ခဲ့သော နှစ်လခန့်က မိုးကုတ် မြို့နယ် ဘောလုံးကွင်းဘေးရှိ နေအိမ်မှ SUPER ANBO-125 ဆိုင်ကယ်အား ခိုးယူခဲ့ကြောင်း သိရ၍ သက်သေခံဆိုင်ကယ်များအား သိမ်းဆည်းပြီး ၎င်းတို့အား သက်ဆိုင်ရာရဲစခန်းများ၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ် အထူးခရီးစဉ်
တယားပြည်နယ် လှိုင်ဘော် ထောင်တွဲဇေထီ
၃၀-၇-၂၀၁၅ မှ ၂-၈-၂၀၁၅ အထိ
သုခမိန်ဓာတ 01-253079/09 30184137/09 5155654

GOLDEN STAR Travels & Tours
☆ ပုဂံ(ရွှေစည်းခုံ)-ပုပ္ပါး July - 30
☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း July - 30
☆ တောင်ကြီး-အင်းလေး-ပင်းတယ July - 30
☆ ကျိုက်ထီးရိုး-ချောင်းသာ - ငွေဆောင်
Ph: 209200, 544383, 430480, 703448, 705968

## ပြည်ထဲရေးဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရဲဝတ်ပစ္စည်း (၇)မျိုးကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်မှာ ၂၁-၇-၂၀၁၅ ရက်နေ့မှ ၂၈-၇-၂၀၁၅ ရက်နေ့ အထိဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်မှာ ၂၉-၇-၂၀၁၅ရက်နေ့ ၁၀း၀၀ နာရီဖြစ်ပါသည်။
၄။ တင်ဒါပုံစံများအားတစ်စောင်လျှင် ကျပ်ငါးထောင်နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရုံးအမှတ်(၈)၊ ရဲလေ့ကျင့်ရေးဌာနကြီးတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များသိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇၄၁၂၁၆၆ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## အသိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ တေးနူယဉ်လမ်း၊ အမှတ်(၄၅/ဂျီ)နေ ဦးကြည်မော်၏ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာပါသည်။ ဦးကြည်မော်၏ ဇနီး ဒေါ်နှင်းသီလွင်သည် ခင်ပွန်းနှင့်သားသမီးများကို ပစ်ထားခဲ့ပြီး ငွေနှင့်လက်ဝတ်လက်စားများ၊ ဘဏ်စာအုပ် စသည်တို့ကိုယူ၍ နေအိမ်မှဆင်းသွားခဲ့ရာ ခင်ပွန်းနှင့်သားသမီးများ စိတ်ဆင်းရဲ၊ စိတ်ပူပန်လျက်ရှိကြပါသည်။ သို့ပါ၍ ဒေါ်နှင်းသီလွင်နေအိမ်သို့ အမြန်ပြန်လာရန်နှင့်သွေးဆောင် ဖြားယောင်းခေါ်ယူထားသူများရှိပါက သက်ဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်ပေးစေရန် ဦးကြည်မော်က ကျွန်ုပ်အား ညွှန်ကြားထားကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမြဟန် **B.A (Law)., LL.B., D.B.L., D.M.L**
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၇၀၁)
အမှတ်(၅၅)၊ အခန်း(၅)၊ ဒုတိယထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၃၅)ဒီ၊ မြေကွက်အမှတ်(၄၇ဒီ/၁အေက)၊ မြေကွက်တည်နေရာ၊ အမှတ်(၉)၊ ဆရာစံလမ်းတည်ရှိရာ၊ မြေပိုင်မြေအမျိုးစား၊ အမည်ပေါက် ဒေါ်မီမီမြင့်ဖူး မြေကွက်အား ဒေါ်မီမီမြင့်ဖူး[၁၂/မရက(နိုင်)၁၂၆၃၂၅]မှ ဘဏ်ချေးရန်မြေပုံကူးလျှောက်ထားလာပါသည်။ မူလမြေကွက်အမှတ်(၄၇ဒီ/၁အေ)မြေအား ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူး အမည်ပေါက်ခဲ့သည့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြော်ငြာစာချုပ်အမှတ်(၂၉၄၃/၂၀၁၄) (၉-၆-၂၀၁၄)စာချုပ်မူရင်းကို နှစ်ဦးစလုံးလက်ဝယ်မထားဘဲ လမ်းမတော်မြို့နယ်ရှိ မြဝတီဘဏ်ရုံးချုပ်တွင် Bank Locker ဖြင့်ထားရှိသည့်အတွက် ယင်း စာချုပ်မူရင်းကို တင်ပြနိုင်ခြင်းမရှိဘဲ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁၇-၆-၂၀၁၄ရက်နေ့ စာချုပ်ရုံးလက်ခံအမှန်နှင့် ယခုလျှောက်ထားသည့် မြေကွက်အမှတ်(၄၇ဒီ/၁အေက) ဟုမြေကွက်အမှတ်၊ ဧရိယာနှင့် မြေကွက်တည်နေရာလိပ်စာပြင်ဆင်သည့် စာချုပ်အမှတ် (၃၀၅၅/၂၀၁၅)ကို ဒေါ်မီမီမြင့်ဖူးမှ တစ်ဖက် သတ်အမှားပြင် စာချုပ်ချုပ်ဆိုခဲ့သည့်စာချုပ်၊ ဒေါ်မီမီမြင့်ဖူးမှ ဒေါ်အေးအေးမော်အေး [၁၂/စခန (နိုင်)၀၄၆၂၈၆]သို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ ၁၆၄၃၁/၂၀၁၁နှင့် ကိုယ်စားလှယ်လွှဲစာမရုပ်သိမ်းကြောင်း ဒေါ်အေးအေးမော်အေး၏ ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ဘဏ်ချေးရန်မြေပုံမြေရာဇဝင်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဆောင်းပါး

# ဥပဒေများလေ့လာဖတ်ရှုခြင်း

à ဦးဟန်ညွန့်(ဥပဒေ)

**အမှုသည်၏မျက်နှာ**

တရားရုံးထဲက ထွက်လာတော့ ပထမဆုံးလှမ်းမြင်မိသည်မှာ အမှုသည်၏မျက်နှာပါ။ သူ့မျက်နှာညှိုးနွမ်းနေပြီး စကားမပြောနိုင်။ ဒီအမှုမှာ သေချာပေါက်နိုင်မည်ဟု မျှော်မှန်းခဲ့သည်။ ဥပဒေပုဒ်မတွေ အစုံအလင်၊ စီရင်ထုံးအကိုး အကားတွေ တပုံတပင်နှင့်။ လျှောက်လဲချက်တင်ဆက်ခဲ့သည်။ သို့သော်ငြား မျှော်မှန်းသလိုဖြစ်မလာ။ အမှုအပယ်ခံရသည်။ မိမိအမှုသည်ဘက်ကအရှုံးထွက်ခဲ့သည်။ အယူခံဆက်တင်ကြတာပေါ့ ဆရာရယ်. . ဟု မိမိ အမှုသည်ကပင် မိမိအားနှစ်သိမ့်နေသေးသည်။ "ဆရာ့ တာဝန်(ရှေ့နေတာဝန်)ကျေပါတယ်။ အမှုဆိုတာ ဒီလိုပဲဖြစ်တတ်တာမျိုးပါ" ဟု အမှုသည်ကဆိုနေပြန်သည်။ ကျွန်တော့်စိတ်ဝယ် အတွေးချာချာလည်။

**ရှေ့နေ၏တာဝန်**

မိမိကိုယ်မိမိပြန်မေးမိသည်။ ရှေ့နေ၏တာဝန်ကျေပွန်ပါရဲ့ လား။ မမှားသောရှေ့နေ၊ မသေသောဆေးသမားမရှိငြားပါ။ အမှုသည်က ယုံကြည်၍ မိမိကို အမှုလာအပ်သည်ပါ။ မိမိအနေနှင့်(တရားလွှတ်တော်ရှေ့နေတစ်ဦး) အနေနှင့် သစ္စာရှိရှိ တာဝန်ကျေပွန်စွာ အမှုလိုက်ပါဆောင်ရွက်ပေးရမည်။ မှတ်သားမိသော ထင်ရှားသည့် စကားတင်ပြပါရစေ။

"တရားသူကြီးခင်ဗျား၊ ကျွန်တော့်အမှုသည်အတွက် ကျွန်တော့်မှာတာဝန်ရှိသလို တရားသူကြီးတစ်ဦးအနေနှင့် လူကြီးမင်းအပေါ်မှာလည်း ကျွန်တော့်မှာတာဝန်ရှိတဲ့အပြင် အများပြည်သူနဲ့ပတ်သက်လို့လည်း ကျွန်တော့်မှာ တာဝန်ရှိပါတယ်။ ကျွန်တော့်အမှုသည်နဲ့ပတ်သက်လို့ ကျွန်တော့်တာဝန်က သူ့အနေနှင့်တရားမျှတမှုကို ရသလားဆိုတာကြည့်ပေးဖို့ဖြစ်ပါတယ်။ တရားသူကြီးနှင့်ပတ်သက်လို့ ကျွန်တော့်တာဝန်ကတော့ တရားသူကြီးအနေနှင့် ဥပဒေကို မှန်မှန်ကန်ကန် အဓိပ္ပာယ်ကောက်ယူသလားဆိုတာ ကြည့်ပေးဖို့ဖြစ်ပါတယ်။ အများပြည်သူနဲ့ပတ်သက်တဲ့ ကျွန်တော့်တာဝန်ကတော့ တရားစီရင်ရာမှာ ဘက်လိုက်မှုမရှိဘဲ ဥပဒေကို နည်းလမ်းတကျ ကျင့်သုံးဆောင်ရွက်မှုရှိသလားဆိုတာ ကြည့်ပေးဖို့ဖြစ်ပါတယ်" ဟု နိုင်ငံတော်တရားဝန်ကြီးချုပ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတဖြစ်ခဲ့သူ ဒေါက်တာဘဦးက ၎င်းရေးသားသော MY BURMA(ကျွန်ုပ်၏မြန်မာပြည်) စာအုပ်တွင် ဖော်ပြခဲ့ဖူးသည်။ (ဆရာကြီးဦးကျော်အေး ပြုစုသော တရားမကျင့်ထုံးဥပဒေစာအုပ်၊ ကျောဖုံးမှ ကောက်နုတ်ချက်။)

**တရားမမှု၏သဘာဝ**

ပြစ်မှုနှင့် တရားမမှုနှစ်မျိုးတွင် တရားမမှုမှာ စာပို၍ ဖတ်ရသည်။ စေ့စပ်သေချာရသည်။ ခေတ်အဆက်ဆက်စီရင်ထုံးတွေ လေ့လာရသည်။ ကျေကျေညက်ညက် ဖတ်ဖို့မှတ်ဖို့လိုသည်။ အနုစိတ်သိဖို့လိုသည်။ ဆရာကောင်းများကိုလည်း ဆည်းကပ်တတ်၊ မေးမြန်းတတ်မှ တော်ရုံကျသည်။

**အခက်အခဲတစ်ရပ်**

"မြန်မာဥပဒေပညာရှင်များရင်ဆိုင်ရသော အခက်အခဲတစ်ရပ်မှာ ဥပဒေများပါ အင်္ဂလိပ်နှင့် အိန္ဒိယဝေါဟာရများဖြစ်သည်။ Tenants in common (ဝေစုအလျောက်ဘုံဆိုင်သူများ)၊ Life interest (တစ်သက်တာ အကျိုးခံစားပိုင်ခွင့်)၊ benami (အမည်ခံအမည်ငှား)၊ resulting trust (ဖြစ်ပေါ်လာသော ယုံမှတ်အပ်နှံမှု) စသည့်ဝေါဟာရများဖြစ်သည်။ Joint tenants (ပူးတွဲပိုင်ဆိုင်သူများ)ကို နားလည်သော်လည်း tenants in common ဟူသော ဝေါဟာရ၏အဓိပ္ပာယ်အမှန်ကို သဘောပေါက်ရန်မလွယ်။ အတူပိုင်ဆိုင်သူများဟု ဘာသာပြန်ခြင်းသည် common (ဘုံ)ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို ပေါ်လွင်စေခြင်းမရှိ။ ရာဇသတ်ကြီး ပုဒ်မ ၃၄ တွင် အကြံတူဟု ဘာသာပြန်သော common intention နှင့် အသုံးအနှုန်းချင်းမတူ။ မြန်မာဗုဒ္ဓဘာသာလင်မယားသည် ၎င်းတို့၏လက်ထက်ဖြစ်ထွန်းသော ပစ္စည်းများတွင် တစ်ဝက်၊ သုံးပုံတစ်ပုံနှင့် သုံးပုံတစ်ပုံစီ စသည်ဖြင့် ပိုင်ကြသည်ဖြစ်ရာ ၎င်းတို့၏အနေအထားကို ဝေစု(အစု) အလျောက်ဘုံပိုင်ဆိုင်သူများဟုဆိုလျှင် ပို၍နားလည်မည်ဟု သဘောရရှိသည်။ အပုံလိုက်ပိုင်သူများဖြစ်ကြသည်။

မြန်မာဥပဒေပညာရှင်များနှင့် စိမ်းနေသော ဥပဒေဝေါဟာရတို့၏ အဓိပ္ပာယ်ကို ကောင်းစွာနားလည်အောင် အားထုတ်ရန် ပျက်ကွက်ကြသည်နှင့်အမျှ အမှုသည်တို့မှာ ခါးစည်းခံနေရမည်ကို ယင်းပညာရှင်များ သတိချပ်ရာသည်။"ဟူ၍ တရားရေးလောက၏ အကျော်အမော်၊ ဥပဒေပညာရှင်ဆရာကြီး ဦးမြက ထောက်ပြထားသည်။ (အမည်ခံအမည်ငှားနှင့် နှုတ်ပိတ်ခြင်းဆိုင်ရာ ဥပဒေစာအုပ်၊ ပညာဒါနစာစဉ်-၂ အမှာစာ) (၂၀၁၅၊ မေလထုတ်)

**တရားသူကြီးများစောင့်စည်းအပ်**

တရားသူကြီးများစောင့်စည်းအပ်သော ကျင့်ဝတ်ကိုလည်း ဆရာကြီးဦးမြက အောက်ပါအတိုင်းရေးသည်-

"စီရင်ချက်များတွင် စကားမကျွံမိစေရန် တရားသူကြီးများ စောင့်စည်းအပ်သည်။ ငါ့စကားနွားရ ဆိုသော အသုံးအနှုန်းထက် စကားကျွံသည်ဆိုသော အသုံးအနှုန်းက တရားရုံးဆန်သည်။ ယဉ်ကျေးသိမ်မွေ့ခြင်းသဘောဆောင်သည်။ စီရင်ချက်များကို လေးနက်တည်ကြည်စွာ ရေးသားချမှတ်ရသည်။ ဖြစ်ကတတ်ဆန်း ရေးချင်သလိုရေးသော စီရင်ချက်သည် စီရင် ချက်ပီသမှုမရှိ၊ စီရင်ချက်ရေးခြင်းသည် ပညာတစ်ရပ်ဖြစ်သည်။ စီရင်ချက်ရေးသည့် အတွေ့အကြုံများ လာသည်နှင့်အမျှ စီရင်ချက်များ ကျစ်လျစ်သိပ်သည်းပြီး ဖတ်ချင်စဖွယ်၊ စိတ်ဝင်စားဖွယ်ဖြစ်လာသည်။ ပရီ ဗီကောင်စီ ယခင် တရားလွှတ်တော်ချုပ် တရားလွှတ်တော်နှင့် တရားရုံးချုပ် (၁၉၆၂-၁၉၇၃) စီရင်ထုံးများ ကို ဖတ်ကြည့်ပြီး အတုယူရေးရန်လိုသည်။"

(အထက်ရည်ညွှန်းစာအုပ်၊ စာမျက်နှာ-ည)

**ထင်ပေါ်ကျော်ကြားသော ရှေ့နေကြီးများ**

မြန်မာ့သမိုင်းတွင် ထင်ပေါ်ကျော်ကြားသော ရှေ့နေကြီးများအား သတိရမိသည်။ စီရင်ထုံးအစောင်စောင်မှ ထင်ရှားသော ရှေ့နေကြီးများ၏ တင်ပြလျှောက်လဲချက်များ၊ ပညာရှိတရားသူကြီးများ၏ စံပြုဖွယ်စီရင်ချက်များ၊ စီရင်ထုံးများအား လေ့လာဖတ်ရှုမိသည်။ လက်လှမ်းမီသမျှ ကောက်နုတ်တင်ပြခွင့်ပြုပါ။

မြန်မာနိုင်ငံ၏ သမ္မတဖြစ်ခဲ့သော ဒေါက်တာ(ဆာ) ဘဦးသည် ဘိလပ်ပြန်ဝတ်လုံတော်ရဖြစ်သည်။ နိုင်ငံတော်ဝန်ကြီးချုပ်ဖြစ်ခဲ့သော ဒေါက်တာသိန်းမောင်သည် ဘိလပ်ပြန်ဝတ်လုံတော်ရဖြစ်သည်။ ရှေ့နေအဖြစ် အသက်မွေးဝမ်းကျောင်းပြုသူ၊ အစိုးရရှေ့နေ၊ တရားလွှတ်တော်တရားဝန်ကြီးတာဝန်များ ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ ဆရာကြီးဦးချန်ထွန်းအောင်သည် တရားလွှတ်တော် တရားဝန်ကြီးချုပ်တစ်ဦးဖြစ်ခဲ့သည်။ (စာရေးသူ၏ ဥပဒေကျောင်းသားဘဝတွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ဥပဒေပညာဌာန၏ အချိန်ပိုင်းကထိက၊ ဥပဒေပညာရှင်ကြီးဖြစ်သည်။) ဆရာကြီး ဦးချန်ထွန်းအောင်၏ သင်ကြားပြသမှု၊ ရှင်းလင်းတိကျပုံ၊ ဆရာကြီး၏ တရားခွင်လျှောက်လဲချက်များကို ယနေ့တိုင် ကြားယောင်မှတ်သားဆဲပါ။ ဒေါက်တာကျော်မြင့်၊ ဒေါက်တာမြင့်သိန်း၊ ဒေါက်တာထင်အောင်တို့ကိုလည်း ချန်မထားသင့်ပါ။ ဒေါက်တာဘတင်၊ ဒေါက်တာမောင်မောင်၊ ဦးအောင်ရှိန်ဝန်၊ ဦးထွန်းမောင်စသည့် ဝတ်လုံတော်ရ ရှေ့နေကြီးများသည်လည်း ထင်ရှားလှပါသည်။ ဦးသန်းအောင်၊ ဦးမြင့်စိုး၊ ဒေါ်မြမြအေး၊ ဦးတင်အုံးစသည့် တရားလွှတ်တော်ရှေ့နေ၊ ဝတ်လုံတော်ရများ၊ မစ္စတာအင်စီဆင်း၊ ဦးကျော်မင်း၊ ဦးမွန်ဖိုးချို၊ ဆရာသာထို၊ ဦးဘစိန်၊ ဦးဘတင်(သံတွဲ)၊ ဦးချစ်(ဒေးဒရဲ)၊ ဦးမြရှိန်၊ ဦးတီပီဝမ်း၊ ဦးဘသန်း၊ ဦးဘထွန်း(ဓနုဖြူ) စသည့် ဥပဒေအတွေ့အကြုံစုံလင်လှသော ထင်ပေါ်ကျော်ကြား ရှေ့နေကြီးများအား ဂါရဝပြုတမ်းတမိပါသည်။ နာမည်နာမများစုံလင်အောင် မဖော်ပြနိုင်ငြား ဆရာကြီး၊ ရှေ့နေကြီးများ၏ ဥပဒေရေးရာနှံ့စပ်မှု၊ အမှုသည်များအပေါ် သစ္စာရှိမှု၊ တရားရုံးများအပေါ် လေးစားမှုစသည့် ကောင်းမြတ်သော ဂုဏ်သတင်းများသည်ကား မွေးကြိုင်ဆဲ ဖြစ်ပါပေသည်။ လက်ဆင့်ကမ်း အမွေဖြစ်ပါပေသည်။

**ရှေ့နေနှင့် တရားရုံး**

ရှေ့နေရှေ့ရပ်များသည် တရားရုံးအရာရှိများဖြစ်သည်။ အမှန်တရားကိုဖြစ်ထွန်းစေရန် တရားရုံးများကို ကူညီဆောင်ရွက်ကြသည်။ မွန်မြတ်သော အသက်မွေးဝမ်းကျောင်းပြုသူ အသိပညာရှင်များဖြစ်သင့်ကြောင်း (၁၉၉၆၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာမျက်နှာ-၃၁)တွင် ထောက်ပြလမ်းညွှန်ဖူးသည်။

**လေ့လာဖတ်ရှုမှုအဓိကကျ**

တရားဥပဒေများကား ကျယ်ပြောလှ၍ ဖတ်ရှုမှတ်သားစရာ များလှပေသည်။ ခေတ်စနစ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော တရားဥပဒေစနစ်၊ ပြင်ဆင်၊ ရုပ်သိမ်း၊ ပယ်ဖျက်၊ အသစ်ရေးသည့်ဥပဒေများ၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖြစ်ပေါ်တိုးတက်မှု အတွေးအမြင်၊ ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုမှု၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ စီရင်ထုံးများ၊ လေ့လာဖောင်းပေးမှု နည်းပါးတတ်သော တရားမမှုကြီးများ စသည် စသည် ဖြစ်ပါသည်။ လေ့လာဖတ်ရှုမှုမရှိက ဥပဒေအသိ၊ ဥပဒေဗဟုသုတ၊ ဥပဒေအတွေ့အကြုံစုံနိုင်မည် မဟုတ်။ ခေတ်အဆက်ဆက် ဥပဒေအဟောင်းများသည် ဖြတ်ကျော်သွားခဲ့ပါပြီ။ ဥပဒေအသစ်များဖြင့် အစားထိုးနေရာယူဆဲ။ ရှေ့မီနောက်မီ ဥပဒေပညာရှင်ကြီးများ၏ အတွေ့အကြုံကို ခြေစုံဦးခိုက်၊ ရယူထိုက်လှပေသည်။ တရားဥပဒေ၏ အာနိသင်ဖြင့် အမှန်တရားထွန်းကားမည် ဧကန်ပင်။ အနည်းဆုံးတော့ ရှေ့နေတစ်ဦး၏ တာဝန်ကျေပွန်ရမည်ဟု ကျွန်တော်ယုံသည်။

**တင်ပြချက်**

(၁) လေ့လာမှတ်သား တရားဥပဒေများ။
(၂) ကျမ်းများစုံစွာ ဂုဏ်သိက္ခာ။

■ ■ ■

**ရှေ့နေရှေ့ရပ်များသည် တရားရုံးအရာရှိများဖြစ်သည်။ အမှန်တရားကိုဖြစ်ထွန်းစေရန် တရားရုံးများကို ကူညီဆောင်ရွက်ကြသည်။ မွန်မြတ်သော အသက်မွေးဝမ်းကျောင်းပြုသူ အသိပညာရှင်များ ဖြစ်သင့်ကြောင်း . . .**

# ချောင်းမနား၊ ညောင်ပင်လှ၊ ရွာသစ်ကျေးရွာတို့၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းပွဲကျင်းပ

**ချောင်းဦး ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ချောင်းမနား၊ ညောင်ပင်လှ၊ ရွာသစ်ကျေးရွာတို့၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက်ဂနာရီက ချောင်းမနားကျေးရွာအုပ်စု၌ ကျင်းပသည်။

ချောင်းဦးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးကျော်လွင်ဦးက ကျေးရွာပြည်သူများအား လျှပ်စစ်အန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်မီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးကံငွေး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းဝင်း၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကိုယ်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဆိုင်းဘုတ်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးကျော်လွင်ဦးက Main Breaker အား ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ချောင်းဦးမြို့နယ် ချောင်းမနားအုပ်စု ညောင်ပင်လှကျေးရွာနှင့် ရွာသစ်ကျေးရွာတို့တွင် အိမ်ခြေ ၂၄၄ လုံး အိမ်တိုင်း ၂၄ နာရီ မီးလင်းပြီဖြစ်ပြီး ထရန်စဖော်မာ 200 KVA နှစ်လုံး တပ်ဆင်ပြီး စုစုပေါင်း ကုန်ကျငွေကျပ် သိန်း ၈၀၀ ဖြစ်ကြောင်း သိရသည်။

မြို့နယ်ပြန်/ဆက်

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ကျိုင်းတုံတွင် မိုးစပါးစံပြကွက် စိုက်ပျိုးပွဲကျင်းပ

**ကျိုင်းတုံ ဇူလိုင် ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ကွင်းအမှတ် (၈၁) ရှိလယ်မြေငါးဧကတွင် မိုးစပါး ဆင်းဧကရီ-၃ မျိုးပွား စံပြကွက် စိုက်ပျိုးပွဲကို ဇူလိုင် ၁၈ ရက်က ကျင်းပရာ ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ၊ ပြည်နယ်/ခရိုင်/မြို့နယ်မှ စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးချိုနိုင်ထွန်းက ဆင်းဧကရီ-၃ မျိုးပွားစံပြကွက် စိုက်ပျိုးရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ရှမ်းပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆင်းဧကရီ-၃ မျိုးပွားစံပြကွက် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆင်းဧကရီ-၃ စပါးမျိုးကို ဆင်း)မှ မှာယူပြီး ကျိုင်းတုံမြို့နယ်နှင့်



မိုင်းခတ်မြို့နယ်များတွင် ပွားများ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(ပြန်/ဆက်)

ဖတ်စရာ

# စစ်ကိုင်းတောင် တောင်ထိပ်ဖျားများဆီက ဥမင်သုံးဆယ်ဘုရားများ

**à** တိမ်တမန်



သီဟိုဠ်ကျွန်းက အနုရာမ၊ မြန်မာက စစ်ကိုင်း ယှဉ်နှိုင်းသာသနာထွန်းရာ မြေဟုပင် ညွှန်းဆိုထားသည့် စစ်ကိုင်းမြို့သည် သီဟိုအနုရာမနည်းတူ သာသနာထွန်းကားကာ သာသနာ့ဝန်ထမ်း ရဟန်းတော်များနှင့် သီလရှင်များ သီတင်းသုံးတရားအားထုတ်ရာ ဒေသအဖြစ် ထင်ရှားသည်။

တောင်ထိပ်ပေါင်း ၃၇ လုံးဖြင့် ထင်ရှားသလို တောင်ထိပ်တစ်ခုဆီတွင် ထူးခြားသော စေတီဘုရားများ တည်ရှိပြီး စိတ်ဝင်စားဖွယ်ရာ တောင်တစ်တောင်ဖြစ်သည်။ ထိုဘုရားများတွင် ဒေသအခေါ် စာမရီတောင်ထိပ်ဖျားက ထူးခြားသည့်ဘုရားဖြစ်သော ဥမင်သုံးဆယ်လည်းပါဝင်သည်။

စစ်ကိုင်းဘုရားဖူးများသည် ငဖားတောင်ထိပ်မှ ဆွမ်းဦးပုညရှင်၊ စာမရီတောင်ထိပ်မှ ဥမင်သုံးဆယ်ဘုရား၊ ရှင်ဖြူရှင်လှဘုရားနှင့်အတူ အနီးအနားမှ မျှော်တော်ဇောဘုရား၊ ဗောင်းတော်ကျဘုရား၊ ငှက်မြက်နားစေတီနှင့်အတူ အနီးအနားဘုရားများကို တစ်ဆက်တည်းဖူးမြော်ကြသည်။

ဥမင်သုံးဆယ်ဘုရားမှာ ထူးခြားသောဘုရားများပင်ဖြစ်သည်။ ဥမင်လိုဏ်အတွင်း ရုပ်ပွားတော် ၄၅ ဆူကိန်းဝပ်စံပယ်တော်မူပုံမှာ ကြည်ညိုဖွယ် ဖူးမြင်ရသည်။ ဥမင်လိုဏ်မှာ မုခ်ဝသုံးဆယ်ရှိခြင်းကို အကြောင်းပြုကာ ဥမင်သုံးဆယ်ဟု ခေါ်ကြောင်း သိရသည်။

မုခ်ဝတစ်ခုစီတွင် တံကဲမုခ်များကို လက်ရာမြောက်စွာ ပြုလုပ်ထားသည်။ လှုဝင်ပေါက်အမြင့် ၆ ပေ ၇ လက်မနှင့် အကျယ် ၂ ပေ ၅ လက်မရှိပြီး လိုဏ်တောင်ဘက်မျက်နှာများတွင် မနုသီဟရုပ် ၁၀ ရုပ်နှင့် စေတီငယ်ခုနစ်ဆူတည်ထားပြီး ထူးခြားသောဘုရားများအဖြစ်တည်ရှိသည်။

ဘုရားပွဲကို နှစ်စဉ် ဝါခေါင်လပြည့်နေ့တွင် ကျင်းပကြောင်း သိရသည်။ အများစုမှာ ဆွမ်းဦးပုညရှင်ဖူးပြီးသည်နှင့် ဥမင်သုံးဆယ်ဘုရားများသို့ သွားရောက်ဖူးမြော်ကြသည်။ ဘုရားသွားရာစောင်းတန်းတစ်လျှောက်တွင် စစ်ကိုင်းအမှတ်တရအနုပညာမြောက်လက်ရာများနှင့်အတူ အမှတ်တရလက်ဆောင်များ ရောင်းချကြသည်။

ဥမင်သုံးဆယ်မှသည် စစ်ကိုင်းမြို့အလှတို့ကိုမြင်ရသလို စစ်ကိုင်းမြို့ထဲမှ ဘုရားများကို အဝေးမှဖူးမြော်နိုင်သောနေရာပင် ဖြစ်သည်။ လက်ရှိကာလ ဝါတွင်းဘုရားဖူးခရီးစဉ်တွင် ပြည်တွင်းဘုရားဖူးဧည့်သည်များ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိသည်။ စစ်ကိုင်းမြို့တွင် စာမရီတောင်ထိပ်ဖျားမှ ထူးခြားသောဘုရားများအဖြစ် ထင်ရှားသည်။

## နွားထိုးကြီးတွင် မိုးရွာသွန်းမှု လိုအပ်နေ

**နွားထိုးကြီး ဇူလိုင် ၂၀**

နွားထိုးကြီးမြို့နယ်တွင် မိုးဦးသီးနှံဖြစ်သော နှမ်းနှင့် မြေပဲစိုက်ပျိုးထားသော်လည်း ပေါင်းရှင်းရာသီတွင် အပင်ဖြစ်ထွန်းမှုမှာ မိုးရွာသွန်းမှုလိုအပ်နေ၍ တောင်သူများမှာ မိုးမျှော်နေကြသည်။

အဆိုပါ စိုက်ပျိုးတောင်သူများဖြစ်သော မျက်ရှုရွာ၊ ကန်နားရွာ၊ သရက်ကန်ရွာ၊ လက်သမားကန်ရွာတို့မှာ မိုးမရွာ၍ မိုးမျှော်နေရသည်။ ယခုလက်ရှိတွင် တန်ခူးနှမ်းရိတ်သိမ်းနေပြီဖြစ်သော်လည်း နှမ်းခင်းအများစုမှာ အောင်မြင်မှုနည်းနေကြောင်းနှင့် မိုးကောင်းသောရွာအချို့သာ တန်ခူးနှမ်းများအောင်မြင်ကြကြောင်း သိရသည်။ နွားထိုးကြီးနယ်တွင် မိုးဦးသီးနှံဧကသုံးသိန်းကျော်တွင် မြေပဲ၊ နှမ်း ဆီထွက်သီးနှံဧက နှစ်သိန်းနီးပါးရှိနေသည်။ မိုးရွာသွန်းမှုလိုအပ်နေသော နှမ်းများ အပင် အဖြစ် ပွင့်ဖူးဝေနေသော်လည်း မိုးမရွာ၍ အခက်တွေ့နေကြကြောင်းသိရသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

## အဖြူရောင်ပရဟိတအသင်းရုံး တောင်ကြီး၌ ဖွင့်လှစ်

**တောင်ကြီး ဇူလိုင် ၂၀**

တောင်ကြီးမြို့တွင် မိဘမဲ့ကလေးများ ကူညီစောင့်ရှောက်ရေးနှင့် သွေးလှူရှင် အဖြူရောင်ပရဟိတအသင်းရုံးဖွင့်ပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ မင်းကျောင်းပရိယတ္တိကျောင်းတိုက် ကန်အောက်ရပ်ကွက်၌ ကျင်းပခဲ့သည်။

အဖြူရောင်ပရဟိတ မိဘမဲ့ကလေးများကူညီစောင့်ရှောက်ရေးနှင့် သွေးလှူရှင်အသင်း၏ နာယကဆရာတော် ရှင်ဂုဏသာရက ဩဝါဒတရားချီးမြှင့်ခဲ့သည်။

အဖြူရောင်ပရဟိတအသင်းဥက္ကဋ္ဌ ဦးသိန်းဟန်က အသင်းရုံးခန်းဖွင့်လှစ်ခြင်းကြောင့် အလွယ်တကူ ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ အခြား ပရဟိတအသင်းအဖွဲ့များနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ အဖြူရောင်ပရဟိတအသင်း အတွင်းရေးမှူး ဦးစိုးမြင့်က အသင်း၏ဆောင်ရွက်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ အဖြူရောင်ပရဟိတအသင်းဖွင့်ပွဲသို့ အဖြူရောင်ပရဟိတအသင်း၏ နာယကဆရာတော် အရှင်ဂုဏသာရ၊ အဖြူရောင်ပရဟိတ အသင်းဥက္ကဋ္ဌ ဦးသိန်းဟန်၊ အဖြူရောင်ပရဟိတ ကလောအသင်းအဖွဲ့များ၊ တက်ရောက်ခဲ့သည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## ဧရိပ်မွန်(၂) သမီးငယ်လေးများအား ကျန်းမာရေးစစ်ဆေး



**ချောင်းဦး ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ ဧရိပ်မွန်(၂) သမီးငယ်လေးများအား ကျန်းမာရေးစစ်ဆေးခြင်းကို ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျန်းမာရေးစစ်ဆေးခြင်းပြုလုပ်ခြင်းကို မုံရွာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နမ့်သီတာချိုစင်၊ မုံရွာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဌေးဝင်း၊ ချောင်းဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးသင်းနှင့်အဖွဲ့၊ ချောင်းဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးမှ ဒေါက်တာစန္ဒာလွင်နှင့် အဖွဲ့တို့သည် ချောင်းဦးမြို့ ဧရိပ်မွန်(၂) မှ သမီးငယ်လေးများအား ကျန်းမာရေးစစ်ဆေးခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**အိအိစိုး(ချောင်းဦး)**

## မလှိုင်တွင် အလယ်တန်းကျောင်း(ခွဲ) တိုးမြှင့်ဖွင့်လှစ်

**မလှိုင် ဇူလိုင် ၂၀**

မလှိုင်မြို့နယ် ရွာသစ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းကို အလယ်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက်မွန်းလွဲပိုင်းက အဆိုပါကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရွှေနန်း၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင်တို့က ဖွင့်လှစ်ပေးခဲ့သည်။

"ကျွန်တော်တို့ကျေးရွာက ကလေးတွေ မူလတန်းအဆင့်အောင်မြင်ခဲ့ရင် မိတ္ထီလာမြို့နယ်က ရေချို အ. ထ. က ကျောင်းကို သွားတက်ရပါတယ်။ ရေချိုနဲ့က ၃ မိုင် ဝေးပါတယ်။ ကျွန်တော်တို့မြို့နယ်ထဲက မလှိုင် အ. ထ. က ကျောင်းကို သွားတက်မယ်ဆိုရင် ၁၀ မိုင် လောက်ဝေးပါတယ်။ အခုလို ကျွန်တော်တို့ရွာမှာတင် အလယ်တန်းကျောင်း(ခွဲ) တိုးမြှင့်ဖွင့်လှစ်ပေးလို့ ကျွန်တော်တို့ကျောင်းသားမိဘတွေကတော့ အရမ်းကိုဝမ်းသာပါတယ်"ဟု ဒေသခံကျောင်းသားမိဘတစ်ဦးက ပြောပြသည်။

**အောင်ဌေး(မလှိုင်)**

## ကရင်ပြည်နယ် ဘားအံမြို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**ဘားအံ ဇူလိုင် ၂၀**

ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ ကျေးရွာများအား ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ထောက်ပံ့ငွေများ၊ ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရာတွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရမည်ဖြစ်သဖြင့် နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးလျက်ရှိရာ ကရင်ပြည်နယ်တွင်လည်း ငြိမ်းချမ်းလာသည်နှင့်အမျှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန် ပညာသင်ကြားရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးတို့တွင် အထောက်အကူဖြစ်စေမည့် ထောက်ပံ့ငွေများ၊ ထောက်ပံ့ပစ္စည်းများ ပေးအပ်ရခြင်းဖြစ်ကြောင်း အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများအတွက် ထောက်ပံ့သည့်အသုံးစရိတ်များကို သုံးစွဲရာတွင် လိုက်နာရမည့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစောဝင်းထိန်က ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထောက်ပံ့ငွေများ၊ ထောက်ပံ့ပစ္စည်းများပေးအပ်ရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှ ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ မြန်မာရွှေ့ပြောင်းပညာရေးကျောင်းမှ ပညာသင်ကြားပေးနေသော ဆရာ၊ ဆရာမများအတွက် လစာစရိတ်သိန်း ၆၀ ကို ပြည်နယ်ဝန်ကြီးချုပ်မှ ပေးအပ်ရာ မြန်မာရွှေ့ပြောင်းပညာရေးကျောင်းတာဝန်ခံက လက်ခံရယူခဲ့သည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ သံတောင်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ မြဝတီမြို့နယ်၊ ဖာပွန်မြို့နယ် ခုနစ်မြို့နယ်နှင့် ကျေးရွာများအတွက် ချို့တဲ့ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရေးတွင် သွားလာရေးအဆင်ပြေစေရန် စက်ဘီး အစီး၅၀၀ စီး၊ လယ်ယာသုံးလက်တွန်းထွန်စက် ကိုးစီး၊ ဆိုလာမီး ၁၅ စုံ၊ TV နှင့် စလောင်း သုံးစုံ၊ မီးကြိုးခွေများ၊ ကွန်ပျူတာနှစ်လုံး၊ ဘိလပ်မြေ ၄၁၂၆ အိတ်၊ အမိုးသွပ်ပြား ၄၇၀ ချပ်၊ ယူရီးယားနှင့်ကွန်ပေါင်းဓာတ်မြေဩဇာ ၁၂၃၄ အိတ်၊ ပုလဲသွယ်မျိုးစပါးများ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများအတွက် တစ်မြို့နယ်လျှင် ကျပ်သိန်း ၁၀၀ စီကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများမှ ပေးအပ်ခဲ့ရာ တက်ရောက်လာကြသော မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌတို့က လက်ခံရယူခဲ့သည်။

**နေမျိုးလွင်(ဘားအံ)**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သရက်သီးတင်ပို့မှုတွင် တင်ပို့ရောင်းချမှုဆိုင်ရာ အခက်အခဲများအား ညှိနှိုင်းဆွေးနွေး

**မန္တလေး ဇူလိုင် ၂၀**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ သရက်သီးတင်ပို့ရောင်းချသူများအသင်းတို့ကကြီးမှူး၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သရက်သီးတင်ပို့ရာ လေလံစနစ်ဖြင့်ရောင်းချရာတွင် အခက်အခဲများတင်ပြခြင်းအပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် နည်းလမ်းများ ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်အောင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးဦးစီးမှူးများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းနှင့် အလုပ်အမှုဆောင်များ၊ သရက်သီးတင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်နှင့် အမှုဆောင်များ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သရက်စိုက်ပျိုးသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်အောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး သရက်စိုက်တောင်သူများက ဆွေးနွေးခြင်း၊ သရက်အစုအဖွဲ့မှဆွေးနွေးခြင်း၊ သစ်သီးဝလံကုန်စည်ဒိုင်များဆွေးနွေးခြင်း၊ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သည်များအသင်းမှ ဆွေးနွေးတင်ပြခြင်း၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဆွေးနွေးတင်ပြခဲ့သည်။


သရက်သီးများအားတင်ပို့ရာ ၁၀၅ မိုင်စစ်ဆေးရေးဂိတ်၊ မူဆယ်ကုန်စည်ဒိုင်၊ ကြယ်ခေါင်ဈေးကွက်တို့တွင် တင်ပို့ရာ၌ ထုပ်ပိုးခ၊ ကုန်သွယ်ခွန်၊ ပွဲခ၊ တရုတ်ငွေဈေး၊ သယ်ယူပို့ဆောင်ခများကြောင့် သရက်စိုက်ပျိုးတင်ပို့ရောင်းချသူများ တွက်ခြေမကိုက်မှုများနှင့် တစ်ဖက်နိုင်ငံကုန်သည်များက ဈေးနှိမ်ဝယ်ယူခြင်း၊ တင်ဒါအောင်ပြီးမှ ဝယ်ယူခြင်းများ ဖျက်သိမ်းခြင်းတို့ကြောင့် သရက်စိုက်ပျိုးသူများ အခက်အခဲဖြစ်မှုများအားတင်ပြရာ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

**သီဟကိုကို(မန္တလေး)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**




## အောင်ပွဲရအင်္ဂလိပ်စာ စာစီစာကုံးနှင့်ပေးစာများ

Nay Lynn Win ရေးသားသော အောင်ပွဲရ အင်္ဂလိပ်စာ စာစီစာကုံးနှင့်ပေးစာများ (Essays & Letter for Students) စာအုပ်ထွက်ရှိလာပါသည်။ ၉ တန်း၊ ၁၀ တန်း၊ တက္ကသိုလ်ပထမနှစ်များအတွက် အထူးအသုံးဝင်သော Essay စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ Essays ခေါင်းစဉ်များမှာ အများဆုံးမေးသော ခေါင်းစဉ်များဖြစ်သည်။ Essays တစ်ပုဒ်ချင်း၏ အောက်တွင် ဆင့်ပွားရေးနိုင်သော ခေါင်းစဉ်များ၊ အများဆုံးမေးနိုင်သည့် Topic များကို စီစဉ်ထားသည်။ Letters ခေါင်းစဉ်တွင် နှစ်စဉ်အမေးများသော ခေါင်းစဉ်များကို ပြုစုထားပါသည်။ မေးခွန်းဟောင်းများ လေ့လာချက်များအရ ဤခေါင်းစဉ်များသည် မေးခွန်းအများစုတွင် မေးလေ့ရှိသော Essays ခေါင်းစဉ်များနှင့် Letters ပုံစံများဖြစ်သောကြောင့် ကျောင်းသားများအတွက်များစွာ အထောက်အကူပြုပါလိမ့်မည်။

ဤစာ အုပ်ကို မဇ္ဈိမစာပေ အမှတ် (၂၃၇) ပထမထပ်(ဝဲ) ၃၉ လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန် မြို့ ဖုန်း ၀၁-၃၉၂၈၃၅၊၀၉-၅၀၅၆၈၄၃ မှ တန်ဖိုး ၁၂၀၀ ကျပ်ဖြင့် ဖြန့်ချိထားပါသည်။



## အောင်နိုင်သူပွဲတိုင်းကျော်စာစီစာကုံးများ

ဆရာဦးရဲမြင့် မြန်မာစာကထိက(ငြိမ်း) ရေးသားသော အောင်နိုင်သူပွဲတိုင်းကျော်စာစီစာကုံးများ ၈တန်း၊ ၉ တန်း၊၁၀ တန်းကျောင်းသားများအတွက် ထွက်ရှိလာပါသည်။ ဤစာအုပ်လေးတွင် ၈တန်း၊ ၉ တန်း၊ ၁၀ တန်း ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် လမ်းညွှန်သဖွယ် အသုံးပြုနိုင်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။ ဤစာအုပ်လေးတွင် စကားပုံစာစီစာကုံး ၁၆ ပုဒ်၊ လရာသီအလိုက် စာစီစာကုံး ငါးပုဒ်၊ အထွေထွေစာစီစာကုံး ကိုးပုဒ်ပါဝင်ပါသည်။ အထူးသဖြင့် ၈ တန်းကျောင်းသားများအတွက် မြန်မာစာ ဂုဏ်ထူးဝင်အောင် ဖြေဆိုနည်းလမ်းညွှန် ထည့်သွင်းထားပါသည်။ ဆရာဆရာမတိုင်း၊ ကျောင်းသားကျောင်းသူတိုင်း၊ လက်ကိုင်ထားသင့်သော် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

ဤစာအုပ်ကို မဇ္ဈိမစာပေ အမှတ် (၂၃၇) ပထမထပ်(ဝဲ) ၃၉ လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုး ၁၅၀၀ကျပ်ဖြင့် ဖြန့်ချိထားပါသည်။



## လူ့တန်ဖိုးအခြေခံသော ခေါင်းဆောင်မှု

### Values-Based Leadership(VBL)

ဆရာကြီး ပါမောက္ခဒေါက်တာအောင်ထွန်းသက် ဟောပြောသည့် လူ့တန်ဖိုးအခြေခံသော ခေါင်းဆောင်မှု Values-Based Leadership (VBL) စာအုပ်ထွက်ရှိလာသည်။

ဤစာအုပ်သည် မြန်မာနိုင်ငံ မြန်မာ့ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၌ ဟောပြောထားသော အခွေအား စာအုပ်အဖြစ် ပြောင်းလဲ၍ မဇ္ဈိမစာပေမှ ထုတ်ဝေထားခြင်းဖြစ်သည်။ အဆိုပါ စာအုပ်သည် နိုင်ငံကို ခေါင်းဆောင်မည့် မျိုးဆက်သစ်လူငယ်များ အရည်အသွေးပြည့်ပြည့် လူ့တန်ဖိုးနှင့်ဂုဏ်သိက္ခာရှိရှိဖြင့် အနာဂတ်နိုင်ငံတော်ကို ခေါင်းဆောင်ကောင်းပီသစွာ ခေါင်းဆောင်ရန်အတွက်ဆရာကြီး၏ ဟောပြောချက်များဖြစ်သည့်အတွက်၊ နိုင်ငံသားတိုင်းအတွက် အရေးကြီးလှသည်။

အနာဂတ်မျိုးဆက်သစ်နိုင်ငံသားများ၏ ဦးနှောက်နှင့်စိတ်ဓာတ်ပိုင်းဆိုင်ရာ ယန္တရားကြီး လည်ပတ်နိုင်ရန်အတွက် အတွေ့အကြုံနှင့်အတတ်ပညာရပ်များဖြင့် ဟောပြောထားသဖြင့် မျိုးဆက်သစ်လူငယ်များ မဖြစ်မနေဖတ်ရမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ဤစာအုပ်ကို မဇ္ဈိမစာပေ အမှတ် (၂၃၇) ပထမထပ်(ဝဲ) ၃၉ လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုး ၁၀၀၀ကျပ်ဖြင့် ဖြန့်ချိထားသည်။



## မင်းတုန်းမင်းမြို့နန်းမတည်မီက မန္တလေး

စာရေးသူ ရွှေရိုး(မန္တလေး)သည် သမိုင်းပညာရှင်မဟုတ်၊ သမိုင်းအတွက်တန်ဖိုးရှိနိုင်သည်ဟူသော အသိစိတ်ဖြင့် ရေးသားထားသည်။ ဆက်လက်သုတေသနပြုဖော်ထုတ်ရန်မှာ သမိုင်းပညာရှင်တို့၏တာဝန်ဖြစ်သည်။ လူသည်သမိုင်းကို တည်ဆောက်သည်။ သမိုင်းသည်လူကို ဦးဆောင်သည်။ လူနှင့်သမိုင်းသည် အပြန်အလှန် မွမ်းမံခြယ်လှယ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ် နှင့် ကုန်းဘောင်ခေတ်ဟူသော ခေတ်အဆက်ဆက်တို့၏ သမိုင်းဆိုင်ရာရှေးအထောက်အထားများကို တွေ့ရသည်။ သုတေသနစာပေကို ချစ်မြတ်နိုးသူတိုင်း၊ မန္တလေးကို ချစ်ကြသူတိုင်း၊ သမိုင်းကို ဝါသနာထုံသူတိုင်း၏ စာအုပ်စင်တွင် မရှိမဖြစ်ထားသင့်သော ဗဟုသုတစာပေဆိုင်ရာ မှတ်တမ်းစာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို ဦးမောင်မောင်မြင့်အေး အမှတ်(၂၀၅)ပိတောက် (၈) လမ်း၊ မြို့သစ်(၈)ဘုရင့်နောင် အင်းစိန်မြို့နယ်မှ ထုတ်ဝေသည်။



## သားငယ်သမီးငယ်တို့အတွက် ပုံပြစကားပုံ

မြန်မာလူမျိုးတို့သည် အကြောင်းကိစ္စတစ်ခုခုနှင့် ကြုံတွေ့ရသည့်အခါ အဖြစ်အပျက် ဥပမာတို့ဖြင့် နှိုင်းယှဉ်ကာ ပြောဆိုတတ်ကြသည့် အစဉ်အလာများရှိခဲ့သည်။ အဆိုပါ ပုံခိုင်းပြောဆိုသော စကားပုံများကိုလည်း ပကတိအမှန်တရားတစ်ခုအဖြစ် လူမှုပတ်ဝန်းကျင်တွင် ကိုးကားပြောဆိုသုံးစွဲတတ်ကြသည်။ မြန်မာအဘိဓာန် တွင် စကားပုံ၏ "လူအများဆင်ခြင်မှတ်သားဖွယ်ဖြစ်အောင် စံပြပုံခိုင်း အသုံးပြုလေ့ရှိသော ထိရောက်ကျစ်လျစ်သည့် စကားရပ်" ဟုဖွင့်ဆိုထားသည်။

လင်းသက်ခိုင်ရေးသားပြုစုသည့် "သားငယ်သမီးငယ်တို့အတွက် ပုံပြစကားပုံ"စာအုပ်တွင် ကိုယ့်ဝမ်းနာ ကိုယ်သာသိ၊ ကျူပင်ခုတ် ကျူငုတ်မကျန်၊ ကြက်ကန်းဆန်အိုးတိုး၊ ကျွဲပါးစောင်းတီး အပါအဝင် စကားပုံပေါင်း ၁၂၀ ကို ကလေးသူငယ်များ၊ ကျောင်းသား ကျောင်းသူများ ဗဟုသုတဖြစ်ဖွယ်ရာ ဆေးရောင်စုံသရုပ်ဖော်ပုံများဖြင့် ရေးသားဖော်ပြထားသည်။

ယခုစာအုပ်ကို စာပေလောက ၅ အမှတ်(၁၃၈/၁၄၀) ပထမထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၂၆၀၂၄၅၂၂၄၊ ၀၉-၇၃၁၄၀၉၃၄၊ ၀၉-၇၃၀၄၀၉၃၆ တန်ဖိုးငွေကျပ် ၁၃၀၀ ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

**Myanmar Telesis**

တက္ကသိုလ်ဝင်တန်း (or) IGCSE အောင်ပြီးတာနဲ့ မိမိကြိုက်နှစ်သက်ရာ Major ကို ရွေးချယ်ကာ UK, USA, Australia, Singapore, Canada နိုင်ငံရှိ ကောလိပ်/ တက္ကသိုလ်များတွင် ကုန်ကျစရိတ်သက်သာစွာ ဖြင့် တက်ရောက် လိုပါသလား ?





ပညာရေးကျွမ်းကျင်သူများနှင့် (အခမဲ့) လာရောက်ဆွေးနွေးနိုင်ပါသည်။

Pls Call : 01- 527168 , 09 - 796114575
No.73, (2nd Fl:) Corner of Ma Po & Myaynigone Zay St, Sanchaung Tsp.

Golden Gate Int'1 Development Co.,Ltd.

**ဝန်ထမ်းအလိုရှိသည်**

၁။ M & E Engineer [B.E(Mechanical & Electrical) လုပ်ငန်းအတွေ့အကြုံရှိရမည်။] ကျား/မ(၅)ဦး
၂။ Site Engineer [B.E/M.E(Civil)၊ အတွေ့အကြုံရှိရမည်။] ကျား/မ(၅)ဦး
၃။ Accountant (ဘွဲ့ရ၊ LCCI Level III၊ အတွေ့အကြုံရှိရမည်) မ(၂)ဦး
၄။ Admin Staff (ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်၊ အတွေ့အကြုံရှိရမည်) ကျား/မ(၃)ဦး
၅။ Receptionist (ဘွဲ့ရ၊ အပြောအဆို ပြေပြစ်ရမည်) မ(၂)ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ မျှော်မှန်းလစာနှင့်အတူ Golden Gate Int'1 Development Co.,Ltd. သို့ E-mail ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ လာရောက်လျှောက်ထားနိုင်ပါသည်။

**E-mail: goldengate@ggintldev.com**

အမှတ်(၂၁၉)၊ သစ္စာလမ်းမကြီး၊ (၁၃)ရပ်ကွက်၊ (သံလမ်းမှတ်တိုင်အနီး)၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်းနံပါတ် **: 01-8551334, 01-560049, 09-49202920, Fax: 01-560050**

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြား ဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင် မည်ဟုယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

**အခန်း(၄)**

**အိပ်မပျော်သူနှစ်ဦး**

မိန်းမပျိုက ညင်သာစွာ ပြုံး၍ စကားစဆိုသည်။

"ဆရာ. . . သိပ်အံ့ဩသွားတယ် ထင်ပါတယ်ရှင်၊ အသံမပြုဘဲ လာမိတဲ့အတွက် မမြင့်ဝေကို ခွင့်လွှတ်စေလိုပါတယ်"

နူးညံ့သော စကားသံနှင့် လိုက်ဖက်စွာ အမူအရာမှာလည်း ယဉ်ကျေးသိမ်မွေ့၏။

ထိုအခါကျမှ ကိုသက်ခိုင်ကလည်း အံ့ဩစိတ်ကို ထိန်းသိမ်းမိပြီး-

"ရုတ်တရက်မို့ ဆရာ အံ့အားသင့်သွားမိပါတယ်၊ အမှန်တော့ တောင်းပန်ချင်း တောင်းပန်ရင် အိပ်သူတွေ အနှောင့်အယှက်ဖြစ်အောင် တယောထိုးမိတဲ့ ဆရာကပဲ တောင်းပန်ရလိမ့်မယ် ထင်ပါတယ်"ဟု စကားပြန်ရ၏။

မမြင့်ဝေသည် မျက်တောင်ကော့များကို ပင့်လျက် ကိုသက်ခိုင်၏မျက်နှာအား မော့ကြည့်ရင်း ညည်းဟန်ရောသော စကားတစ်ရပ်ကို ဆို၏။

"တယောသံဟာ. . . အိပ်သူတွေကို အနှောင့်အယှက် ဖြစ်ကောင်းဖြစ်စေပေမယ့်. . . အိပ်မပျော်နိုင်သူတွေရဲ့ ပင့်သက်ကိုတော့ ရပ်စေနိုင်လိမ့်မယ်လို့ မမြင့်ဝေထင်ပါတယ် ဆရာ"

မမြင့်ဝေက ဤစကားရပ်များကို ပေါ့ပါးချောမွေ့စွာ ပြောလိုက်သောလည်း လေးနက်သော အဓိပ္ပာယ်ကြောင့် ကိုသက်ခိုင်မှာ ရုတ်တရက် မည်သို့စကားပြန်ရလေမှန်း မသိ။

မမြင့်ဝေကသာ ပကတိတည်ငြိမ်ခြင်းနှင့် စကားဆက်လေ၏။

"ထိုင်ပါလား ဆရာ. . . ပြီးတော့ မမြင့်ဝေကိုလည်း ထိုင်ခွင့်ပြုပါ၊ ပြီးတော့ ဆရာ မအိပ်ချင်သေးဘူးဆိုရင် မမြင့်ဝေနဲ့ ခဏစကားပြောပါလား"

ခက်ချေပြီ. . . ယခုမှ ခက်လေချေပြီ။ မမြင့်ဝေက ခုံ၏တစ်ဖက်စွန်း၌ အေးချမ်းစွာ ဝင်ထိုင်လိုက်သည့်တိုင်အောင် ကိုသက်ခိုင်က မထိုင်မိသေး။ ယခုအထိ ပြန်ကြားပြောဆိုရမည့် စကားကိုလည်း စဉ်းစားမရလေသေး။

ညချမ်းကာလ ငွေလရောင်တွင် မိန်းမပျိုတစ်ဦးနှင့် နှစ်ကိုယ်ချင်းထိုင် စကားပြောခွင့်ရသည်မှာ စိတ်ကူးယဉ် အိပ်မက်ဆန်လှလွန်းသဖြင့် ကိုသက်ခိုင်က ရဲရဲဝံ့ဝံ့ လက်မခံလိုမိ၊ ကျောင်းသူတစ်ဦး ဖြစ်နေချေသော်. . . ကထိက ဆိုသည့် ဆရာ၏ ဂုဏ်ထူးဝိသေသနှင့် မသင့်မြတ်လှ။

ကိုသက်ခိုင်သည် ခုံတွင် ဝင်မထိုင်သေးဘဲ မမြင့်ဝေကို အကဲခတ်ကြည့်ရင်း. . .

"မမြင့်ဝေဟာ ဒီကောလိပ်ကပဲလား"ဟု စုံစမ်းသည်။


မမြင့်ဝေက ကိုသက်ခိုင်၏ ရင်တွင်းမှ သံသယနှင့် စိုးရိမ်မှုကို ရိပ်မိလေဟန် မသိမသာ ပြုံးလိုက်ပြီး ရှင်းပြ၏။

"မမြင့်ဝေရဲ့ မျက်နှာဟာ ကောလိပ်ကျောင်းသူကလေး တစ်ဦးလို့ ထင်မှားရလောက်အောင် မနုဘူး ထင်ပါတယ်၊ မမြင့်ဝေရဲ့ နာမည်အပြည့်အစုံက ဒေါက်တာမမြင့်ဝေပါ ဆရာ"

"ဩော်. . . ဩော်. . ."

ကိုသက်ခိုင်သည် ယခုမှ သက်ပြင်းလွှတ်နိုင်ပြီး ခုံ၏ အခြားတစ်ဖက်စွန်း၌ ဝင်ထိုင်သည်။

"မမြင့်ဝေရဲ့ မိဘများက မြို့ထဲမှာနေပါတယ်၊ ညနေက မမြင့်ဝေရဲ့ သူငယ်ချင်း မြန်မာစာလက်ထောက်ကထိက ဦးဗိုလ်သင်းရဲ့ဇနီး ဒေါ်မြင့်မြင့်ဆီ လာလည်ပါတယ်၊ ဦးဗိုလ်သင်းက စက်တော်ရာ အဖူးသွားတဲ့ ကျောင်းသား ကျောင်းသူတွေကို အုပ်ချုပ်ဖို့ လိုက်သွားရတော့ ဒေါ်မြင့်မြင့် တစ်ယောက်တည်း ကျန်ရစ်တယ်၊ သူ့မှာလည်း. . .




လေးလေးပင်ပင်ဖြစ်နေတော့ အဖော်ပြုရင်း မမြင့်ဝေ ဒီည ဒီမှာ အိပ်ပါတယ် ဆရာ"

"ဩော်. . . ဆရာ နားလည်ပါပြီ၊ ကိုဗိုလ်သင်းတို့. . . မြင့်မြင့်တို့နဲ့ ဆရာလည်း ညီအစ်ကို မောင်နှမအရင်းတွေလို ခင်မင်ပါတယ်"

"ဟုတ်ကဲ့ ဆရာ. . . မြင့်မြင့်ကလည်း ပြောပြပါတယ်၊ သူ့ဆီကပဲ ဆရာ ရောက်နေကြောင်း သိရလို့ ဆရာနဲ့ သိကျွမ်းခင်မင်ချင်တာနဲ့ မနက်ကျလာတွေ့မလို့ပါပဲ၊ ဒါပေမဲ့ အခုတော့ အိပ်မပျော်လို့ လမ်းထွက်လျှောက်ရင်း ဆရာ့တယောသံလည်း ကြားတာမို့ မမျှော်လင့်ဘဲ ဆုံမိကြရတာပါပဲ"

မမြင့်ဝေကသာ စကားကို အဆက်မပြတ်ဦးဆောင် ပြောနေသဖြင့် ကိုသက်ခိုင်မှာ နားထောင်သမားသက်သက်ကဲ့သို့ ဖြစ်နေလေသည်။

မမြင့်ဝေက ဆက်ပြန်လေသည်။

"ပြီးတော့လည်း ဆရာကသာ မသိတာ၊ ဆရာ့ကိုတော့ မမြင့်ဝေသိခဲ့ရတာ ကြာပါပြီ၊ မြင်လည်း မြင်ဖူးခဲ့ပါတယ်၊ ဆရာအတွက်တော့ ဆန်းမယ်မထင်ပါဘူး၊ ကျော်ကြားတဲ့ စာရေးဆရာတစ်ယောက်ကို သူ့ရဲ့စာဖတ်ပရိသတ်တစ်ဦးဟာ အမြဲတမ်း လေးစားခင်မင်ရင်းနှီးနေတတ်ပါတယ် ဆရာ"

"ကျေးဇူးတင်ပါ မမြင့်ဝေ၊ ဆရာတို့ကလည်း ကိုယ့်စာဖတ်ပရိသတ်ကို အမြဲတမ်း လေးစားနေပါတယ်၊ အခွင့်ရ ရင်လည်း ခင်မင်ရင်းနှီးလိုလှပါတယ်"

"ဒါပေမဲ့ တစ်ခုတော့ ဝန်ခံပါရစေ ဆရာ၊ ဒီည ဆရာ့ကို မမြင့်ဝေစကားပြောချင်တယ်ဆိုတာက စာဖတ်ပရိသတ် တစ်ဦးက စာရေးဆရာတစ်ဦးနဲ့ သာမန် ပြောလိုတာမျိုး မဟုတ်ပါဘူး"

ဤထူးဆန်းသော စကားများကြောင့် ကိုသက်ခိုင်က မမြင့်ဝေကို တစ်ချက် အကဲခတ်ကြည့်မိပြန်သည်။

တည်ကြည်အေးချမ်းစွာ စကားပြောနေဟန်ကား ဆရာဝန်ဘွဲ့ရထားသူပီပီ တင့်တယ်ခံ့ညား၍ ကြန့်ငြေပြည့်သည်။ ငွေလရောင်ခြည်ကြောင့် ရှိန်းမြမြမြင်ရသည့် ဖြူနုသန့်စင်သော မျက်နှာလေးသည် ကြည်လင်ချောမွေ့သည်မှာလည်း မှန်၏။ သို့ရာတွင် သေသပ်သွယ်ထင်၍ ခပ်မြင့်မြင့်လေးပေါ်သော နှာတံ၊ မထူမပါး ပြည့်ဝမြဲမြံ စေ့စပ်သော နှုတ်ခမ်းများ၊ ထောင့်မထင်တတ်ထင်တတ်နှင့် သွင်ပြင်လက္ခဏာကိုမူ ပီသစွာပြသော မေးရိုးလေးများ၊ ဤသည်တို့က မမြင့်ဝေသည် စိတ်ဓာတ် မခက်မာသော်လည်း ခိုင်ကျည်လေးနက်သူတစ်ဦးဖြစ်ကြောင်း ဖော်ပြနေသည်။

မည်သို့ရှိစေ. . . ယခု အခိုက်အတန့်တွင်မူ ဆရာဝန်မသည် သူဝန်ခံခဲ့သည့်အတိုင်း ငွေလရောင်နှင့် နွေညဝယ် အိပ်မပျော်လေ၍ စက်ခန်းကို စွန့်ခဲ့လေသူ အပျိုချောတစ်ယောက်မျှသာတည်း။ အဘယ် သမုဒယ ကွန်ရက်က တံ့ငင်ခြင်းကို ခံနေရပါသနည်း။ သို့မဟုတ် မြူရိပ်ပြာလွင်သော နွေဦးည လရောင်၏ဖမ်းစားခြင်းကို အငိုက်မိခံနေရပါသလော။

ခက်သည်မှာ ထူးဆန်းသော မမြင့်ဝေ၏ စကားများပင်ဖြစ်၏။

"မမြင့်ဝေ ပြောတာကို ဆရာ နားမလည်ဘူး"

"ဒီလိုဆိုရင် မမြင့်ဝေ တောင်းပန်ပါတယ်၊ မမြင့်ဝေပြောပုံက မရှင်းလို့ပါ၊ မမြင့်ဝေ ဆိုလိုတာက ဆရာ့ကို စာရေးဆရာတစ်ယောက်အနေနဲ့ရော ဖီလိုဆိုဖီ ကထိက တစ်ဦးအနေနဲ့ရော. . . ပြီးတော့ လူတစ်ဦးအနေနဲ့ရော မမြင့်ဝေ ပြဿနာတစ်ရပ်ကို တင်ပြ ဆွေးနွေးချင်လို့ပါ"

စောစောက မမြင့်ဝေဆိုခဲ့သောစကားကို ကိုသက်ခိုင်က ဆန်းသည်ထင်ခဲ့သည်။ ယခု ဤစကားကိုမူလန့်သည်။

"ဆွေးနွေးတာတော့ ဆွေးနွေးတာပေါ့ မမြင့်ဝေ၊ ဒါပေမဲ့ ပြဿနာတစ်ရပ်လို့ဆိုတော့ လန့်မိတယ်၊ အမှန်က ဆရာတို့ စာရေးဆရာဆိုတာဟာ ပြဿနာကြီးတွေကို ဖြေရှင်းပြနိုင်တဲ့ ပါရဂူပညာရှင်ကြီးတွေ မဟုတ်ပါဘူး၊ ဘဝဆိုတာဟာ ပြဿနာလို့တော့ ခံယူနားလည်ထားတယ်၊ အဲဒီလို ခံယူနားလည်ထားလို့ မြင်တွေ့ရတဲ့ ပြဿနာ တွေကို အရင်းတိုင်းပဲ သစ္စာရှိစွာ တတ်နိုင်သမျှ ဇာတ်လမ်းအဖြစ်နဲ့ တင်ပြပါတယ်၊ ဒီ့ထက်တော့ မပိုချင်ပါဘူး၊ ပိုဖို့လည်း မထိုက်ပါဘူး၊ နုစဉ်တုန်းကတော့ လူတတ်လုပ်၊ ဆရာလုပ်ခဲ့ဖူးပါတယ်၊ ဒီ့အတွက်လည်း နောင်တရပါတယ်"

"ဒါပေမယ့် ဆရာက ဖီလိုဆိုဖီ ကထိကတစ်ဦးပဲ မဟုတ်လား"

"အဲဒီအတွက်လည်း ပိုကြောက်မိပါတယ် မမြင့်ဝေ၊ ဖီလိုဆိုဖီကို လိုက်မိခါမှ ကိုယ် မပြောနဲ့. . . ကိုယ့်ဆရာ့ဆရာကြီးတွေတောင်မှ မသိတာတွေဟာ အများဖြစ်နေလို့ ညည်းညူသွားကြတာကို သိရတယ်၊ ဖီလိုဆိုဖီယူမိလို့ အမြတ်တစ်ခုတော့ ရပါတယ်၊ အဲဒါဟာ ငါ ဘာမှ မသိသေးဘူးဆိုတဲ့ အသိပါပဲ မမြင့်ဝေ"

မမြင့်ဝေက ကိုသက်ခိုင်ကို တစ်ချက် စေ့စေ့ကြည့်သည်။

"မမြင့်ဝေနဲ့ စကားမပြောချင်လို့ ဆရာ ငြင်းပယ်နေတာလား ဟင်"

"တောင်းပန်ပါတယ် မမြင့်ဝေရယ်. . . ဆရာ လူတွေနဲ့ စကားပြောချင်ပါတယ်၊ လူတွေနဲ့ စကားပြောရခြင်းဟာ အကောင်းဆုံး စာဖတ်ခြင်းပါပဲ၊ မမြင့်ဝေအထင်မလွဲရအောင် ဆရာ ပုံတစ်ခု တိုတိုပြောပြချင်တယ်၊ ဖီလိုဆိုဖာ သို့မဟုတ် သိပ္ပံပညာရှင်ကြီးတစ်ဦးရဲ့ အကြောင်းပါပဲ"

"ပြောပြပါ ဆရာ"

"ယေဘုယျအဖြစ် သူ့ကို ပညာရှင်ကြီးလို့ပဲ ခေါ်ကြရအောင်၊ အဲဒီပညာရှင်ကြီးဟာ သိပ်ပညာရှိတယ်၊ သိပ်စေ့စပ်တယ်၊ သိပ်သေချာတယ်၊ သိပ်လည်း စဉ်းစားတယ်၊ သိပ်လည်း လက်တွေ့ဆန်တယ်၊ ပြီးတော့ သိပ်လည်း ဂရုစိုက်တယ်၊ တစ်ချိန်မှာ သူဟာ ဧရာမကျမ်းကြီးတစ်ခုကို ပြုစုနေသတဲ့၊ ညဉ့်အတော်နက်မှ သူဟာ အိပ်ရာဝင်တော့ သူဟာ စာရွက်တစ်ရွက်ပေါ်မှာ မှတ်ထားသတဲ့လေ၊ မှတ်ထားပုံက. . .

(၁) မိုငြမ်းပြုကျမ်း - စာအုပ်စင် အပေါ်ထက်မှာ၊
(၂) မိုငြမ်းပြုစာမျက်နှာ - ၃၀၁၊
(၃) ဖောင်တိန် - စားပွဲအလယ် ဆေးလိပ်ခွက်အနီး၊
(၄) မျက်မှန် - ဖောင်တိန်အနီး၊
(၅) နာရီ - နံရံ၌ ကပ်လျက်၊
(၆) ဖိနပ် - ခုတင်ခြေရင်း

အားလုံးကို အဲဒီလို မှတ်တမ်းတင်ပြီးမှ နောက်ဆုံး မီးမမှိတ်ခင် သေချာအောင် စာရင်းချုပ်လိုက်တယ်။

(၇) ပညာရှင်ကြီး - အိပ်ယာထဲမှာ

မနက်မိုးလင်းတော့ ပညာရှင်ကြီးဟာ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး သူ့ပစ္စည်းတွေ သူအကုန်ပြန်စစ်သတဲ့၊ အဲဒီလို ပြန်စစ်တဲ့အခါမှာ ပစ္စည်းအားလုံးအနက် (၁)ကနေ (၆)ကို နေရာတကျ ပြန်တွေ့သတဲ့၊ တစ်ခုပဲ ခက်တာက ပညာရှင်ကြီးကိုတော့ အိပ်ယာထဲမှာ မတွေ့တော့ဘူး၊ သူ့ခမျာ အိပ်ရာထဲက ပျောက်သွားတဲ့ ပညာရှင် ကြီးကို လိုက်ရှာလိုက်တာ မတွေ့တာနဲ့ အဲဒီည ကျမ်းတောင် ဆက်မပြုစုဖြစ်တော့ဘူးတဲ့"

ကိုသက်ခိုင်၏ စကားအဆုံး၌ မမြင့်ဝေက အသံလေးများ ထွက်အောင်ရယ်ပြီး မေး၏။

"အဲဒီပညာရှင်ကြီးကို သူပြန်တွေ့သေးရဲ့လား"

"အဲဒါတော့ မသိဘူး၊ ပုံထဲမှာ မပါဘူး၊ တကယ်လို့ ပညာရှင်ကြီးကို သူပြန်တွေ့ရင် တစ်ခုတော့ သေချာတယ်၊ သူ့ကျမ်းကြီးကို သူ ဆက်ရေးတော့မှာ မဟုတ်ဘူး"

ဤတစ်ကြိမ်တွင် မမြင့်ဝေ မရယ်။ ငြိမ်၍ စဉ်းစားနေသည်။ အတန်ကြာအောင်ပင် ငြိမ်၍စဉ်းစားနေလေသည်။ ကိုသက်ခိုင်က သူတို့စကား ဤတွင်ပြတ်ပြီဟု ထင်သည်။

သို့ရာတွင် မမြင့်ဝေက ငိုင်နေရာမှ ခေါင်းမော့၍ ဆို၏။

"ဒါဖြင့် ဆရာ့ကို လူတစ်ယောက်အနေနဲ့ပဲ မမြင့်ဝေ ဆွေးနွေးနိုင်တော့တာပေ့ါ"

ဤတစ်ကြိမ်တွင် ငိုင်သွားရသူမှာ ကိုသက်ခိုင် ဖြစ်သည်။ နောက်ဆုံးတွင် ကိုယ့်စကားနှင့်ကိုယ် ဖြစ်နေသောကြောင့် သဘောတူရသည်။

"လူတစ်ယောက်အနေနဲ့ ဆွေးနွေးရမယ်ဆိုရင်တော့ ဆရာ မငြင်းပယ်နိုင်ပါဘူး မမြင့်ဝေ"

မမြင့်ဝေသည် တိမ်ဖြူတစ်ဆုပ် ဖြတ်သန်းသွားခြင်း ခံနေရသော လဝန်းကို မော့ကြည့်လျက် ဖြည်းညင်းစွာ သက်ပြင်းရှိုက်ရင်း မေး၏။

"မမြင့်ဝေ သိချင်တာကတော့ မေတ္တာ၊ မေတ္တာဆိုတာဟာ ဘာလဲ၊ မေတ္တာဆိုတာဟာ ဂေဟဿိတပေမ မဟုတ်ဘူးဆိုတာတော့ ဆရာရေးဖူးလို့ မမြင့်ဝေ စာတရားကိုယ် သဘောနဲ့နားလည်တယ် ထင်တယ်၊ ဒါပေမဲ့ လက်တွေ့ ဘယ်လို သဘောပေါက်ရမလဲ၊ ဒါကို ဆရာဝန်မတစ်ဦး အနေနဲ့ သိချင်တယ်၊ မိန်းမသားတစ်ဦးအနေနဲ့ သိချင်တယ်၊ ပြီးတော့. . ."

မမြင့်ဝေသည် စကားအဆုံးမသတ်ဘဲ ရပ်သွားသည်။ ခေတ္တကြာမှ နာကြည်းကြေကွဲသံသဲ့သဲ့နှင့် ဆက်၏။

"ပြီးတော့ အစ်မ သို့မဟုတ် နှမတစ်ဦးအနေနဲ့လည်း သိချင်တယ် ဆရာ"

ကိုသက်ခိုင်က ကိုယ့်ကိုယ်ကိုယ် သတိမပြုမိမီ ထိတ်လန့်စွာနှင့် မမြင့်ဝေ၏ မျက်လုံးများကို ကြည့်မိသည်။ မမြင့်ဝေ၏ မျက်လုံးများကလည်း သူ့ကို တည့်တည့်ရင်ဆိုင်သည်။ မမြင့်ဝေ၏ မျက်လုံးများက မေးခွန်းထုတ်သော မျက်လုံးများ ဖြစ်ကြသည်။ မျက်နှာနှင့် ပါးစပ်မှ အဖြေကို တောင်းသော မျက်လုံးများ မဟုတ်ကြ။ အသည်းနှလုံးကို စာဖတ်သော မျက်လုံးများသာ ဖြစ်ကြ၏။ သို့မဟုတ်. . . ဖြစ်ကြသည်ဟု ကိုသက်ခိုင်က ထင်လေသည်။

ဖြေရမူ. . . အခက်ကြီးတည်း။ ခက်သမင့်. . . မဖြေလျှင်မူလည်း မဖြစ်။

ကိုသက်ခိုင်သည် ဟန်မဆောင်တော့ဘဲ ပင်ပန်းစွာ သက်ပြင်းရှိုက်လိုက်ပြီး ဖြေသည်။

"လူတစ်ဦးအနေနဲ့ ကိုယ်တွေ့ကိုပဲ ဖြေပါ့မယ် မမြင့်ဝေ၊ မေတ္တာ မဟုတ်တာကို မေတ္တာလို့ ယုံခဲ့မိဖူးတယ်၊ အဲဒီလို ယုံမှားမိလို့ ရင်ဟာ ပူလောင်ခဲ့ရတယ် မမြင့်ဝေ၊ ဘယ်အထိ ပူလောင်ခဲ့ရသလဲဆိုတော့ မပူလောင်ထိုက် လေမှန်း သိတဲ့အချိန်အထိ ပြင်းပြင်းမဟုတ်တောင် ငွေ့ငွေ့ ပူလောင်နေခဲ့ရတယ်၊ ပူလောင်ခြင်းဟာ မေတ္တာနဲ့ မဆိုင်နိုင်ပါဘူး မမြင့်ဝေ၊ ဘယ်လိုမှ မဆိုင်နိုင်ပါဘူး၊ ဒါကိုပဲ ဆရာ အဖြေပေးတတ်တယ်၊ မကျေနပ်နိုင်တောင် ကျေနပ်ပါလို့ ပဲ တောင်းပန်ချင်ပါတယ်"

မမြင့်ဝေက မျက်လွှာချ နားထောင်နေရာမှ သူ့ကို ပြန်ကြည့်သည်။ မမြင့်ဝေ၏ မျက်လုံးတို့က မျက်ဝန်းပြာဟန်ရှိသည်။ ညလရောင်၌ မပြာသောမျက်ဝန်းတို့ပင် ပြာတတ်လေသည်။ မမြင့်ဝေ၏ မျက်ဝန်းပြာပြာများကို ကိုသက်ခိုင်က ပထမဦးစွာအဖြစ် သတိပြုမိသည်။ သတိပြုမိချိန်၌ ဤမျက်ဝန်းပြာပြာတို့သည် ဝဲသောမျက်ရည်တို့နှင့် လဲ့လဲ့လည်း ဝင်းနေလေသည်တကား။

မမြင့်ဝေက နေရာမှ ဖြည်းညင်းစွာ ထသည်။

"ကျေးဇူးတင်ပါတယ် ဆရာ၊ မမြင့်ဝေကို ဒီလောက်လက်ခံစကားပြောတဲ့အတွက် ဆရာ့ကို မမြင့်ဝေ ကျေးဇူးတင်လှပါတယ်၊ ဆရာ့ကို လာအနှောင့်အယှက်ပေးမိတာကို ခွင့်လွှတ်ပါ၊ မမြင့်ဝေ ပြန်ပါဦးမယ်"

မမြင့်ဝေက သိမ်မွေ့ညင်သာစွာပင် အပါးမှ ထွက်ခွာသွားသည်။ လရောင်ဝယ် တရေးရေး မမြင့်ဝေ ပျောက်ကွယ်သွားသည်အထိ ကိုသက်ခိုင်က မျက်စိတစ်ဆုံး ကြည့်ကျန်ရစ်သည်။

ညဉ့်နက်သဖြင့် ဆောင်းနှင်းက နွေဦးညကို အနိုင်ကျင့်လာသည်။ မြောက်လေက ဇွတ်ဝင်တိုးစဉ် နှင်းမှုန်ငွေ့တို့သည် မီးခိုးများသဖွယ် တရိပ်ရိပ်လွင့်ပါးပြေးနေ၏။ ကုက္ကိုပင်မှ တရှဲရှဲမြည်သော ကြွေရွက်တို့၏အသံနှင့် ညဩ၏ တေးသည်သာ နွေဦး၏ သနစ်မှန်ကို သတိပေး ကြွေးကြော်နေသည်။

နွေဦးည. . . ရွက်ဝါကြွေသော နွေဦးည. . .

နွေဦးညကို ကိုသက်ခိုင်က သတိပြုမိသည်။ သို့ရာတွင် သူ့ရင်၌ ညောင်းရွက်တို့ မကြွေနိုင်လေသေးပါတကား။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

# လယ်ယာလုပ်ငန်းတွင် စက်ကိရိယာများ အသုံးပြုခြင်းကြောင့် အလုပ်သမားအခက်အခဲ ပြေလည်

**မုံရွာ ဇူလိုင် ၂၀**

လက်မှုလယ်ယာစနစ်ဖြင့်လုပ်ကိုင်သော မြန်မာ့လယ်ယာမြေများတွင် စက်ကိရိယာများ အစားထိုးအသုံးပြုနိုင်ရန်အတွက် မုံရွာမြို့ စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာလုပ်ငန်းများ လုပ်ကိုင်ရာတွင် အဆင်ပြေစေရန် စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



"ရာသီချိန် လယ်ယာမြေလုပ်ကိုင်ရာမှာ အလုပ်သမားထွန်ရှင်းခ ဈေးကြီးတယ်။ အခုလိုထွန်စက်ရှေ့တန်းစခန်းများဖွင့်လှစ်ထားရှိတဲ့အတွက် စိုက်ပျိုးချိန်၊ ကောက်စိုက်ချိန်၊ ကောက်ရိတ်သိမ်းချိန်တွေမှာ လယ်ယာလုပ်သားရှားပါးမှုရှိခဲ့ရင် တောင်သူများအနေနဲ့ စိုးရိမ်ကြောင့်ကျမှုမရှိတော့ဘဲ စက်များနဲ့အစားထိုးအသုံးပြုလုပ်ကိုင်လာတဲ့အတွက် လုပ်ငန်းမြန်ဆန်ပြီး အချိန်ကုန်သက်သာ၊ ကုန်ကျစရိတ်သက်သာပါတယ်။ လက်တွန်းထွန်စက်များကို အရစ်ကျစနစ်ဖြင့်ရောင်းချပေးတဲ့အတွက် တောင်သူများ အဆင်ပြေဝယ်ယူသုံးစွဲနိုင်တယ်" ဟု အရာတော်မြို့နယ် ဖုတ်ကုန်းကျေးရွာ တောင်သူဦးညိုဝင်းက ပြောသည်။

တောင်သူများ ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ဈေးနှုန်းချိုသာသော လက်တွန်းထွန်စက်များကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ အရစ်ကျဖြင့် ဖြန့်ချိရောင်းချခြင်း၊ ထွန်စက်ကြီးများကို ရှေ့တန်းစခန်း ၁၆ နေရာတွင် တောင်သူများ ငှားရမ်းအသုံးပြုနိုင်ရန် ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ရှေ့တန်းစခန်းမှ ထွန်စက်ကြီးများကို ငှားရမ်းထွန်ယက်လျှင် တစ်ဧက ငွေကျပ် ၁၅၀၀၀ နှုန်း ရိတ်သိမ်းခြွေလှေ့လျှင် ငွေကျပ် ၄၀၀၀၀ နှုန်း၊ ကျပ် ၁၅ သိန်းဝန်းကျင်ရှိ လက်တွန်းထွန်စက်များကို ဝယ်ယူလျှင် နှစ်နှစ်သုံးရစ် ငွေအပြေအကျေဆပ်စနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးထွန်းနိုင်သန်းက ပြောသည်။

**ခင်ဦးစိုးဝေ**

# ၂၀၁၅– ၂၀၁၆ ဘဏ္ဍာရေး ခွင့်ပြုရန်ပုံငွေဖြင့် ဆိုင်းဇန်– ကပ်တဲလ်ကျေးရွာ ကြိုးတံတားကြားလမ်းသစ်ဖောက်လုပ်

**တီးတိန် ဇူလိုင် ၂၀**

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေ ၁၀၆ ဒသမ ၃၈၀ သန်းဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော ဆိုင်းဇန်ကျေးရွာမှ ကပ်တဲလ်ကျေးရွာကြိုးတံတားကြား အရှည် ၆ မိုင် လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝုန့်ပြင်းထန်၊ ဒေါ်ညောင်ဘန်းကိမ် (ငယ်/ယာ-၂)၊ ဦးမာန်ဇပေါင် (အငယ်တန်းစာရေး) နှင့် ဦးနန်ထွန်းခိုင် (အငယ်တန်းစာရေး) တို့က ဇူလိုင် ၁၇ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါလမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်း ပြီးစီးပါက လမ်းကြောင်းတစ်လျှောက်ရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့် ဒေသဖွံ့ ဖြိုးရေးလုပ်ငန်းအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **နိုဟေဆာ**

# တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးဝါးများကုသ

**ကျုံပျော် ဇူလိုင် ၂၀**

ဧရာဝတီတိုင်း ဒေသကြီး ကျုံပျော်မြို့နယ် အောင်ဆန်းရပ်ကွက်ခမ္မာရုံတွင် မြို့နယ်တိုင်းရင်းဆေးဦးစီးမှူး ဒေါ်ခိုင်ခိုင်ဝေနှင့် ဝန်ထမ်းများက အပတ်စဉ်စနေနေ့တိုင်း တိုင်းရင်းဆေးဖြင့် ပြည်သူများအား အခမဲ့ဆေးဝါးများကုသပေးလျက်ရှိကြောင်း သိရသည်။

ဆေးကုသရာသို့ မြို့ပေါ်လေးရပ်ကွက်အတွင်းမှ ဝေဒနာရှင်ပြည်သူများအပြင် ကျေးရွာများမှပြည်သူများပါ လာရောက်ကုသလျက်ရှိကြပြီး လေငန်းရောဂါဝေဒနာရှင်များ၊ သက်ကြီးရွယ်အိုများ အထူးအားထားလျက် ကုသမှုခံယူကြောင်း သိရသည်။ ယင်းသို့ အပတ်စဉ်အခမဲ့ကုသမှုဆောင်ရွက်ပေးနိုင်ရန်အတွက် ဆေးပဒေသာပင်ရန်ပုံငွေကိုလည်း ထူထောင်ထားရှိပြီး ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများက လစဉ်အလှူငွေများထည့်ဝင်၍ လှူဒါန်းမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **နေဝင်းမြင့်(မြို့နယ်ပြန်/ဆက်)**

# မင်းကင်းမြို့နယ် မြေခြားကျေးရွာ၌ ပါရမီစာကြည့်တိုက်ဖွင့်

**မင်းကင်း ဇူလိုင် ၂၀**

ကျေးလက်နေပြည်သူများ စာဖတ်သည့်အလေ့အထကောင်းရရှိစေရန်နှင့် အသိပညာဗဟုသုတရရှိစေရန်ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ဘိုင်ကျေးရွာအုပ်စု မြေခြားကျေးရွာတွင် ဇူလိုင် ၁၆ ရက် မွန်းလွဲ ၂ နာရီက ပါရမီကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ ကျင်းပခဲ့သည်။

ပါရမီစာကြည့်တိုက်ကို ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေကျပ် သိန်း ၅၀ ဖြင့် အကုန်အကျခံဆောက်လုပ်ခြင်းဖြစ်ရာ စာကြည့်တိုက်မြေနေရာမှာ အလျား ၆၃ ပေ၊ အနံ ပေ ၃၀ ကျယ်ဝန်းပြီး အဆောက်အအုံမှာ အလျား ၂၄ ပေ၊ အနံ ၂၆ ပေ၊ အမြင့် ၁၈ ပေတစ်ထပ် သွပ်မိုး၊ အုတ်ညှပ်၊ ပျဉ်ခင်းအမျိုးအစား ဖြစ်သည်။

အဆိုပါစာကြည့်တိုက်ပရိဘောဂအနေဖြင့် မှန်ဗီရိုလေးလုံး၊ စာကြည့်စားပွဲလေးလုံး၊ ကုလားထိုင်နှစ်လုံး၊ ခုံတန်းလျားနှစ်လုံးနှင့် သုတစာအုပ် ၆၀၀၊ မဂ္ဂဇင်း၊ ဂျာနယ် ၄၀၀ စုစုပေါင်း သုတ၊ ရသ ၁၀၀၀ ကျော်ဖြင့် ဖွင့်လှစ်ခဲ့သည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေတာရှည်တွင် ကျေးရွာအချို့နှင့် လယ်ယာမြေများ ရေဝင်နစ်မြုပ်

**ရေတာရှည် ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ယခုရက်ပိုင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့သည့်အတွက် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းမှစ၍ ကျေးရွာအချို့နှင့် မိုးစပါးစိုက်ပျိုးပြီး လယ်ယာမြေများ ဒေသအနှံ့ပြား၌ ရေဝင်နစ်မြုပ်ခဲ့ကြောင်း သိရသည်။



တောင်ကျရေ၊ ချောင်းငယ်၊ မြောင်းငယ်များရေလျှံကာ ရေတာရှည်မြို့မြောက်ဘက်ရှိ ညောင်ပင်ကိုင်းကျေးရွာနှင့် ညောင်ပင်သာကျေးရွာများအတွင်း ရေများဝင်ရောက်ကာ ညောင်ပင်သာကျေးရွာ ရေတာရှည်မြို့အဝင်ကြားရှိ ရန်ကုန်-မန္တလေးကားလမ်းအား ဇူလိုင် ၁၈ ရက်ည ၉ နာရီ၌ ရေများဖြတ်ကျော်ခဲ့ပြီး ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီ မိနစ် ၄၀ ခန့်တွင် ရေပြန်လည်ကျဆင်းသွားခဲ့သည်။

အလားတူပင် ပိတောက်ခင်-ညောင်ပင်ကိုင်း ကျေးရွာချင်းဆက်လမ်းနှင့် ညောင်ပင်သာ-အင်းပက်လက်ကျေးရွာသွားလမ်း၌လည်း ရေများဖြတ်ကျော်လျက်ရှိပြီး ဒေသအနှံ့အပြားတွင် ရေလွှမ်းခြင်းကြောင့် ဝါးတောကြီးကျေးရွာအုပ်စု၊ ပိတောက်ခင်ကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာအုပ်စု၊ အင်ဒိုင်းကျေးရွာအုပ်စု၊ ဘိုးတော်ကုန်းကျေးရွာအုပ်စု၊ အင်းဒိုင်းကျေးရွာအုပ်စု၊ ဆင်ဝွေကျေးရွာအုပ်စု၊ ဒိုးတန်းကျေးရွာအုပ်စုများရှိ မိုးစပါးစိုက်ခင်းများစွာ ရေဝင်နစ်မြုပ်လျက်ရှိသည်။

မိုးဆက်လက်ရွာသွန်းခြင်းမရှိလျှင် ရေမှာ ရက်ပိုင်းအတွင်း ပြန်လည်ကျဆင်းနိုင်သော်လည်း ဆက်လက်ရွာသွန်းနေပါက တောင်သူများအတွက် မျိုးစပါးကုန်ကျစရိတ်ဆုံးရှုံးနိုင်ပြီး နောက်ဆက်တွဲ ပိုးမွှားအန္တရာယ်များ ကျရောက်မည်ကို တောင်သူများ စိတ်ပူပင်လျက်ရှိနေကြောင်းသိရသည်။

"သဘာဝဘေးအန္တရာယ်ဆိုတာ ကျွန်တော်တို့ရှောင်လွှဲလို့မှမရတာ။ ဒါပေမဲ့ စပါးစိုက်ပျိုးတဲ့တောင်သူတွေအနေနဲ့ မျိုးစပါးတွေထပ်ဝယ်ရမယ်။ ပိုးသတ်ဆေးတွေဝယ်ရမှာရယ်၊ အလုပ်သမားတွေထပ်ပြီးငှားရရင် သွင်းအားစုငွေကြေးကုန်ကျစရိတ် တိုးလာမှာကိုတော့ တောင်သူတွေစိတ်ပူပါတယ်" ဟု ညောင်ပင်သာကျေးရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။ **ကိုလွင်(ဆွာ)**

# တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး ဇူလိုင် ၂၀**

တောင်ကြီးမြို့၌ သစ်တောရပ်ကွက် လူမှုကူညီဖွံ့ဖြိုးရေးအဖွဲ့ ဒုတိယအကြိမ်မြောက် တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုလက်ဆောင်ချီးမြှင့်ပွဲကို ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁ နာရီက သစ်တောရေးရာဦးစီးဌာနရုံး ရတနာသစ်ခန်းမ၌ ကျင်းပခဲ့သည်။

တောင်ကြီးမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်မြင့်က ယခုနှစ်တွင် တက္ကသိုလ်ဝင် ကျောင်းသား၊ ကျောင်းသူများကို ဆုများနှင့် ဂုဏ်ပြုလွှာမှတ်တမ်းများ ပေးအပ်ရသည့်အတွက် နောက်တက်လာမည့် လူငယ်ကျောင်းသား၊ ကျောင်းသူများကလည်း ကြိုးစားအားထုတ်ချင်စိတ်များ ဖြစ်ပေါ်လာအောင်နှင့် နိုင်ငံတော်အတွက် လူ့အရင်းအမြစ်များဖြစ်ကြသော ကျောင်းသား၊ ကျောင်းသူမောင်မယ်များကို မြေတောင်မြှောက်ပေးခြင်းဖြင့် ရပ်ကွက်နှင့် မြို့နယ်များတွင်လည်း ပါဝင်ဆောင်ရွက်သွားကြရန်ဟု အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဂုဏ်ပြုမှတ်တမ်းများပေးအပ်ရာတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်ဥက္ကဋ္ဌ ဦးမောင်မောင်မြင့်က (၆) ဘာသာဂုဏ်ထူးရှင် ကျောင်းသူအား ဂုဏ်ပြုမှတ်တမ်းနှင့် ဆုငွေများ ချီးမြှင့်ပေး၍လည်းကောင်း၊ သစ်တောရပ်ကွက် အုပ်ချုပ်ရေးမှူးက တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော (၆) ဘာသာဂုဏ်ထူးရှင်ကို ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ခဲ့ပြီး တာဝန်ရှိသူများက အသီးသီး ဂုဏ်ပြုမှတ်တမ်းများနှင့် ဆုငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ဂုဏ်ပြုပွဲသို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ လူမှုကူညီဖွံ့ဖြိုးရေးနာယက၊ လူမှုကူညီဖွံ့ဖြိုးရေးဥက္ကဋ္ဌ၊ သစ်တောရပ်ကွက်ရှိ လုပ်သားပြည်သူလူထုများ၊ ဂုဏ်ပြုဆုရရှိသော ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

# ဘားအံမြို့ ဖားမဲတောင်ခြေ မြေထိန်းနံရံနှင့် ဘက်စုံသာယာရေးဆောင်ရွက်

**ဘားအံ ဇူလိုင် ၂၀**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၄)ရပ်ကွက် ဘားအံ-ထုံးအိုင်လမ်းမကြီးဘေးရှိ ဖားမဲတောင်ဥယျာဉ် တောင်ခြေတွင် မြေထိန်းနံရံများတည်ဆောက်ခြင်းနှင့် ဘက်စုံသာယာလှပရေး ဆောင်ရွက်မှုများကို ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဇွန် ၁၅ ရက်မှစတင်ဆောင်ရွက်ခဲ့သည်။

အဆိုပါဖားမဲတောင်ခြေ မြေထိန်းနံရံပြုလုပ်ခြင်း၊ လမ်းတိုးချဲ့ခြင်း၊ မီးတိုင်စိုက်ထူခြင်းနှင့် ရောင်စုံမီးဆိုင်းများဖြင့် အလှဆင်ခြင်းလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ်၏ လမ်းညွှန်မှု၊ ကရင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြို့တော်သာယာလှပရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၅-၂၀၁၆ ရန်ပုံငွေထဲမှ ကျပ်သိန်း ၂၀၀ အကုန်ကျခံ၍ ပြုလုပ်သွားမည်ဖြစ်သည်။ ၎င်းမြေထိန်းနံရံကို အမြင့် ၁၀ ပေ၊ အလျား ၂၀၅ ပေ ကွန်ကရစ်တံတိုင်းပြုလုပ်၍ အပြင်နံရံတွင် ၂ ပေပတ်လည်ကျောက်ပြားများဖြင့် အလှဆင်ပြီး လူသွားလမ်းပလက်ဖောင်းနှင့် ကတ္တရာလမ်းတိုးချဲ့ခြင်းများကို ပြုလုပ်၍ တောင်ပတ်လမ်းတွင်လည်း မီးတိုင်များစိုက်ထူကာ ရောင်စုံမီးဆိုင်းများဖြင့် သာယာလှပမှုအတွက် အလှဆင်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိုးလွင်က ပြောသည်။

ယင်းတည်ဆောက်မှုများကို ဇူလိုင်လကုန်အတွင်း အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ဘားအံမြို့ ကမ်းနားလမ်းတစ်လျှောက် ပြည်သူများ လေညှင်းခံ လမ်းလျှောက်၍ သံလွင်မြစ်၏ သဘာဝရှုခင်းများကို ကြည့်ရှုခံစားရင်း အပန်းဖြေနိုင်ရန် ကမ်းနားလမ်းတစ်လျှောက် ကွန်ကရစ်လျှောက်လမ်းများကို ကရင်ပြည်နယ်စည်ပင်ဝန်ကြီး ဦးသံဒိုင်၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ **ထွန်းထွန်းထွေး(ဘားအံ)**

အတွေးအမြင်

# ဘိန်းအစားထိုး မွေးမြူရေးလုပ်ငန်း ဖော်ဆောင်သင့်

**ခ** မွေးရေ/ကျေးလက်

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း နေ့စဉ်တိုးတက်နေသော လူဦးရေ၏ စားနပ်ရိက္ခာဖူလုံမှုအတွက် ပင်လယ်သမုဒ္ဒရာနှင့် ဆက်စပ်နေသော ရေချို ရေငန်များမှ ရေပြင်သယံဇာတထုတ်လုပ်မှုကို များစွာမှီခိုအားထားရလျက်ရှိပါသည်။

ယင်းသို့ လူသားများအတွက် အဓိကကျသော ရေသယံဇာတမှရရှိသည့် စားနပ်ရိက္ခာကို သဘာဝမှ ဖမ်းဆီးထုတ်လုပ်ခြင်းတစ်ခုတည်းကိုသာ အမှီပြုနေရမည့်အစား ရေတွင်မွေးမြူထုတ်လုပ်ခြင်း (Aquaculture) ကိုပါ အလေးထားဆောင်ရွက်တာကိုတွေ့ရှိရပါသည်။ ကျယ်ဝန်းလှသော မြန်မာ့ပင်လယ်ပြင်ရှိ ကမ်းခြေဒေသ (Coastal) အတွင်း ငါးမျိုးစုံ ကျင်လည်ကျက်စားပြီး ပေါများစွာတည်ရှိနေသည့် ရေနေသတ္တဝါမျိုးစုံ စဉ်ဆက်မပြတ် ရပ်တည်နေနိုင်ရေးအတွက် အကျိုးအမြတ်ရရှိရန် သေချာသော ရေတွင်မွေးမြူရေး (Mariculture) ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပြည်ပပို့ကုန်အမယ်သစ်ဖြစ်သော ပင်လယ်ရေမှော်သာမက တိရစ္ဆာန်မွေးမြူရေးကဏ္ဍအား တိုးချဲ့ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

ယင်းကြောင့် ကျေးလက်နေပြည်သူများ၏ အဓိကစီးပွားရေးသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို ထိထိရောက်ရောက် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးနိုင်ရင် ကျေးလက်ဒေသတွေမှာ ဝင်ငွေတွေ တိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှုနှုန်းလည်း ကျဆင်းလာမှာဖြစ်ပါသည်။

တောင်ပေါ်ဒေသတွင်နေထိုင်သော ချင်းပြည်နယ်မြောက်ပိုင်း ပေ ၉၀၀၀ ကျော်အမြင့် လေသာတောင်ခြေသည် စိုက်ပျိုးရေးမဖြစ်ထွန်းသည့်ဒေသ ဖြစ်သည်။ တစ်နည်းအားဖြင့် စိုက်ပျိုးရေးသည် ထင်သလောက်မအောင်မြင်တာတွေ့ရှိရပါသည်။ အများအားဖြင့် သစ်မာ၊ ငုဝါ၊ မြက်ခင်းပြင်ကြီးများ အဓိကပေါက်ရောက်သည်။ ဆန်ရေစပါး မဖြစ်ထွန်းသော်လည်း ဘိန်းစိုက်ပျိုးရေးအတွက်မူ အထူးကောင်းမွန်သည်။

ယင်းကြောင့်လည်း ဒေသခံများသည် ဘိန်းစိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြခြင်းဖြစ်သည်။ ဘိန်းကြောင့် ဒေသခံလူငယ်အများအပြား လူညွန့်တုံး ဘဝပျက်ခဲ့ကြသည်။ လူဆိုသည်မှာ သမုဒ္ဒရာဝမ်းတစ်ထွာအတွက်သာ အသက်ရှင်ကြသည်ဖြစ်ရာ စိုက်ပျိုးရေးမဖြစ်ထွန်းသော တွန်းဇံမြို့နယ် လေသာတောင်ခြေရှိ ဒေသခံပြည်သူများသည် ဘိန်းစိုက်ပျိုးရေးဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုကြသည်မှာ မဆန်းလှပေ။

မေ ၅ ရက်က ပန်ဆန်းထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်များအား ‘ဝ’ ဒေသ မိုင်းမောမြို့နယ်ရှိအစားထိုးသီးနှံ လက်ဖက်စိုက်ခင်းများနှင့် ဒေသဖွံ့ဖြိုးမှုများ လိုက်လံပြသသည်ကို တွေ့ရပါသည်။ မွေးမြူရေးကဏ္ဍလုပ်ငန်း မတွေ့ရပါ။

မြန်မာနိုင်ငံတွင် အဓိကဘိန်းစိုက်ပျိုးကြသည့် ပြည်နယ်များမှာ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့ဖြစ်ကြသည်။ လွန်ခဲ့သည့် ၂၀၀၆ ခုနှစ်နောက်ပိုင်းကစပြီး ချင်းပြည်နယ်အထက်ပိုင်း တွန်းဇံမြို့နယ်တွင် ဘိန်းစတင်စိုက်ပျိုးခဲ့ကြောင်း သိရပါသည်။

တွန်းဇံမြို့နယ် ကျီခါးမြို့နယ်ခွဲသည် ချင်းပြည်နယ်အတွင်း ဘိန်းစိုက်ပျိုးမှုအများဆုံးဒေသဖြစ်ခဲ့ရာ အဆိုပါဘိန်းပပျောက်ရေးကို ချင်းပြည်နယ်အစိုးရနှင့် လူငယ်အသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများက ဘိန်းပပျောက်ရေးအစီအစဉ်ရှိခဲ့သည်။

အလားတူ ချင်းပြည်နယ်အစိုးရနှင့် ငြိမ်းချမ်းရေးရယူထားသည့် ချင်းအမျိုးသားတပ်ဦးသည်လည်း အဆိုပါဒေသအတွင်း ဘိန်းခင်းပပျောက်ရေးကို ဒေသအစိုးရနှင့် ပူးတွဲအကောင်အထည်ဖော်ရန် ကြိုးပမ်းနေသည်။

ဒေသခံတွေအနေနဲ့ ဘိန်းအစားထိုး မွေးမြူရေးကဏ္ဍ၊ အခြားစိုက်ပျိုးသီးနှံများ အစားထိုးသာမက မွေးမြူရေးလုပ်ငန်းကို ဦးစားပေးအနေဖြင့် မွေးသင့်ပါသည်။ နိုင်ငံတော်အစိုးရမှာလည်း မွေးမြူရေးပိုင်းကို ပူးပေါင်းလုပ်ကိုင်ရန်လိုအပ်ပြီး ဒေသခံများနှင့်ကိုက်ညီသော တိရစ္ဆာန်မျိုး ဖြန့်ဝေပေးရန်လိုအပ်သည်။

တစ်ဖက်တွင် ဘိန်းအစား ဒေသခံများ ဝမ်းရေးပြဿနာဖြေရှင်းမည့် အစီစဉ်ကိုလည်း တစ်ပါတည်း ချမှတ်လုပ်ဆောင်ပေးသင့်ပါသည်။ ထို့ကြောင့် ပို့ကုန်များ ပြန်လည်တိုးတက်စေရန်အတွက် မွေးမြူရေးပိုင်းများကို ဦးစားပေးလုပ်ကိုင်ရမည့် ကာလသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ မွေးမြူရေးပိုင်းတွင် အားနည်းနေပါသည်။ မွေးမြူထုတ်လုပ်သူတွေမရှိဘဲနှင့် ပြည်ပပို့ကုန် ပို့လို့မရနိုင်ပါ။ ဒေသဖွံ့ဖြိုးတိုးတက်အောင်လည်း လုပ်လို့မရနိုင်ပါ။ ဒါကြောင့် မွေးမြူရေးလုပ်ငန်းကို ဦးစားပေးဖို့ လိုအပ်ပါသည်။ အိန္ဒိယ၊ တရုတ်မှာလည်း ဈေးကွက်တွေအများကြီး ရှာထားနိုင်ပါသည်။ အဓိကကျဆုံးက မွေးမြူထုတ်လုပ်မှုပိုင်းကို တိုးမြှင့်ရန်လိုအပ်ပါသည်။

အထူးသဖြင့် စားမြုံ့ပြန်တိရစ္ဆာန်များ အဓိကကျက်စားသည့် အကြောင်းရင်းကို ဆန်းစစ်ကြည့်သည့်အခါ တွန်းဇံမြို့တွင်မက တခြားမြို့နယ်တွင် တောရိုင်းတိရစ္ဆာန်များက သောက်လေ့ရှိသည့် ကျက်ရေတွင်းကြီး ရှိနေသောကြောင့် ဖြစ်သည်။



အဆိုပါ ကျက်ရေတွင်းကြီးသည် ပေ ၃၀ ပတ်လည်ရှိပြီး ကျက်ရေအနက် တတောင်လောက်ရှိကြောင်း၊ ကျက်ရေတွင်း အနီးတစ်ဝိုက်တွင် မြက်ခင်းပြင်ကြီးများ၊ သစ်မာ၊ ငုဝါ စသည့် အဖိုးတန်သစ်များလည်း ပေါက်ရောက်ကြောင်း ပြောကြသည်။ အဆိုပါ ကျက်ရေတွင်းရှိသည့်နေရာတစ်ဝိုက်တွင် နွားနောက်၊ ဆိတ်၊ အသားစားနွားများ၊ မွေးလို့ရသည့် စားကျက်မြက်ခင်းပြင်ကြီးရှိကြောင်းလည်း သိရသည်။

ချင်းပြည်နယ်တွင် ဒေသခံများအဆိုအရမူ ဘိန်းအစား တိရစ္ဆာန်မွေးမြူရေးကို အကောင်အထည်ဖော်ပါက အဓိကဘိန်းစိုက်ပျိုးသော တွန်းဇံမြို့နယ်သည် တဖြည်းဖြည်းနှင့် ပပျောက်သွားပြီး တိရစ္ဆာန်မွေးမြူခြင်းဖြင့် လူမှုစီးပွားဘဝတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်သည်။

ချင်းပြည်နယ်အတွင်း ဆင်းရဲမွဲတေမှုကို လျှော့ချရန် ပြည်နယ်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ယင်းအစီအစဉ်အပေါ် ဒေသခံများလည်း အထူးဝမ်းမြောက်နေကြကြောင်း သိရသည်။

သို့သော် ဒေသအတွင်း နေရာ၊ ဒေသ၊ ရာသီဥတုနှင့် ဟပ်စပ်သည့် စိုက်ပျိုးမွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်းမှုများကို Strategy ရှိရှိ လေ့လာပြီး အကောင်အထည်ဖော်ပေးသင့်ပေသည်။ ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်စေရမည်ဆိုသော်လည်း ချင်းပြည်နယ်တွင် လက်ဖက်စိုက်ပျိုးမှု မအောင်မြင်ခဲ့သည်မှာ နည်းစနစ်၊ လေ့လာမှုအားနည်းချက်ကြောင့်ပင်ဖြစ်သည်။ မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍနှစ်ခု နှိုင်းယှဉ်ကြည့်ပါက တောင်သူလယ်သမား တပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းမှရရှိသောငွေသည် စိုက်ပျိုးရေးလုပ်ငန်းထက် ပမာဏပိုများနေပြီး ထောက်ပံ့ပေးမှုအပိုင်းမှာ စိုက်ပျိုးရေးလုပ်ငန်းကို ပိုမိုထောက်ပံ့ပေးသည်ကို တွေ့မြင်နေရသည်။ မွေးမြူရေးလုပ်ငန်းအတွက် စိုက်ပျိုးရေးလုပ်ငန်းတွင်ပေးသော ထောက်ပံ့မှုမျိုး တစ်ဝက်သာပေးမည်ဆိုပါက တိုင်းပြည်ဝင်ငွေ ပိုရနိုင်မည်ဖြစ်သည်။

ယင်းကြောင့် တွန်းဇံမြို့နယ်အတွင်း ဘိန်းပပျောက်ရေးကို အကောင်အထည်ဖော်မည်ဆိုပါက ဒေသခံများအတွက် ထာဝရတည်တံ့မည့် အသက်မွေးဝမ်းကျောင်းမှုကို တစ်ပါတည်း လုပ်ဆောင်ပေးရမည်ဖြစ်ရာ ထိုသို့အကောင်အထည်ဖော်ရာတွင် တိရစ္ဆာန်မွေးမြူရေး အထူးသဖြင့် နွားနောက်၊ ဆိတ်၊ အသားစားနွား မွေးမြူရေးသည်သာ ဒေသခံများအတွက် အသင့်တော်ဆုံးဖြစ်ကြောင်း သုံးသပ်ရေးသားရပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်တွင် မိုးသည်းထန်ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်



**ကနီ ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ဇူလိုင် ၁၇ ရက်ညတွင် မိုးများအဆက်မပြတ်ရွာသွန်းပြီး ရေဝါချောင်းကျဆင်းမှုကြောင့် ချောင်းအတွင်းမှ လျှပ်စစ်ဓာတ်တိုင်များ တိမ်းစောင်းခြင်း၊ မျောစိုက်ကျောက်ဖြည့်ရေကာများ ရေထဲပါသွားခြင်းများ ဖြစ်ပွားခဲ့သည်။

တဇယ်ချောင်၊ ရှမ်းမြောင်းနှင့် မင်းကုန်းကျေးရွာများရှိ လယ်ကွင်းများအား ရေဖြတ်သန်းခဲ့ပြီး အင်စိုးချောင်းရေမြင့်တက်မှုကြောင့် ကင်းတောင်ကျေးရွာအုပ်စုမှ နှမ်းခင်းများနှင့် စိုက်ပျိုးထားသောသောလယ်မြေများ ချောင်းရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့သည်။

ကနီ-မင်းကင်းလမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၆/၂ နှင့် ၆/၃ အကြားတွင် မြေသားလမ်းပြတ်သွားပြီး ၆/၆ နှင့် ၆/၇ အကြား တောင်ဖြူချောင်းပေါ်ရှိ တံတားအမှတ် (၁/၇) နှင့် ချောင်းမ-ကနီလမ်းပေါ်မှ မိုင်တိုင်အမှတ် ၂၂/၇ နှင့် ၂၃/၀ အကြား မုဒွောချောင်းပေါ်ရှိတံတားအမှတ်(၂/၂၃) တို့မှာ ချောင်းရေများကျဆင်းစဉ် သစ်ပင်များတံတားပိတ်ဆို့၍ တံတားပေါ်မှရေလျှံကာ တံတားချင်းကပ်လမ်းများ ရေတိုက်စားသွားခဲ့သည်။

ဝင်မနားကျေးရွာအုပ်စုတွင် ဖိုးမဲချောင်းရေကျဆင်းမှုကြောင့် ရေကာတာရိုး ရေလျှံသဖြင့် ဝင်မနား အ. ထ. က ကျောင်းဝန်းခတ်ထားသော အနံ ၄ ပေ ထု ၄ လက်မ အုတ်တံတိုင်း ၃၁ ခန်းပြိုကျခဲ့ပြီး ဘုတ်ကုန်းကျေးရွာတွင် ဖိုးမဲချောင်းရေမြင့်တက်မှုကြောင့် သုံးပင်နှစ်ခန်း ထန်းလက်မိုး နွာတဲပြိုကျခဲ့ပြီး နေအိမ်မှာ အောက်သို့ ၃ ပေခန့် နိမ့်ကျခဲ့သည်။

ချောင်းမကျေးရွာအုပ်စုတွင် ချောင်းမချောင်းရေ ရေကြီးရေလျှံမှုကြောင့် ချောင်းမအရှေ့ကျေးရွာတွင် အရှည်ပေ ၁၅၀ ရှိ ကျောက်စီရေကာတာမှာ ချောင်းရေထဲမျောပါသွားပြီး ချောင်းမအရှေ့ရွာတွင် လေးပင်သုံးခန်း သွပ်မိုး၊ ကပ်ကာမြေစိုက် နေအိမ်တစ်လုံးအား ရွာမှဝိုင်းဝန်းဖျက်သိမ်းပေး၍ ရေလွတ်ရာသို့ပြောင်းရွှေ့ထားရာ ခန့်မှန်းတန်ဖိုး ကျပ် ၅၀၀၀၀ ခန့်နှင့် အုတ်အိမ်သာ အလျား ၄ပေ၊ အမြင့် ၇ ပေရှိ အိမ်သာတစ်လုံး ချောင်းရေထဲမျောပါသွားခဲ့ရာ ခန့်မှန်းတန်ဖိုးကျပ် ၈၀၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး ဦးဌေးလင်း၏ နှစ်ပင်တစ်ခန်းကပ်မိုး၊ ကပ်ကာမီးဖိုဆောင်တစ်လုံး ရေထဲမျောပါသွားခဲ့ရာ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀ ခန့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း သိရသည်။

ယင်းသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားရာနေရာများသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိနယ်မြေဒေသအလိုက် တာဝန်ယူ၍ သွားရောက်ကာ အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# ထူးချွန်စွာအောင်မြင်ခဲ့ကြသောကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**မြိတ် ဇူလိုင် ၂၀**

မြိတ်မြို့နယ်တွင် ၂၀၁၄- ၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ၏ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီက မြိတ်မြို့ ပုလဲရတနာခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမြတ်ကိုက ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး မြိတ်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဝဏ္ဏကျော်ထင်ဦးဌေးမြင့်က ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၊ ထူးချွန်ပညာဆု၊ ဘက်စုံထူးချွန်ဆု၊ ပညာသင်ကြားမှု ဂုဏ်ပြုဆုရရှိကြသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုလည်ဆွဲများ၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးချီးမြှင့်ခဲ့ကြသည်။

မြိတ်မြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများမှာ ၆ ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ ၅ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် ၃၂ ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် ၄၇ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၅၈ ဦး၊ ၁ ဘာသာဂုဏ်ထူးရှင် ၃၃၉ ဦးဖြစ်ပြီး ယင်းတို့အား ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်ခရိုင် ပြန်/ဆက်)**

# တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ အခမဲ့ဆေးကုသပေး

**ညောင်ဦး ဇူလိုင် ၂၀**

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများကို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန် ရည်ရွယ်၍ တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့မှ ဗိုလ်မှူးကြီးနိုင်ဝင်းဦးဆောင်သော ပါရဂူဆေးကုသရေးအဖွဲ့ဝင် ၉၃ ဦး ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၂ ရက်က ညောင်ဦးမြို့နယ် တောင်ဇင်းအုပ်စု ကောင်းပင်စည်ကျေးရွာ မင်းကျောင်းဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး ယာယီဆေးကုသစခန်းဖွင့်လှစ်ကာ ဆေးဝါးများဖြင့် အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ကျေးလက်နေပြည်သူများကို အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ဗိုလ်မှူးကြီးနိုင်ဝင်းဦးဆောင်သော ပါရဂူဆေးကုသရေးအဖွဲ့ဝင်များသည် ရွှေ့လျားခွဲစိတ်ယာဉ်တစ်စီး၊ ရွှေ့လျားဓာတ်မှန်ရိုက်ယာဉ်တစ်စီး၊ ရွှေ့လျားဓာတ်ခွဲခန်းယာဉ်တစ်စီးနှင့် အထောက်အကူပြုယာဉ်များနှင့်အတူ ညောင်ဦးမြို့နယ် တောင်ဇင်းအုပ်စုရှိ ဒေသခံပြည်သူများနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခဲ့သည်။

ယင်းအဖွဲ့မှ ဆေးဝါးများဖြင့် ဆေးကုသမှုများဆောင်ရွက်ပေးခဲ့ပြီး ဇူလိုင် ၁၃ ရက်မှ ဇူလိုင် ၁၅ ရက်ထိ ဆေးကုသသူလူနာပေါင်း ၁၆၂၈ ဦးခန့် ဆေးကုသမှုပေးခဲ့ပြီး ယင်းကဲ့သို့ဆေးကုသပေးရာ၌ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သောလူနာများကိုလည်း ရောဂါများစစ်ဆေးပေး၍ မိတ္ထီလာစစ်ဆေးရုံသို့ လူနာတင်ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဇူလိုင် ၁၂ ရက်မှ ၁၈ ရက်ထိ ဆေးဝါးများဖြင့် အခမဲ့ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

# မယ်ဥတောင်ပေါ်တွင် သာသနာပြုဘုရားတည်ခြင်းများ ပြုလုပ် နောင်တစ်ချိန်တွင် ဘုရားဖူးများဖြင့် စည်ကားသည့် တောင်တစ်တောင် ဖြစ်လာနိုင်



**မန္တလေး ဇူလိုင် ၂၀**

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် အဓိကလုပ်ငန်းကြီးလေးရပ်ဖြင့် ဆောင်ရွက်လျက်ရှိသောနေရာများတွင် မယ်ဥတောင်တော်လည်းပါဝင်သည်။ မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ မယ်ဥတောင်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ စနစ်တကျ ထိန်းသိမ်းထားသည်။ မယ်ဥတောင်ကြိုးပြင်ကာကွယ်တောအနေဖြင့် ဧရိယာ ၁၆၂၆ ဒသမ ၂၄ ဧကရှိသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် မယ်ဥတောင်ကြိုးပြင်ကာကွယ်တောအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်များ စားကျက်ချခြင်း၊ မြေကိုတူးဆွခြင်း၊ ခုတ်ထွင်ခြင်းရှင်းလင်းခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း၊ ရေတွင်အဆိပ်ခပ်ခြင်း၊ ဓာတုဗေဒပစ္စည်းသို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း၊ တိရစ္ဆာန်များဖမ်းဆီးခြင်း၊ အမဲလိုက်ပစ်ခတ်ခြင်း၊ မီးမွေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်များထားရှိခြင်းတို့ မပြုလုပ်ရန် သစ်တောဦးစီးဌာနမှ သတိပေးတားမြစ်ကာ ထိန်းသိမ်းမှုကို ဂရုတစိုက်ပြုလုပ်ထားသည်။

မယ်ဥတောင်ပေါ်တွင် ရသေ့ကြီးဦးခန္တီပြုပြင်သာသနာပြုခဲ့သည့် စေတီလည်းရှိသည်။ အခြားစေတီငယ်များစွာလည်းရှိသည်။ ထူးခြားသောနေရာအဖြစ် ချပ်ကြားဟုခေါ်သည့်သရဖီပန်းများစွာပေါက်နေသည့်နေရာလည်း ရှိသည်။ ယခုအခါ တောင်ပေါ်တွင် ဉာဏ်တော်အတောင်နှစ်ဆယ်ရှိ ဓာတ်ပေါင်းစုကမ္ဘာလုံးစေတီတော်သစ် တည်ထားကာ စိန်ဖူးတော် ထီးတော်တင်ပြီး ကြည်ညိုဖွယ် ဖူးတွေ့နိုင်ပြီဖြစ်သည်။ အခြားစေတီငယ်များကိုလည်း ထပ်မံပြုပြင်သလို မယ်ဥတောင်သာသနာပြုလုပ်ငန်းများကို စဉ်ဆက်မပြတ် ပြုလုပ်မည်ဟုလည်း သိရသည်။

လက်ရှိကာလတွင် တောင်ပေါ်သို့ဘုရားဖူးလာသူများကို သာသနာပြုရင်းနေထိုင်သည့် ယာယီအဆောက်အအုံ အရိပ်မိုးကာ ဧည့်ခံကျွေးမွေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။ မယ်ဥတောင်တွင် ထင်ရှားသောပွဲအဖြစ် ပန်းကောက်ပွဲများ ပြုလုပ်သည့်ဓလေ့များရှိပြီး စိတ်ဝင်စားဖွယ်ရာ ကိုးကွယ်ယုံကြည်မှုဇာတ်လမ်းများနှင့် တောင်တစ်တောင်ပင်ဖြစ်သည်။

လက်ရှိကာလ မယ်ဥတောင်တွင် ကိုရင်မောင်နတ်ရုပ်နှင့်တကွ နတ်စင်၊ မရွှေဥနတ်နန်းနှင့် ရုပ်ပုံ၊ မင်းကြီး မင်းလေးပုံ၊ အာရုံခံတိုက်နှင့် ရုပ်ပွားတော်များ၊ စောင်းတန်းလှေကား၊ စေတီငယ်များ၊ သခင်မမရွှေဥနှင့် အဖော်များ ဘုရားဖူးနေဟန်ပုံများနှင့် ကိုးခန်းပတ်လည် သံတန်ဆောင်းနန်းနှင့် အခြားလေ့လာစရာ စိတ်ဝင်စားဖွယ်ရာ သရဖီပင်များဝန်းရံပေါက်ရောက်သည့် ချပ်ကြားရှိကျားဂူရှိပြီး တောင်ပေါ်စေတီများမှသည် လှပသောမန္တလေးရှုခင်း၊ ရှမ်းတောင်တန်းရှုခင်းတို့ကို ကြည့်ရှုရာတောင်တော်တစ်ခုပင်ဖြစ်သည်။ တောင်တက်ကားလမ်းများ ပြုပြင်ပေးထားခြင်း၊ သာသနာပြုလုပ်ငန်းများလုပ်ကိုင်ခြင်းများကြောင့် နောင်တစ်ချိန်တွင် ဘုရားဖူးသွားရာတောင်တစ်တောင် ဖြစ်လာနိုင်ကြောင်း နယ်ခံတစ်ဦးကပြောသည်။

**တိမ်တမန်**

# ကော့သောင်း Mobile Team အဖွဲ့ပညာပေးကာလ လုပ်ငန်းများစဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ



**ကော့သောင်း ဇူလိုင် ၂၀**

ကုန်သွယ်ရေးစခန်း (ကော့သောင်း) Mobile Teamအဖွဲ့သည်နယ်စပ်ဒေသမှတဆင့် တရားမဝင်တင်သွင်းပြီး ပြည်မသို့ တရားမဝင်တင်ပို့မည့် ကုန်ပစ္စည်းများအား တားဆီးကာကွယ်မှု ပညာပေးကာလလုပ်ငန်းအဖြစ် ဇူလိုင် ၁၈ ရက် မွန်းလွဲ ပိုင်းက ကော့သောင်းမြို့အနီး ပင်လယ်ပြင်တစ်ဝိုက်ကုန်တင်ဆောင်၍ ပြည်မသို့ထွက်ခွာမည့် သင်္ဘောများအား စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ Mobile Team အဖွဲ့မှ စားသုံးသူကာကွယ်ရေးနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ မဖြစ်ပေါ်စေရေးနှင့် မြန်မာ-ထိုင်း နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့မှတဆင့် ပြည်တွင်းသို့ ကုန်ပစ္စည်းများ တင်သွင်းထွက်ခွာမည့် သင်္ဘောများသို့ သွားရောက်ကာ တင်ဆောင်ထားသည့် ကုန်ပစ္စည်းများအပေါ် နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများ ပေးသွင်းမှု အထောက်အထားများနှင့် တင်ဆောင်သည့်ကုန်ပစ္စည်း အမျိုးအမည် မှန်ကန်ကိုက်ညီမှု ရှိ-မရှိ၊ ကန့်သတ်တားမြစ်ထားသည့်ကုန်ပစ္စည်းများ တင်ဆောင်ကုန်သွယ်ခြင်းရှိ-မရှိစသည်များအား စစ်ဆေးကြပ်မတ် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

**ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် မိုးကြီး၍ ကားလမ်း၊ ရထားလမ်းများ ရေကျော်

**အင်းတော် ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်း မိုးများအဆက်မပြတ် ရွာသွန်းနေသည့်အတွက် ဇူလိုင် ၁၈ ရက်တွင် ရထားလမ်း၊ ကားလမ်းများ၌ ရေကျော်မှုများ၊ ရေလွှမ်းမိုးမှုများ ရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အင်းတော်မြို့နယ်အတွင်းရှိ နန့်သဲချောင်းရေကျော်၊ ဗုဓလက်ရေကျော်၊ ကွင်းချောင်း ရေကျော်များတွင် ချောင်းရေများစီးဆင်းနေမှု များပြားနေသည့်အတွက် ကားများစောင့်ဆိုင်းနေလျက်ရှိပြီး ဆည်ရွာဘူတာနှင့် မဲဇာဘူတာကြား ရေလွှမ်းမိုးလျက်ရှိသည်။ မန္တလာအစုန်အမြန်ရထားသည် မော်လူးဘူတာတွင် လည်းကောင်း၊ (၅၆) အစုန် အထူးအမြန်ရထားသည် မဲဇာဘူတာတွင်လည်းကောင်း၊ (၃၈) အစုန်ရထားသည် ဆည်ရွာကျေးရွာတွင်လည်းကောင်း ရပ်နားထားကြောင်း သိရသည်။

အင်းတော်မြို့နယ် ဂျုံးဂျုံးဂျကျေးရွာတွင် နံနက်အစောပိုင်း၌ ရေချိန်သုံးပေရှိပြီး ၁၁ နာရီခန့်တွင် လေးပေခွဲမြင့်တက်လာသည်။ ကွင်းချောင်းရေကျပါက ဆက်လက်မြင့်တက်လာနိုင်သည်။ ကျွဲ၊ နွား၊ တိရစ္ဆာန်အားလုံးကို ဘေးလွတ်ရာ ဂျုံးဂျုံးဂျရွာသစ်ကားလမ်းဘေးသို့ ပို့ဆောင်ပြီးဖြစ်သည်။ လူ၊ အိမ်ထိခိုက်မှုမရှိသော်လည်း စိုက်ဧက ၂၀ ခန့် ပျက်စီးလျက်ရှိကြောင်းနှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ကျရာဒေသများအလိုက် သွားရောက်၍ ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပြည်သူနှင့် မြို့နယ်စည်ပင်သာယာပူးပေါင်း၍ ကွန်ကရစ်လမ်းခင်းမည်

**ပန်းတနော် ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူလူထုပူးပေါင်းကာ ပန်းတနော်မြို့ အလယ်ပိုင်းရပ်ကွက် ဘုရင့်နောင်လမ်းမကြီး အပိုင်း (၂) နှင့် ပန်းတနော်မြို့ အနောက်ပိုင်းရပ်ကွက် စိတ္တသုခလမ်းတို့အား ဩဂုတ်လနောက်ဆုံးထား၍ အဆင့်မြင့်ကွန်ကရစ်လမ်းများ ခင်းကျင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းများတွင် ဘုရင့်နောင်လမ်းမကြီး အပိုင်း (၂) မှာ လမ်းအရှည် ၈၉၁ ပေ၊ အကျယ် ၂၅ ပေ၊ ထု ၆ လက်မရှိ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၅၂ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၁၅၀ ဖြင့်လည်းကောင်း၊ စိတ္တသုခလမ်းမှာ လမ်းအရှည်ပေ ၈၇၀၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မရှိ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ကျပ် ၈၅ ဒသမ ၅၉သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၈ ဒသမ ၉ သိန်းဖြင့်လည်းကောင်း အဆင့်မြင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် လမ်းအရည်အသွေးကောင်းမွန်ရန်နှင့် အချိန်မီပြီးစီးနိုင်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသိန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်ခိုင်တို့က လမ်းဖြစ်မြောက်ရေးကော်မတီများနှင့်ပူးပေါင်း၍ လုပ်ငန်းသုံးပစ္စည်းများအား ယခုဇူလိုင်လ အတွင်း စုဆောင်းနေပြီဖြစ်ကြောင်း သိရသည်။

**(၁၆၆)**

# ထားဝယ်ဒေသတွင်း တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**ထားဝယ် ဇူလိုင် ၂၀**

ထားဝယ်ဒေသအတွင်း ပထမဆုံးအကြိမ်ကျင်းပသည့် ထားဝယ်ဒေသတွင်း တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၇ ရက် ညနေပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်းတွင် ကျင်းပရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးနှင့် တက္ကသိုလ်အသီးသီးမှ တာဝန်ခံပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ထားဝယ်ဒေသတွင်း တက္ကသိုလ်ပေါင်းစုံနောက်ဆုံးဗိုလ်လုပွဲအဖြစ် ထားဝယ်တက္ကသိုလ်အသင်းနှင့် နည်းပညာတက္ကသိုလ်(ထားဝယ်) တို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေဖြစ်ပြီး ပယ်နယ်တီဖြင့် အဆုံးအဖြတ်ကန်ကြရာ နည်းပညာတက္ကသိုလ်(ထားဝယ်) က သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေး ဝန်ကြီး ဦးအောင်ကျော်ကျော်ဦးက ပထမဆုရ နည်းပညာတက္ကသိုလ် (ထားဝယ်) အသင်းအားဆုဖလားကိုချီးမြှင့်ပြီး ထားဝယ်တက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဘဟန်၊ ဒုတိယပါမောက္ခချုပ်၊ နည်းပညာတက္ကသိုလ် (ထားဝယ်) ကျောင်းအုပ်ကြီး၊ ကွန်ပျူတာတက္ကသိုလ် (ထားဝယ်) ကျောင်းအုပ်ကြီးတို့က တစ်ဦးချင်းဆုနှင့် ငွေသားဆုချီးမြှင့်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြိုင်ပွဲပထမဆုရအသင်းအား ဆုငွေကျပ်တစ်သိန်း၊ ဒုတိယဆုရအသင်းအားဆုငွေကျပ် ခုနစ်သောင်း ချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါ ကျင်းပပြီးစီးသည့် ထားဝယ်ဒေသတွင်း တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲမှ လက်ရွေးစင် အားကစားသမားများရွေးချယ်ကာ ထားဝယ်ဒေသတက္ကသိုလ်ပေါင်းစုံ ဘောလုံးအသင်းဖွဲ့စည်းကာ ဇုန်အလိုက် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

- ကျန်းမာရေးဆောင်းပါး -

# လေ့ကျင့်ခန်း လွန်ကဲစွာလုပ်ခြင်း၏ ဘေးထွက်ဆိုးကျိုးများ

**ခ** တင်ထက်ထက်ဇော်

လေ့ကျင့်ခန်းလုပ်ခြင်းဟာ ကျန်းမာရေးအတွက် များစွာအကျိုးရှိတယ်ဆိုပေမယ့် တန်ဆေးလွန်ဘေးဆိုသည့်အတိုင်း နည်းစနစ်ကျကျနှင့် မိမိခန္ဓာကိုယ်အတွက် သင့်တော်မည့်အတိုင်းအတာထိသာ ပြုလုပ်သင့်ပါတယ်။ လူတစ်ယောက်နှင့်တစ်ယောက်ဟာ ခန္ဓာကိုယ်ဖွဲ့စည်းပုံချင်းမတူညီကြသလို ကိုယ်ခံစွမ်းအားနှင့် သက်လုံကောင်းမှုတို့ဟာလည်း ကွဲပြားခြားနားပါတယ်။ ဒါ့ပြင် အိပ်ချိန်နည်းတဲ့လူတစ်ယောက်ဟာ အိပ်ချိန်ရှစ်နာရီရှိတဲ့ လူတစ်ယောက်နဲ့ တူညီတဲ့လေ့ကျင့်ခန်းမျိုး မလုပ်သင့်သလို မိမိဘဝနေထိုင်မှုနှင့်တကွ ဇီဝကမ္မဖြစ်စဉ်နဲ့ကိုက်ညီတဲ့ လေ့ကျင့်ခန်းမျိုးကိုသာ ပြုလုပ်သင့်ပါတယ်။

အားကစားခန်းမတွေ၊ Fitness Centre တွေကို တကူးတကသွားလုပ်မှသာ လေ့ကျင့်ခန်းလုပ်တယ်လို့ မယူဆသင့်ပါဘူး။ ဥပမာ-ခါတ်လှေကား၊ စက်လှေကားတွေမစီးဘဲ လှေကားထစ်ကိုသာသုံး၍ အတက်အဆင်းပြုလုပ်ခြင်း၊ ဘတ်စ်ကားသုံးမှတ်တိုင်လောက်ကြိုဆင်း၍ လမ်းဆင်းလျှောက်ခြင်း၊ အိမ်မှုကိစ္စတွေလုပ်တဲ့အခါမှာ ခပ်သွက်သွက်လုပ်ကိုင်ခြင်း စတဲ့နိစ္စဓူဝလှုပ်ရှားမှုတွေကို လေ့ကျင့်ခန်းဆန်ဆန် လုပ်လို့ရပါတယ်။ ဒါ့ပြင် အားကစားစက်ပစ္စည်းအကူအညီမပါဘဲ ထိုင်ထလုပ်ခြင်း၊ အိပ်ထမတင်လုပ်ခြင်း၊ ရေကူးခြင်း၊ ခပ်သွက်သွက်လမ်းလျှောက်ခြင်း၊ ပြေးခြင်း စတာတွေကလည်း ကောင်းမွန်ထိရောက်တဲ့ လေ့ကျင့်ခန်းတွေပဲဖြစ်ပါတယ်။

အထူးအရေးကြီးသည့်အချက်မှာ ထမင်းစားပြီးနောက်နှစ်နာရီမှ သုံးနာရီလောက်ခြားပြီးမှသာ လေ့ကျင့်ခန်းလုပ်ပါ။ သို့မဟုတ်ပါက အစာမကျေခြင်း၊ အူသိမ်ခြင်း၊ အူခေါက်ခြင်းတွေဖြစ်နိုင်လို့ပါပဲ။ ကိုယ်အလေးချိန်လျှော့ကျဖို့အတွက်ဆိုရင် ဖြည်းဖြည်းမှန်မှန် လေ့ကျင့်ခန်းကိုသာ ပြုလုပ်ပါ။ အကယ်၍ အားသွန်ခွန်စိုက်ပြုလုပ်မိတဲ့အခါ ခန္ဓာကိုယ်ရဲ့ အားအင်ကုန်ခမ်းပြီး ဆာလောင်ခြင်းကို ဖြစ်ပေါ်စေနိုင်တာကြောင့် ပင်ပန်းပြီး အကျိုးမရှိနိုင်တော့ပါဘူး။ ကိုယ်ကာယလှုပ်မှုလေ့ကျင့်ခန်းများ၊ ဝိတ်မလေ့ကျင့်ခန်းများဟာလည်း နည်းစနစ်မမှန်ပါက ခုတ်ရာတခြား ရှရာတခြားဖြစ်စေနိုင်တာကြောင့် တတ်သိနားလည်တဲ့ Trainer (လေ့ကျင့်ပေးသူ) နှင့် တိုင်ပင်၍လုပ်ပါ။ မိမိမှာ သွေးတိုးရောဂါရှိနေတာကြောင့် လေ့ကျင့်ခန်းမလုပ်သင့်ဘူးဟု မယူဆသင့်ပါဘူး။ သွေးတိုးရောဂါအနည်းငယ် သို့မဟုတ် ပြင်းထန်စွာခံစားနေရသူများအနေဖြင့် နှလုံးနှင့် ခန္ဓာကိုယ်ကြံ့ခိုင်မှု လေ့ကျင့်ခန်းနှစ်မျိုးစလုံးကိုတွဲ လုပ်ပေးရမှာဖြစ်သလို၊ ယောဂကျင့်ခြင်းနှင့် တရားထိုင်ခြင်းတို့ကလည်း သွေးတိုးရောဂါအတွက် အလွန်အသုံးဝင်တာကြောင့် နေ့စဉ် ၁၀ မိနစ်မျှ တရားထိုင်ပေးသင့်တယ်လို့ ပညာရှင်များက လမ်းညွှန်ထားပါတယ်။

လေ့ကျင့်ခန်းပြုလုပ်ရာတွင် အရေးကြီးဆုံးအချက်မှာ ပိုမိုအဆင့်မြင့်လာစေရန်အတွက် ဖြည်းဖြည်းနှင့်မှန်မှန် လုပ်ဆောင်ပေးရပါမယ်။ လေ့ကျင့်ခန်းမလုပ်မီ သွေးပူအောင်ပြုလုပ်ခြင်း၊ လေ့ကျင့်ခန်းပြုနေစဉ် ထွက်သက်ဝင်သက်ကို စည်းချက်ညီညီ အသက်ရှူခြင်း၊ လုပ်နေစဉ်နှင့် လုပ်ပြီးနောက်မှာ အကြောလျှော့ပေးခြင်းတို့ပြုလုပ်ပေးပါ။ လေ့ကျင့်ခန်းလုပ်နေစဉ်မှာ တစ်ကိုယ်လုံးကျန်းမာရေးအတွက် ခန္ဓာကိုယ်ကအချက်ပြမှုကို စောင့်ကြည့်ပေးဖို့လိုအပ်ပြီး အသက်ရှူရခက်ခဲခြင်း၊ သို့မဟုတ် မူးဝေခြင်း၊ သို့မဟုတ် ရင်ဘတ်နာကျင်ခြင်း၊ သို့မဟုတ် ဖိအားရှိနေပါက လေ့ကျင့်ခန်းလုပ်နေမှုကို ချက်ချင်းရပ်လိုက်ပါ။

ပုံမှန်အားဖြင့် ရေဆာနေချိန်မှာ ရေသောက်လိုက်ခြင်းက သွေးထဲတွင် ဆားဓာတ်လျော့ကျသည့် အခြေအနေကို မဖြစ်စေနိုင်သော်လည်း လေ့ကျင့်ခန်းပြင်းပြင်းလုပ်နေစဉ်မှာ အားကစားသမားများဟာ ရေဓာတ်ဖြည့်တင်းသည့်အနေဖြင့် ရေ သို့မဟုတ် အရည် သို့မဟုတ် အားဖြည့်အချိုရည်များကို အလွန်အကျွံသောက်သုံးမိပါက EAH (ခေါ်) ဆိုဒီယမ်လျော့ကျမှုပြဿနာကို ဖြစ်စေနိုင်ကြောင်း၊ ဤကဲ့သို့ ခန္ဓာကိုယ်တွင်း ဆားပမာဏလျော့ကျသွားမှုကြောင့် ကနဦးဖြစ်ပေါ်လာနိုင်သည့် မပြင်းထန်သောရောဂါများမှာ စဉ်းစားရခက်ခြင်း၊ မူးမော်ခြင်း၊ ခေါင်းကိုက်ခြင်းတို့ဖြစ်ပြီး ပြင်းထန်ပါက လေဖြတ်ခြင်း၊ အာရုံရှုပ်ထွေးခြင်း၊ မေ့မျောသွားခြင်းတို့ဖြစ်နိုင်ကြောင်း၊ ဒါကြောင့် အားကစားသမားတစ်ဦး ယင်းအခြေအနေ ခံစားနေရပြီဟု နည်းပြများနှင့် လူကြီးမိဘများက သံသယရှိပါက ရေသောက်ခြင်းကို ချက်ချင်းရပ်တန့်ခိုင်းရန်အရေးကြီးကြောင်း၊ ပြီးနောက်ဆေးဘက်ဆိုင်ရာ အကူအညီရယူသင့်ကြောင်းတို့ကို နိုင်ငံတကာလမ်းညွှန်ချက်အသစ်တစ်ခုအဖြစ် ဗာဂျီးနီးယားတက္ကသိုလ်မှ ကျောက်ကပ်အထူးကု ဒေါက်တာမစ်ချဲလ်ရိုဆနာဦးဆောင်သော နိုင်ငံပေါင်းလေးနိုင်ငံမှ ဆေးဖက်ဆိုင်ရာကျွမ်းကျင်သူ ၁၆ ဦးတို့က အကြံပြုပြောကြားထားပါတယ်။

လေ့ကျင့်ခန်းအပြောင်းအလဲလုပ်ခြင်းကြောင့် ကိုယ်လက်နာကျင်ကိုက်ခဲမှုတွေ ဖြစ်လာလေ့ရှိသော်လည်း တစ်ပတ်ထက်ပို၍ နာကျင်မှုရှိလာပါက Trainer (လေ့ကျင့်ပေးသူ) နှင့်တိုင်ပင်ပါ၊ ဆရာဝန်နှင့်ကုသပါ။ လိုအပ်သည်ထက်ပို၍ Over training ဖြစ်ရင် နေမကောင်းဖြစ်နိုင်သလို နှလုံးကိုထိခိုက်ပြီး အဆစ်တွေနာကျင်ကိုက်ခဲတာမျိုးလည်း ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒါ့ပြင် လေ့ကျင့်ခန်းလွန်ကဲစွာလုပ်ခြင်း၏ ဘေးထွက်ဆိုးကျိုးများအဖြစ် အောက်ပါဝေဒနာများကို ခံစားရနိုင်မည်ဖြစ်၍ သတိပြုဆင်ခြင်သင့်ကြောင်း အကြံပြုလိုက်ရပါတယ်။

**(၁) ထိခိုက်အနာတရ ဖြစ်စေပါတယ်**

သင့်ပတ်ဝန်းကျင်မှာ လေ့ကျင့်ခန်းပြင်းပြင်းထန်ထန်လုပ်သူတွေကို မြင်ဖူးကြမှာပါ။ ထိုကဲ့သို့ ပြုလုပ်ခြင်းက ကာလတိုအတွင်း ကိုယ်ရည်စစ်သွားတာမို့ ထိရောက်မှုရှိတယ်လို့ ထင်ကောင်းထင်နေကြပါလိမ့်မယ်။ တနေ့တစ်ရက်လောက် ပြင်းပြင်းထန်ထန်လေ့ကျင့်ခဲ့ပြီး နောက်နေ့တွေမှာ ပုံမှန်အတိုင်းပြုကျင့်ခြင်းက ကျန်းမာရေးအတွက် ပြဿနာကြီးကြီးမားမား ဖြစ်မလာစေနိုင်သော်လည်း၊ နေ့စဉ်ရက်ဆက်ပြုမူခြင်းက အချိန်ကာလကြာလာတာနဲ့အမျှ ကြွက်သားတွေ ရောင်ရမ်းနာကျင်လာစေပါတော့တယ်။ ဒါ့ပြင် အရိုးများကိုဆက်နွယ်ထားတဲ့ အရွတ်ပြားတွေကို ဒဏ်ဖြစ်စေကာ ဒူးနာ၊ ခါးနာခြင်းနဲ့ အရိုးပါး၍ ကြွတ်ဆတ်လာစေနိုင်တာကြောင့် ထိုသို့သော နောက်ဆက်တွဲဘေးထွက်ဆိုးကျိုးတွေ မဖြစ်ရအောင် မိမိခံနိုင်ရည်ရှိသလောက်သာ လေ့ကျင့်ပါ။

**(၂) ကြွက်သားတွေ လျော့ရဲသွားစေပါတယ်**

အထူးသဖြင့် ပိန်ချင်လွန်းသူများက လေ့ကျင့်ခန်းပြင်းပြင်းများ နေ့စဉ်လုပ်ရင်း၊ အစားကိုပါလျှော့စားကြတဲ့အခါ ခန္ဓာကိုယ်အတွက် အာဟာရချို့တဲ့သွားပြီးတော့ ကျန်းမာရေးကို ဘက်ပေါင်းစုံထိခိုက်လာစေပါတယ်။ ကြွက်သားတွေပျော့တွဲကျလာတာကြောင့် အရွယ်မတိုင်ခင် အိုစာသွားစေပါတယ်။

**(၃) ကိုယ်ခံစွမ်းအားကို ထိခိုက်စေပါတယ်**

မိမိခံနိုင်ရည်ပမာဏထက်ပိုကာ လွန်လွန်ကြူးကြူး လေ့ကျင့်ခန်းပြုလုပ်ခြင်းက ကိုယ်ခံစွမ်းအားကို လျော့နည်းသွားစေတာကြောင့် အအေးမိ၊ တုပ်ကွေးစတဲ့ အပရိကရာသီဖျားနာ ကူးစက်ရောဂါတွေကိုတောင် ခံနိုင်ရည်မရှိတော့ပါဘူး။

**(၄) ခံတွင်းပျက်လာစေပါတယ်**

ခန္ဓာကိုယ်အလေးချိန်(ဝိတ်)ချသူတွေက လေ့ကျင့်ခန်းအပြင်းအထန်လုပ်ရင်း bulimia(ခေါ်)ဗိုက်ဆာ၍ အစားအစာများကို စားသောက်ကြပြီးနောက်မှာတော့ ကိုယ်အလေးချိန်တိုးလာမှာစိုးတာကြောင့် အန်ထုတ်တဲ့နည်းကို တစ်လှည့်စီပြုကျင့်ကြတာမို့ နောက်ဆုံးမှာ ဘာစားစား အရသာမရှိတော့ဘဲ ခံတွင်းပျက်သွားကြပါတယ်။ ဘေးထွက်ဆိုးကျိုးများအဖြစ် မူးဝေအော့အန်ခြင်း၊ သွား၊ သွားဖုံးနာရောဂါများနဲ့ အစာအိမ်အက်ဆစ်အထွက်များပြီး အစာအိမ်နာရောဂါတို့ပါ စွဲကပ်လာနိုင်ပါတယ်။

**(၅) အအိပ်ပျက်စေပါတယ်**

လေ့ကျင့်ခန်း ပြင်းထန်စွာပြုလုပ်ခြင်းကြောင့် ပင်ပန်းအားယုတ်လာကာ လုပ်ငန်းခွင်မှာအာရုံစူးစိုက်မှုတွေ လျော့နည်းသွားပြီး စိတ်ဖိစီးမှုများဖြစ်လာကာ ကောင်းစွာမအိပ်စက်နိုင်တော့ပါဘူး။ အိမ်ထောင်ရှင်များအဖို့ လိင်ပိုင်းဆိုင်ရာ စိတ်ဝင်စားမှုလျော့နဲသွားတာကြောင့် အိမ်ထောင်ရေးအခြေအနေကို ထိခိုက်လာစေပါတယ်။

**(၆) ရာသီထိန်သွားတတ်ပါတယ်**

ဥပမာအားဖြင့် အမျိုးသမီးအားကစားသမား(အများစု)ဟာ ပြင်းထန်စွာလေ့ကျင့်ခန်းယူရခြင်းကြောင့် အရွယ်မတိုင်မီ အရိုးပွလာတတ်ပြီး ဓမ္မတာရာသီသွေးဆင်းခြင်း ပုံမှန်မဖြစ်နိုင်တော့ပါဘူး။ တချို့ဆို စောစောစီးစီး (လုံးဝ) ရာသီထိန် သွေးဆုံးသွားကြပါတယ်။ (တခြားဘေးထွက်ဆိုးကျိုးများအနေဖြင့် အမျိုးသမီးများ သားအိမ်ကျစေတတ်သလို အမျိုးသားများမှာ အူကျရောဂါဖြစ်လာစေပါတယ်။)

အသက်ကိုဉာဏ်စောင့်ဆိုသော ဆိုရိုးစကားနဲ့ အညီ လှချင်လွန်းလို့ (သို့) ကျန်းမာရေးလိုက်စားလို့ (သို့) ဝါသနာပါလွန်းလို့ (သို့) အားကစားနည်းဖြင့် အသက်မွေးဝမ်းကျောင်းနေရသူမို့ စတဲ့အကြောင်းအမျိုးမျိုးကြောင့် လေ့ကျင့်ခန်းလုပ်တဲ့အခါ တတ် သိနားလည်သူ (လေ့ကျင့်ပေးသူ) နဲ့ ဆွေးနွေးတိုင်ပင်ကာ မိမိခံနိုင်ရည်ရှိရုံမျှသာ ပြုကျင့်ကြပါရန် တိုက်တွန်းလိုက်ရပါတယ်။

(မှီငြမ်း-Useful Info and Health Tips)





## ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**မြို့သစ် ဇူလိုင် ၂၀**

မကွေးခရိုင် မြို့သစ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်နေ့အခမ်းအနားကို မြို့သစ်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့သစ်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး အငြိမ်းစားပညာရေးမှူး ဦးကျော်ဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်အုံးမြတို့က တက်ရောက်လာကြသော ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ဆွေးနွေးမှုများပြုလုပ်ကာ ကလေးများအတွက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် အောင်ချက်မြင့်မားစေရန်ရည်ရွယ်ပြီး မိဘဆရာ ပူးပေါင်းဆောင်ရွက်ကာ ပညာရေးကဏ္ဍမြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

သဘာပတိဖြစ်သော အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်စိုးက ၂၀၁၄ -၂၀၁၅ အမှုဆောင်အဖွဲ့ဖျက်သိမ်းခြင်းနှင့် ၂၀၁၅-၂၀၁၆ အမှုဆောင်အဖွဲ့အသစ်ရွေးချယ်ခြင်းများကို တက်ရောက်လာသောမိဘပြည်သူများ၏ သဘောထားရယူကာ အသစ်ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။

**ဇော်ဇော်(မြို့သစ်)**

# ဇူလိုင် ၁၉ ရက်နေ့တွင် ကျရောက်သော (၆၈) နှစ်မြောက် အာဇာနည်နေ့တွင် ဒေသအလိုက် အာဇာနည်နေ့အထိမ်းအမှတ် အခမ်းအနားများပြုလုပ်ခဲ့ကြ



မိုင်းဆတ်မြို့တွင် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် လှူဖွယ်ဝတ္ထုနှင့် ဆွမ်းဆက်ကပ်လှူဒါန်းပွဲ ပြုလုပ်၍ ကုသိုလ်ပြုစဉ်။

### မိုင်းဆတ်မြို့

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့ သီရိရတနာခန်းမ၌ ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီက (၆၈) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် လှူဖွယ်ဝတ္ထုပစ္စည်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်းပွဲကျင်းပရာ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် နိုင်ငံရေးပါတီဝင်များ တက်ရောက်သည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြသူများက မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌ ပရဟိတကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဒ္ဒပဏ္ဍိတထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းမြတ်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ သဗ္ဗညုကျောင်းတိုက် စာချဆရာတော် ဘဒ္ဒန္တရေဝတက ရေစက်ချအနုမောဒနာတရား မြွက်ကြားချီးမြှင့်တော်မူခဲ့သည်။

ယင်းနောက် ဆရာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပြီး အခမ်းအနားတက်ရောက်လာကြသူများအား ဆီချက်ခေါက်ဆွဲဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ကံမမြို့

သရက်ခရိုင် ကံမမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၉ ရက် တွင်ကျရောက်သော ၆၈ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို နံနက် ၇ နာရီက ကျင်းပပြုလုပ်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ အမှုဆောင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များတက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ကျဆုံးလေပြီးသောဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ဆရာတော် သံဃာတော်များအား ဆွမ်းခဲဖွယ်နှင့် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီးနောက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ပြန်/ဆက်)**

### ကျောင်းကုန်းမြို့

(၆၈) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးဝင်းရှိန်က ဗိုလ်ချုပ်အောင်ဆန်း၏ အကျင့်စရိုက်၊ စိတ်နေစိတ်ထားတို့ကို ပြောကြားခဲ့သည်။ ယင်းနောက် အာဇာနည်နေ့အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

### မြန်အောင်မြို့

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ရှိ လူမှုရေး




အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် မြန်အောင်မြို့ရှိ ဗိုလ်ချုပ်ကြေးရုပ်ရှေ့တွင် ဒေသခံများ လွမ်းသူ့ပန်းခွေချရန်စောင့်နေစဉ်။

အသင်းအဖွဲ့ ၉ ဖွဲ့မှ (၆၈) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် မြန်အောင်မြို့ ရုံပွဲလမ်းရှိ ဗိုလ်ချုပ်မွေးနေ့နှစ်တစ်ရာပြည့်အထိမ်းအမှတ် ကြေးရုပ်တုတွင် စုပေါင်း၍ လွမ်းသူ့ပန်းခွေချခြင်းအခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီ ၂၀ မိနစ်တွင် စတင်ကျင်းပခဲ့ကြောင်း သိရသည်။

လူမှုရေးအသင်းအဖွဲ့များဖြစ်ကြသော အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဝံသာနုရက္ခိတအဖွဲ့၊ ဒေသပိုင်မီးသတ်အဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ နာရေးကူညီမှုအသင်း၊ မေတ္တာရှင်သွေးလှူအဖွဲ့၊ ပါရမီအရေးပေါ်လူနာတင်ယာဉ်နှင့် လူမှုကူညီရေးအဖွဲ့၊ All-100( တန်ဖိုးနည်းဟင်းလျာ) အဖွဲ့နှင့် ရွှေစိတ်ရှင်လူမှုကူညီရေးအသင်းတို့မှ အဖွဲ့ဝင်များသည် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချအလေးပြုခြင်း၊ တစ်မိနစ်ငြိမ်၍ ဂါရဝပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

လွမ်းသူ့ပန်းခွေချ အလေးပြုခြင်းအစီအစဉ်များကို ဆောင်ရွက်ခဲ့ကြပြီးနောက် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် ဒေသပိုင်မီးသတ်အဖွဲ့၏ ဒေသပိုင်မီးသတ်ကား၊ မေတ္တာရှင်သွေးလှူအဖွဲ့ပိုင် အရေးပေါ်ကယ်ဆယ်ရေးယာဉ်နှင့် ပါရမီလူမှုကူညီရေးအဖွဲ့မှ အရေးပေါ်လူနာတင်ယာဉ်တို့ဖြင့် ဥသြဆွဲကာ အလေးပြုခဲ့ကြသည်။

**နေဝင်းဇော်(မြန်အောင်)**

### ကျုံပျော်မြို့

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ရှိ အာဇာနည်ကျောက်တိုင်၌ ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် လွမ်းသူ့ပန်းခွေချအလေးပြုခြင်းတို့ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO အဖွဲ့များ၊ ပါတီအသီးသီးမှ ကိုယ်စားလှယ်များနှင့် တက်ရောက်လာသောပြည်သူများက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေဝင်းမြင့်(မြို့နယ်ပြန်/ဆက်)**

### ပေါင်မြို့

(၆၈) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီက ပေါင်မြို့အာဇာနည် ကျောက်တိုင်အတွင်း၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ပြည်သူများတက်ရောက်၍ အာဇာနည်ကျောက်တိုင်တွင် လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

အခမ်းအနားအပြီးတွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**ခင်မောင်ဝေ(ပေါင်)**

### သထုံမြို့

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ် အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်း၌ အာဇာနည်နေ့အခမ်းအနားကို ဇူလိုင်လ ၁၉ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ဂုဏ်ပြုပန်းခွေချ အလေးပြုခဲ့ကြသည်။ ယင်းအခမ်းအနားသို့ သုဝဏ္ဏဝတီမြို့ အုပ်ချုပ်ရေးမှူး စောပြည့်စုံနှင့် တာဝန်ရှိသူများဦးဆောင်၍ ဒေသခံလူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ စုံညီစွာတက်ရောက်အလေးပြုခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

### သရက်မြို့

မကွေးတိုင်းဒေသကြီး သရက်မြို့၌ (၆၈)နှစ်မြောက် အာဇာနည်နေ့ ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၆ နာရီက ရွှေဘုံသာဘုန်းတော်ကြီးကျောင်းတိုက်၌ကျင်းပရာ တက်ရောက်လာသည့် ဧည့်ပရိသတ်များက သံဃာတော်အရှင်သူမြတ်များအား ကြိကာသကန်တော့ချီးဖြင့် ကန်တော့၍ ဘိုကုန်းကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြသည်။

ယင်းနောက် သံဃာတော်အရှင်သူမြတ်များမှ ပရိတ်တရားတော်နား ရွတ်ပွားချီးမြှင့်ပြီး တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား ဆွမ်း၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းခဲ့ကြသည်။ ယင်းနောက် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များအားရည်စူး၍ လှူဒါန်းမှုအစုစုအား ရေစက်ချအမျှပေးဝေ၍ သာဓုအနုအမောဒနာခေါ်ယူခဲ့ကြပြီး ဆရာတော်သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

### ရေးမြို့

(၆၈)နှစ်မြောက်အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ဆရာတော်များအား နံနက်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ရေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်ပြီး နံနက် ၈ နာရီတွင် အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် လွမ်းသူ့ပန်းခွေချခြင်းကို ရန်မျိုးအောင်ရပ်ကွက်ရှိ အာဇာနည်ကျောက်တိုင်ရှေ့တွင် ဆောင်ရွက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

### လားရှိုးမြို့

ဇူလိုင် ၁၉ ရက်တွင်ကျရောက်သော (၆၈) နှစ်မြောက် အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းဆွတ်အောက်မေ့သတိတရ ဂုဏ်ပြုအလေးပြုနှင့် လွမ်းသူ့ပန်းခွေချအခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီခွဲက လားရှိုးမြို့ အာဇာနည်ကြီးများအမှတ်တရ ကျောက်တိုင်ကွင်းတွင် ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားများ၊ မီဒီယာများတက်ရောက်အလေးပြုခဲ့ကြသည်။

**ဟန်ဌေး(လားရှိုးခရိုင်ပြန် /ဆက်)**



လားရှိုးမြို့ရှိ အာဇာနည်ကြီးများအမှတ်တရကျောက်တိုင်ကွင်းတွင် အာဇာနည်နေ့အထိမ်းအမှတ် လွမ်းသူ့ပန်းခွေချစဉ်။

# "ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့် အထူးကျေးဇူးတင်လွှာ"

4-7-2015 (စနေနေ့) တွင် ကျင်းပပြီးစီးခဲ့သော Pearson Qualification International ၏ ထူးချွန်ဆုချီးမြှင့်ပွဲနှင့် ဒီပလိုမာ ပေးအပ်ပွဲတွင် Nay Lin Aung Finance & Accountancy Academy မှ LCCI (UK) စာမေးပွဲများတွင် ကမ္ဘာနှင့် မြန်မာထူးချွန်ဆု (World & Country Medallion Awards) (၁၇)ဆု ဆွတ်ခူးရရှိခဲ့သူ ထူးချွန် ကျောင်းသား/သူများ Scholarship ရရှိသူ ကျောင်းသား/သူများနှင့် Third Level Diploma ရရှိသူ (၄၁၀)တို့အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် စီစဉ်ကျင်းပပေးပြီး ဆုများချီးမြှင့်ပေးပါသော PQI ၏ Regional Director Mr. Simon Young နှင့် Country Director Ng Boon Teen, ဆရာဦးကျော်ထင်(Commercial Manager-Myanmar) Pearson Qualifications International (LCCI & EDEXCEL)၊ British Council မှ Director Mr. Kevin Mackenzie ၊ Exam Services Manager ဒေါ်အိအိမွန်နှင့် အဖွဲ့သားများအားလုံးကို Nay Lin Aung Finance & Accountancy Academy မိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။



NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY



## အထူးသတင်းကောင်း

ဦးနှောက်နှင့် အာရုံကြောအထူးကုဆရာဝန်ကြီးသည် ရန်ကုန်မြို့သို့ ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ၂၅ရက် (စနေနေ့)တွင် လာရောက်မည်ဖြစ်ပါသည်။ ဦးနှောက်အကျိတ်အဖုရှိခြင်း၊ လေဖြန်းခြင်း၊ လေဖြတ်ခြင်း၊ အာရုံကြောအားနည်းခြင်း၊ ဦးနှောက်နှင့်အာရုံကြောဝေဒနာများကို **"အခမဲ့"** လာရောက် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။ လူဦးရေ ကန့်သတ်ထားပါသည်။

**Zaw Maung Medical Services**
**Ph:01-527930, 09-5154047, 09-73191864, 09-799682058, 09-795367296, 09-976508432**



iStock® ကုန်ပစ္စည်းထိန်းကွပ်မှုဆော့ဖ်ဝဲ

- ကုန်ရောင်း/ကုန်ဝယ်စာရင်း
- ငွေစာရင်း
- ကုန်လက်ကျန်စာရင်း
- ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
- အကြွေးစာရင်း
- လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း

Contact Us ...
YGN 09-43029798, 09-43064181, 09-252424002
MDY 09-43200283, 09-257333214
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm



ဗုဒ္ဓံ ဓမ္မံ သံဃံ

## ကိုမောင်မောင်နှင့်ညီများ

**သံထည်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးနှင့်စက်မှုလက်မှုလုပ်ငန်း**

အမှတ်(၉၊ ၁၀)၊ ဈေးတန်းလမ်းမကြီး၊ အမှတ်(၃)စက်မှုဇုန်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။
ဖုန်း-၀၁-၅၉၀၈၂၆၊ ၈၁၀၀၁၈၄၊ ၀၉-၇၃၀၄၃၈၂၆၊ ဖက်(စ်)-၈၁၀၀၆၉၄

## (ဝန်ထမ်းအမြန်အလိုရှိသည်)

| | | |
|---|---|---|
| ၁။ စာရင်းကိုင်ကျွမ်းကျင်(အတွေ့အကြုံရှိသူ) | (အခြေခံလစာ -150000/-) | မ(၂)ဦး |
| ၂။ လက်ထောက်စာရင်းကိုင်(အလုပ်သင်) | (အခြေခံလစာ -120000/-) | မ(၁)ဦး |
| ၃။ အရောင်းဝန်ထမ်းကျွမ်းကျင်(အတွေ့အကြုံရှိသူ) | (အခြေခံလစာ -150000/-) | မ(၂)ဦး |
| ၄။ အရောင်းဝန်ထမ်း(အလုပ်သင်) | (အခြေခံလစာ -120000/-) | မ(၁)ဦး |

-[OTကြေး+ရက်ပိုကြေး+တစ်နှစ်(နှစ်ကြိမ်)Bonus သီးခြားရမည်]
-(အလုပ်ချိန် နံနက် ၈နာရီမှ ညနေ ၆နာရီအထိ)
-တစ်လ ခွင့်(၄)ရက်ပေးမည်။ နယ်ခရီးထွက်ရန် မလိုပါ။

**လမ်းညွှန်**-တောင်ဒဂုံ KBZ Bank အနီး၊ တောင်ဒဂုံ ကညနရုံး အနောက်ခြမ်း။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်ဖောင်၊ ရပ်ကွက်ထောက်ခံစာ၊ ဘွဲ့လက်မှတ်မူရင်း၊ တစ်လအတွင်း ရိုက်ကူးထားသောဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းတို့နှင့်အတူ အထက်ပါ လိပ်စာသို့ **လူကိုယ်တိုင်** အမြန်ဆုံး လာရောက် လျှောက်ထားနိုင်ပါသည်။

**မှတ်ချက်။** ။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်း နေထိုင်သူများသာ လျှောက်ထားရန် ဖြစ်ပါသည်။



FAME
အရိုးများကြံ့ခိုင်သန်မာဖို့အတွက်
Osteomax®
TMR 011384 (0615)
၂/၂၀၁၂ တဆထလ/တိုး(ဝ၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified




FAME
အဆစ်အမျက် အားဖြည့်ဖို့အတွက်
Arthrotec®
TMR 011382 (0615)
၂/၂၀၁၂ တဆထလ/တိုး(ဝ၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified



ဆောက်လုပ်ရေးလုပ်ငန်းရှင်များအတွက်
Multi Stories Car Parking System များနှင့် အမြင့်တက် Platform List များ



စက်ရုံအလုပ်ရုံများနှင့် ကုန်လှောင်ရုံများအတွက်
Warehouse lift များ၊ Yard Ramp များနှင့် Dock Leveler များ



အထူးလျှော့ဈေး

Aung Thein Than CO.,Ltd.
No.64, Baho Road, Sanchaung Twonship, Yangon.
Tel: +951 508036,527074,534346,02 76469,067 27029 Fax : 527203
www.aungtheinthanmyanmar.com

Hot Line
09 799488777
09 798222399


သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

ကြော်ငြာ



# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နေပြည်တော်ရှိ ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးတွင်

မြန်မာနိုင်ငံ၏ **ပထမဆုံးသော**

3 Tesla MRI (Magnetic Resonance Imaging)

စက်အသစ်ကြီးအား တပ်ဆင်ပြီးမြောက်၍

လူနာများအားစတင်စမ်းသပ်စစ်ဆေး ကုသပေးနေသည့်အတွက်

အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

SNOW EVEREST

SNOW EVEREST CO.,LTD.

PHILIPS

---

NELC

" Don't worry, just speak! "

Nelson English Language Centre

www.nelc-centres.com nelchocentre1@gmail.com

nelcyankin

Myaynigone 01 523680 Sanchaung 01 501947

Yankin 01 8550727~8 BoAungKyaw 01 256516~7




---

Virgin Land

Ph : 01-8610252, 09-5123793, 09-261027002

---

Trumpet Travels & Tours

: Pa(3) Padonmar Street, Sanchaung Township, Yangon.

: 01 532250, 09 250021676, 09-5182767,09 43089536

35000Ks/-

"ဒုတိယထိဆိုလပ်ပြည့်နေ့ ရွှေစကြာပွဲတော် (၃၁)ရက်နေ့"

(3 Hotel)

website : www.mytravelmyanmar.com/ Facebook: www.facebook.com/trumpettravels

---

## သန်းဒွေးနှင့်ရောင်းရင်းများ

- ကျိုက်ထီးရိုး/ချောင်းသာ (အင်္ဂါ၊ သောကြာ)
- ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ (ခွယ်တော်လေးရူ)၊ ပစ္စူရ။ (၃)ရက်
- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ .................... (၃)ရက်
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကဲ့လုံ၊ ထမ်စမ်း (၃)ရက်
- ရွှေဘို၊ ဟန်လင်းကြီး၊ (ပျူမြို့ဟောင်း)၊ အင်းဝ ..... (၃)ရက်
- ဖော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲကမ်းခြေ၊ ဘွားလတ်တောင်
- ဇင်းကျိုက်ရေတံခွန်၊ ဘွားလဘွဲ့တောင်၊ မဲလံဆံတော်ရှင်
- ပြည်အကောက်တောင်၊ နဂါးရစ်ဆရာတော်ဖူး ခရီးစဉ်
- မဲလံဆံတော်ရှင်၊ ကျိုက်ထီးဆောင်း၊ ကေလာသဆံတော်ရှင်
- နေပြည်တော်၊ ပုဒ္ဓဂယာ၊ ဆာဟာရီ၊ ရေပန်းဥယျာဉ်၊ လွှတ်တော်
- ဇလွန် ပြည်တော်ပြန်၊ စနုပြူ ကျိုက္ကာလွန်မွန်း ခရီးစဉ်
- တောင်ပြုံးမင်းနှစ်ပါးပွဲတော်နှင့် ချိုးရေတော်သုံးပွဲ (၂၃/ ၂၄-၈- ၂၀၁၅)

July 17,18, 19, 24,30 Aug 7,14 21,23,24 28

နေ့ချင်းပြန် ခရီးစဉ် ဝနေ တနင်္ဂနွေ

ပင်ရင်း–၄၂၄၊ ရွှေဘုံသာလမ်း(အထက်) 01-380141, 01-241863, 09-43043109, 09-73251422

---

ဒီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

---

## ချောင်းဆိုးရင်ကျပ်ရောဂါများအတွက် အထူးကောင်းမွန်သော



ချောင်းဆိုးရင်ကျပ်သောက်ဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် – TMR008014(0115)

တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်အမှတ် – ၁/ ၂၀၁၃၊ တဆတလ/တိုး(ဝ၄၁၃)

ကြော်ငြာခွင့်ပြုချက်အမှတ် – တဆဝက (စာနယ်ဇင်း) ၁၀၀/၁၀၁၃

အမှတ် ၉၉၊ မာလာမြိုင် (၃)လမ်း၊ (၁၆) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

:01-522356, :09-73012063

---

ပညာရေးဝန်ကြီးဌာန

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်

Certificate in Advertising သင်တန်း အမှတ်စဉ် (၁)

သင်တန်းလျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် Sagaing Innovation Group (SIG) Co., Ltd. တို့ပူးပေါင်း၍ Certificate in Advertising သင်တန်း အမှတ်စဉ် (၁) ကိုဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ အဆိုပါသင်တန်းသို့ အနိမ့်ဆုံးပညာအရည်အချင်းအဖြစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။

၂။ သင်တန်းကာလ (၆) လကြာမြင့်ပြီး ၂၀၁၅ ခုနှစ် ဩဂုတ်လ ( ၁၅ ) ရက်နေ့တွင် စတင် ဖွင့်လှစ်မည် ဖြစ်ပါသည်။

၃။ ဂျပန်နိုင်ငံ Hakuhodo ကုမ္ပဏီနှင့် နိုင်ငံတကာ သင်ရိုးညွှန်းတမ်းများကို အခြေခံ၍ စာတွေ့ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ပြီး၊ ပြင်ပ ပညာရှင်များ၊ ဂျပန်နိုင်ငံ Hakuhodo Advertising Compnay မှ ကျွမ်းကျင် ပညာရှင်များမှလည်း အခါအားလျော်စွာ လာရောက်ပို့ချသွားမည်ဖြစ်ပါသည်။

၄။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma in Advertising သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ရှိမည်ဖြစ်ပြီး၊ Diploma သင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် ဂျပန်နိုင်ငံသို့ လက်တွေ့လုပ်ငန်းခွင် သွားရောက်လေ့လာခွင့် ရရှိနိုင်မည်ဖြစ်ပါသည်။

၅။ ပညာအရည်အချင်း အထောက်အထား မူရင်းနှင့် မိတ္တူ၊ နစ်စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း နှင့် မိတ္တူ နစ်စုံ၊ ၆ လအတွင်းရိုက်ကူးထားသော ကာလာလိုင်စင် ဓါတ်ပုံ (၄) ပုံနှင့်အတူ တင်ပြ လျှောက်ထား နိုင်ပါသည်။

**(လူဦးရေ ကန့်သတ်ထားပါဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်)**

အသေးစိတ်သိရှိလိုပါက- SIGသင်တန်းရုံးခန်း၊ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် (လေးထပ်စာသင်ဆောင်)၊ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့။

ဖုန်း - ၀၉ ၄၃၀၈၈ ၄၄၃၃၊ ၀၉ ၄၃၀၈၈ ၄၄၅၅

# ရေနံ့သာ ခင်မောင်ထွေး ဖောင်ဒေးရှင်း
## YAY NANT THAR KHIN MAUNG HTWE FOUNDATION



ရေနံ့သာခင်မောင်ထွေး ဖောင်ဒေးရှင်းမှ (၂၀၁၄ - ၂၀၁၅) တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာအောင်မြင်ပြီး တက္ကသိုလ်ပညာဆက်လက်သင်ကြားရန် ငွေကြေးအခက်အခဲရှိသူ ကျောင်းသား (ငါးဦး) အား ဘွဲ့ရသည်အထိ ပညာသင် ထောက်ပံ့ကြေးကို ပေးအပ်မည်ဖြစ်ပါသဖြင့်မြန်မာနိုင်ငံတစ်ဝန်းမှ ပညာသင်ထောက်ပံ့ကြေးရယူလိုသူများ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

၁။ တက္ကသိုလ်ဝင်တန်းအောင်မှတ် (၅၀၀) နှင့်အထက် ရရှိသူဖြစ်ရမည်။
၂။ မိခင်(သို့)ဖခင် မရှိသူနှင့် မိဘနှစ်ပါးစလုံးမရှိသူများကို ဦးစားပေးရွေးချယ်ပါမည်။
၃။ ကျေးလက်တောရွာတွင် နေထိုင်သူကို ဦးစားပေးရွေးချယ်မည်။
၄။ ကိုယ်တိုင်ရေးလျှောက်လွှာ(၁)စောင်၊ ဆက်သွယ်ရန် လိပ်စာနှင့် ဖုန်းနံပါတ်၊ အမှတ်စာရင်း မိတ္တူပူးတွဲတင်ပြရမည်။
၅။ မိမိနေထိုင်သောအိမ်ရှေ့တွင် ရိုက်ကူးထားသော မတ်ရပ်ဓါတ်ပုံ(၁)၊ ပတ်စ်ပို့ဓါတ်ပုံ(၁)ပုံ၊ လျှောက်လွှာနှင့် ပူးတွဲတင်ပြရမည်။
၆။ မိမိရပ်ကွက် ကျေးရွာအတွင်းရှိ ရ.ယ.က (သို့) ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှ ဆရာတော်တစ်ပါး၏ ဆင်းရဲနွမ်းပါးကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်ပါရမည်။
၇။ တက္ကသိုလ်ပညာ ဆက်လက်သင်ကြားရန် မိမိတွင် အမှန်တကယ် ငွေကြေးအခက်အခဲဖြစ်ပေါ်နေကြောင်း နှင့် အနာဂတ် ရည်မှန်းချက်များကို A4 (၂)မျက်နှာခန့် ပြည်စုံကျနစွာ မိမိကိုယ်တိုင်ရေးသား၍ လျှောက်လွှာနှင့်ပူးတွဲတင်ပြရမည်။
၈။ လျှောက်လွှာများကို ၂၇.၇.၂၀၁၅ နောက်ဆုံးထား၍ မှတ်ပုံတင်စာဖြင့် အမှတ်(၂၉/ဘီ) မြေညီထပ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ရှိ ရေနံ့သာထရေးဒင်း ကုမ္ပဏီရုံးခန်းသို့ ပေးပို့ရမည်။ ၎င်းရက် ကျော်လွန်ပါက လက်ခံစဉ်းစားမည် မဟုတ်ပါ။
၉။ လျှောက်လွှာရှင်များထဲမှ ပဏာမရွေးချယ်သူများကို ၃၁.၇.၂၀၁၅ နေ့တွင် ကြေးမုံသတင်းစာ၌ ထည့်သွင်းကြေညာပေးမည် ဖြစ်ပါသဖြင့် လျှောက်လွှာများကို အမြန်ဆုံး ပေးပို့ကြစေလိုပါသည်။

**ရေနံ့သာ ခင်မောင်ထွေး ဖောင်ဒေးရှင်း**
အမှတ်(၂၉/ဘီ) မြေညီထပ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၈၆၀၄၀၆၄၊ ၀၁-၄၀၁၅၁၈၊ ၀၉-၂၆၁၄၄၇၀၂၉


CHINDWIN COLLEGE
ချင်းတွင်းကောလိပ်မှ တစ်ဆင့် ရယူနိုင်မည့် နိုင်ငံတကာ ပညာရေး အခွင့်အလမ်းများအား ဆွေးနွေးမည့် **Chindwin Education Seminar**
PEARSON

- တက္ကသိုလ် ဝင်တန်း အောင်မြင်ပြီးသူများအတွက် နိုင်ငံတကာ ပညာရေး အခွင့်အလမ်းများ
- တက္ကသိုလ် ဝင်တန်း ကျရှုံးသူများအတွက် နိုင်ငံတကာ ပညာရေး အခွင့်အလမ်းများ
- မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်း အသိအမှတ်ပြု BETC in Engineering
- ကုန်သည်ကြီးများ အသင်း အသိအမှတ်ပြု BTEC in Business
- ချင်းတွင်းကောလိပ် လုပ်ငန်းခွင် အဆင်သင့်ဖြစ်မှုအသားပေး သင်ကြားလေ့ကျင့်မှု ပုံစံ
- ချင်းတွင်း ကောလိပ်မှ တစ်ဆင့် ရယူနိုင်သော သာလွန်သည့် အလုပ်အကိုင် အခွင့်အလမ်းများ
- ချင်းတွင်း ကောလိပ်မှ တစ်ဆင့် တက်လှမ်းနိုင်သော နိုင်ငံတကာ တက္ကသိုလ်များ
- လက်ရှိ ချင်းတွင်း ကျောင်းသားများ၊ လုပ်ငန်းခွင်မှ ချင်းတွင်းကျောင်းသားများနှင့် အတွေ့အကြုံ ဖလှယ်ခြင်း

နေ့ရက် - ၂၂ ဇူလိုင်လ ၂၀၁၅
အချိန် - နံနက် ၁၀ နာရီ မှ ၁၂ နာရီအထိ
နေရာ - Sule Shangri-La (Ballroom)

ကြိုတင်စာရင်းပေးသွင်းနိုင်ရန် ☎ ၀၁ ၂၉၈၁၃၇၊ ၂၉၇၆၇၃

KMD Education Services
ISO
# Practical A+ Advance သင်တန်း
- Computer နှင့် ပတ်သက်သော အခြေခံအကြောင်းအရာများနှင့် ပြုပြင်ထိန်းသိမ်းခြင်းနည်းလမ်းများ
- Network နှင့် ပတ်သက်၍ အခြေခံအချက်အလက်များသိရှိပြီး လက်တွေ့ကွန်ရက်ချိတ်ဆက်ခြင်း၊ Network Cabling နှင့် Indoor Wireless Device များတပ်ဆင်အသုံးပြုခြင်းများကို ထည့်သွင်းသင်ကြားပေးမည်ဖြစ်သည်။



Open in July

၁၇၄-၁၈၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၃၈၁၀၃၅၊ ၃၉၁၂၈၆၊ ၃၉၁၂၈၇၊ ၃၈၁၇၇၄။

Since 1996 Home
Raining Season Special!!
Kitchen Cabinet
မီးဖိုခန်း အသုံးအဆောင်
BUY One

4ft Upper Cabinet ဈေးနှုန်း 1xx,xxx Ks
GET Free
One Coffee Shelf

လက်ဆောင်
** Selected Items Only

Package Promotion!!
READY MADE FLOOR

ပါကေးအစားထိုး ကြမ်းခင်း Promotion
** Selected Items Only (Stock Limited အတွင်းသာ)

ရန်ကုန်
အမှတ် F. 2~8 ပထမထပ်၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း (ဝ.ဆ.ပ.လ ရှေ့)၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း - 09 730 84 840 , 09 730 84 841

မန္တလေး
အမှတ် (471)၊ 82 လမ်း ( 34 လမ်း နှင့် 35 လမ်းကြား )
မန္တလေး။
ဖုန်း - 09 3311 6626 , 09 3322 6636

နေပြည်တော်
အမှတ် (1237)၊ ဇော်ဂျီလမ်း၊ မင်္ဂလာဦး ရပ်ကွက်၊ ပုဗ္ဗသီရိ၊ နေပြည်တော်။
ဖုန်း - 09 730 84 844 , 09 795900 146

မော်လမြိုင်
အမှတ် (33) ဖြို့ ရှောင် လမ်းမကြီး၊ မြေနီကုန်းရပ်ကွက်၊ မြေနီကုန်း အဝေးပြေး ကားဝင်းအနီး၊ မော်လမြိုင်မြို့။
ဖုန်း - 09 79 58 999 80 , 09 79 58 999 81


ou & avm u wn l r z o bm 0 awm aw xe; or; p

## ကြော်ငြာ

**ရွှေဘုန်းပြည့် Travel & Tour**

**ဩစတြေးလျ(ပုဂ္ဂိုလ်စွမ်းဆောင်ရှင်ပွဲ)(၈ရက်) 1290usd**

**ဗန်ကောက်(၆ရက်)560usd * ဗန်ကောက်(၃ရက်) 180usd**

**မလေးရှား(၃ရက်) 390usd * စင်ကာပူ(၄ရက်) 850usd**

**ဗီယက်နမ်(၄ရက်) 850usd * ထိုင်းနိုင်ငံ(၄ရက်)750usd**

**ပုဒ္ဓဂယာ(၈ရက်)ခရီး/(၁၅ရက်)ခရီး(မြို့တင်စာရင်းပေးသွင်းနိုင်ပါပြီ)**

အမှတ်(၈၄/၁)သံသုမာလမ်း၊တောင်ဥက္ကလာ။

09-73060048, 09-5036505,09-421014616

မွေး ယစ် ကင်း စင် အ လှ ဆင်

**မျိုးမြတ်သူ** A/C Express မန္တလေးဘုရားဖူး စံစက်ကိုင်းအင်း၀

24 July 7:30(pm) ကျောက်စိမ်းဘုရား မန္တလေးနန်းတော်သာ ... စား(ငြိမ်း) 35000

30.7 ပုပ္ပါး ပုဂံ ပဒုက္ကူ ပင်းမြို့ ... 43500

09 254058712, 31568500

**ဝန်ထမ်းအလိုရှိသည်**

၁။ ရန်ကုန်မြို့တွင်ယာဉ်မောင်း
ကျွမ်းကျင် ကျား(၂)ဦး

၂။ Marketing ဝန်ထမ်း
မ (၂)ဦး

၃။ စတိုစာရင်းကိုင်စရိတ်ငြိမ်း
မ (၂)ဦး

နံနက်၁၀နာရီမှညနေ၅နာရီအတွင်းဆက်သွယ်ရန်

ဖုန်း-၀၉-၇၈၈၃၉၄၈၉၉

**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

**GLOBAL PHOENIX** REAL ESTATE

မြင်ဆင်ပြီး ကွန်ဒိုအခန်း၊
လုံးချင်းအိမ်များကို ငှားရမ်းလိုသော
နိုင်ငံခြားသားစည့်သည်များ
ရှိနေပါသည်။ Global Phoenix သို့
ပိုင်ရှင်များ အမြန်ဆက်သွယ်ပေးပါ။

09 - 260 2600 29 / 59

**ကနောင်အသင်း(ရန်ကုန်)၏**


**(၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့်နေ့ဆွမ်းကပ်လှူပွဲဖိတ်ကြားခြင်း**

ကနောင်အသင်း(ရန်ကုန်)သည် ဆုထူးပန်ပရိယတ္တိကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုစိတ္တ(မဟာဂန္ထဝါစကပဏ္ဍိတ)ကို အမှူးထား၍ (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ကျောင်းရှိသံဃာတော်အပါး(၂၃၀)ကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ အသင်းသားများအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းသည့် အခမ်းအနားကို (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း၁၀ရက်) ၂၆-၇-၂၀၁၅(တနင်္ဂနွေနေ့) နံနက်(၁၀)နာရီတွင် အမှတ်(၁၅) နတ်မောက်ရိပ်သာလမ်း၊ ဆုထူးပန်ကျောင်းတိုက်၊ တာမွေမြို့နယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်မိသားစုများ မပျက်မကွက် တက်ရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-**

| | |
|---|---|
| (၁) ဗိုလ်ကြီးမြင့်အေး(ငြိမ်း)နာယက | ဖုန်း-၀၉-၇၈၅၃၃၃၅၈၈ |
| (၂)ဦးတင်ဝင်း(ဥက္ကဋ္ဌ) | ဖုန်း-၀၉-၅၀၁၅၀၄၉ |
| (၃)ဦးအောင်ထွန်းကြည်(ဒု-ဥက္ကဋ္ဌ) | ဖုန်း-၀၉-၂၅၄၃၈၀၄၂၈ |
| (၄)ဦးချစ်ထွေး(အတွင်းရေးမှူး) | ဖုန်း-၀၉-၄၂၀၀၈၄၆၀၅ |

အလုပ်အမှုဆောင်အဖွဲ့






Hot Line No-0930500100

# အိန္ဒိယနိုင်ငံတွင် ပြစ်ဒဏ်ကျခံပြီး မြန်မာရေလုပ်သားများအား မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ရန် ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  ဇူလိုင်  ၂၀**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပနိုင်ငံများတွင် လူကုန်ကူးမှုခံရသော နိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံရပြီး လွတ်မြောက်လာသော နိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်း၍ အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိသည်။

ထိုသို့စီစဉ်ဆောင်ရွက်ပေးခဲ့ရာတွင် အင်ဒိုနီးရှားနိုင်ငံ ဘန်ဂျီနာကျွန်း၌ လူကုန်ကူးခံရပြီး ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)မှ ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၁၅ခုနှစ်၊ မေ ၁၄ ရက်က မြန်မာနိုင်ငံသား ၁၂၅ ဦး၊ မေ ၁၇ ရက်က ၁၂၈ ဦး၊ မေ ၂၈ ရက်က ၁၂၉ ဦးနှင့် ဇွန်လ ၁၀ ရက်က ၁၃၂ ဦး စုစုပေါင်း မြန်မာနိုင်ငံသား ၅၁၄ ဦးကို အပြည်ပြည်ဆိုင်ရာမြန်မာ လေကြောင်း အထူးလေယာဉ်ဖြင့် အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်း လေဆိပ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ပြီး ၎င်းတို့၏ နေရပ်အရောက် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

# ရေကြီးရေလျှံမှုကြောင့် ရထားလမ်းပိတ်ဆို့မှုတွင်ပါဝင်သည့်ခရီးသည်များ အဆင်ပြေစေရန် မြန်မာ့မီးရထားက စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  ဇူလိုင်  ၂၀**

ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကိုးထောင်ဘို့-ကောလင်း၊ ဘုံချောင်း-မဲဇာ၊ မဲဇာ-ဆန်ရွာ ရထားလမ်းပိုင်းများတွင် ရေကြီးရေလျှံ၍ ရထားလမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့ရာ ဇူလိုင် ၁၈ ရက်က ချပ်သင်း-ကျွန်းလှ-ကိုးထောင်ဘို့နှင့် ထန်းတပင်သို့ ရောက်ရှိနေသော အမြန်ရထားနှင့် စာပို့ရထားခြောက်စင်းမှ ခရီးသည်များအား ရွှေဘိုမှတစ်ဆင့် မန္တလေးသို့ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာ့မီးရထားက စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် မြန်မာ့မီးရထားက အဆိုပါခရီးစဉ်အတွက် မန္တလေးဘူတာတွင် ရောင်းချပြီးသော ရထားလက်မှတ်များကို လက်မှတ်ဖိုးငွေ ပြန်အမ်းခြင်း၊ ရထားထွက်မည့်နေ့တွင် မူလလက်မှတ် ပြန်လည်တင်ပြပါက ထိုလက်မှတ်ဖြင့် ပြန်လည်စီးနင်းနိုင်ရေးတို့ကို ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ဆည်ရွာ-နဘား-မော်လူးတို့တွင် ရောက်ရှိနေသော အမြန်ရထားနှင့် စာပို့ရထားလေးစင်းကိုလည်း မြစ်ကြီးနားသို့ ပြန်လည်ပို့ဆောင်ပေးပြီး လက်မှတ်ခ ပြန်အမ်းခြင်း၊ အဆိုပါလက်မှတ်ဖြင့် ရထားပြန်လည်စီးနင်းနိုင်ရေးတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် မန္တလေးနှင့် မြစ်ကြီးနားသို့ ရွှေ့ပြောင်း၍ မရနိုင်ဘဲ ရေကြီးရေလျှံမှုကြောင့် လမ်းတွင်ရပ်တန့်နေသည့် မဲဇာဘူတာရှိ အမှတ်(၅၆)အစုန်ရထားမှ ခရီးသည် ၅၅၂ ဦး၊ ကောလင်းဘူတာရှိ အမှတ်(၄၂)နှင့် (၅၈)အစုန် ရထားနှစ်စင်းတို့မှ ခရီးသည် ၅၈၆ ဦး၊ ကိုးထောင်ဘို့ဘူတာရှိ အမှတ်(၃၄)နှင့်(၃၈)အစုန် အမြန်ရထားနှစ်စင်းမှ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳





ရေကြီးရေလျှံမှုများဖြစ်ပွားရာဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို တွေ့ရစဉ်။

## ယနေ့ မာတိကာ


ထိန်းကျောင်းမှုစွမ်းရည်မြှင့်တင် စာမျက်နှာ - ၂

အမှန်သိစေချင်ပါသည် စာမျက်နှာ - ၆

ဘိန်းအစားထိုးမွေးမြူရေးလုပ်ငန်း ဖော်ဆောင်သင့် စာမျက်နှာ - ၂၀


themirror.npt@gmail.com
www.facebook.com/themirrordaily

